ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

The Government of the Republic of the Union of Myanmar
Ministry of Education

# ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်

# Teacher Competency Standards Framework (TCSF)

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ

အဆင့်မြင့်ပညာဦးစီးဌာန
Department of Higher Education

# ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်

## Teacher Competency Standards Framework (TCSF)

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ

# မာတိကာ


**၁။ အခြေခံအကြောင်းအရင်း** ........ ၁

**၂။ ဥပဒေပါအကြောင်းအရာများ** ........ ၃

**၃။ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်** ........ ၅

အဓိကအခြေခံသဘောတရားများ ........ ၅

ရည်ရွယ်ချက်နှင့် အသုံးပြုမှု ........ ၇

ရေးသားပြုစုရေးလုပ်ငန်းစဉ် ........ ၉

**၄။ အညွှန်းဘောင်ဖွဲ့စည်းပုံ** ........ ၁၁

ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် တတ်ကျွမ်းမှုများကို သတ်မှတ်ဖော်ထုတ်ခြင်း ........ ၁၁

အခြေခံပညာကဏ္ဍ ဆရာများအားလုံးအတွက် လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုး တိုးတက်မှုနှင့်သက်ဆိုင်သည့်အဓိက အချက်အလက်အကြောင်းအရာများ ........ ၁၅

ပညာသင်ကြားရေးအဆင့်များ ........ ၂၁

ဆရာများကိုသုံးသပ်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းများတွင် အသုံးချခြင်း ........ ၂၅

**၅။ ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ** ........ ၂၇

ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည် သဘောပေါက်မှု ........ ၂၇

ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ ........ ၃၁

ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ ........ ၃၅

ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်မှု ........ ၃၇

**၆။ ပညာရေးဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်** ........ ၄၁

**၇။ ကျမ်းကိုးစာရင်း** ........ ၄၉

**၈။ နောက်ဆက်တွဲများ** ........

ပညာရေးအဆင့်အလိုက်ဆရာတတ်ကျွမ်းမှုဆိုင်ရာစံသတ်မှတ်ချက်များ ........ ၅၃

**နောက်ဆက်တွဲ(၁)** ........

သူငယ်တန်းပြဆရာများ – လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့် ........ ၅၃

ပညာရပ်နယ်ပယ်(က)ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု ........ ၅၃

ပညာရပ်နယ်ပယ်(ခ)ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့်လက်တွေ့ကျင့်သုံးမှုများ ........ ၆၁

ပညာရပ်နယ်ပယ်(ဂ)ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ ........ ၇၁

ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု ........ ၇၅

**နောက်ဆက်တွဲ(၂)**

မူလတန်းပြဆရာများ – လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့် ........ ၇၉

ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု ........ ၇၉

ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ ........ ၈၉

ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့်သဘောထားခံယူချက်များ ........ ၉၉

ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု ........ ၁၀၅

**နောက်ဆက်တွဲ(၃)**

အလယ်တန်းပြဆရာများ – လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့် ........ ၁၀၉

ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု ........ ၁၀၉

ပညာရပ်နယ်ပယ်(ခ)ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ ........ ၁၁၉

ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ ........ ၁၂၉

ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု ........ ၁၃၅

**နောက်ဆက်တွဲ(၄)**

အထက်တန်းပြဆရာများ – လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့် ........ ၁၃၉

ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု ........ ၁၃၉

ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ ........ ၁၄၉

ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့်သဘောထားခံယူချက်များ ........ ၁၅၉

ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု ........ ၁၆၅

ပါဝင်ရေးသားသူများ ........ ၁၆၉

## Table of Contents


1. **Rationale** ........ 2
2. Legislative context ........ 4
3. **The Teacher Competency Standards Framework** ........ 6
   - Core principles ........ 6
   - Purpose and use ........ 8
   - Development process ........ 10
4. **Structure of the Framework** ........ 12
   - Defining teachers' professional knowledge and competence ........ 12
   - Descriptive profiles of professional development stages for all basic education teachers ........ 16
   - Stages of schooling ........ 22
   - Use in teacher appraisal and assessment ........ 26
5. **Teacher Competency Standards** ........ 28
   - Domain A: Professional Knowledge and Understanding ........ 28
   - Domain B: Professional Skills and Practices ........ 32
   - Domain C: Professional Values and Dispositions ........ 36
   - Domain D: Professional Growth and Development ........ 38
6. **Glossary** ........ 42
7. **References** ........ 50
8. **Annexes:**
   - Competency Standards by Level of Education ........ 54

**Annex 1:**

Kindergarten Teachers – Beginning Level ........ 54

Domain A: Professional Knowledge and Understanding ........ 54

Domain B: Professional Skills and Practices ........ 62

Domain C: Professional Values and Dispositions ........ 72

Domain D: Professional Growth and Development ........ 76

**Annex 2:**

Primary Teachers – Beginning Level ........ 80

Domain A: Professional Knowledge and Understanding ........ 80

Domain B: Professional Skills and Practices ........ 90

Domain C: Professional Values and Dispositions ........ 100

Domain D: Professional Growth and Development ........ 106

**Annex 3:**

Lower Secondary Teachers – Beginning Level ........ 110

Domain A: Professional Knowledge and Understanding ........ 110

Domain B: Professional Skills and Practices ........ 120

Domain C: Professional Values and Dispositions ........ 130

Domain D: Professional Growth and Development ........ 136

**Annex 4:**

Upper Secondary Teachers – Beginning Level ........ 140

Domain A: Professional Knowledge and Understanding ........ 140

Domain B: Professional Skills and Practices ........ 150

Domain C: Professional Values and Dispositions ........ 160

Domain D: Professional Growth and Development ........ 166

Contributors ........ 170

# ၁။ အခြေခံအကြောင်းအရင်း

## ဆရာသည်သာအခရာ

ပညာရေးဆိုင်ရာရလဒ်များ တိုးတက်မြင့်မားစေရန်ဆောင်ရွက်ရာတွင် ဆရာများသည် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ ဆရာ၊ဆရာမများ၏ သင်ကြားမှုအရည်အချင်းသည် ပညာရေးအရည်အသွေးကို ဆုံးဖြတ်ပေးသကဲ့သို့ ကျောင်းသားများကျောင်းနေမြဲရေး၊ ပညာရေးဆိုင်ရာ ရလဒ်များ ဖွံ့ဖြိုးတိုးတက်ရေးများအတွက်လည်းအလွန်ပင် အရေးပါကြောင်း အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်အထူးအရေးပါသောပြောင်းလဲမှုများကိုစတင်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ခေတ် ကျောင်းသားများအနေဖြင့်လည်း သစ်လွင်ဆန်းသစ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့်သဘောထားခံယူချက်များရရှိရန် လိုအပ်လာပါသည်။ သို့မှသာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော ဒေသတွင်းနိုင်ငံများ၌ တစ်ဦးချင်းအနေဖြင့် လည်းကောင်း မြန်မာနိုင်ငံသားများအဖြစ်လည်းကောင်း၊ ဒေသတွင်းလူမှုအသိုက်အဝန်း၏ အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ပြီး အောင်မြင်မှုများရရှိလာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်း၊ စာသင်နှစ် ဖွဲ့စည်းပုံပြောင်းလဲခြင်း (သူငယ်တန်းမှ(၁၂)တန်းအထိ) တို့ဖြင့် ပညာရေးစနစ်၏ အရည်အသွေးကို မြှင့်တင်နေသည့်အတွက် ဆရာများသည် မှန်ကန်သောတန်ဖိုးထားမှုများ၊ ကျွမ်းကျင်မှုများ၊ အသိပညာများနှင့် ထိရောက်စွာလက်တွေ့ဆောင်ရွက်သူများဖြစ်သည့် အရည်အချင်းပြည့်ဝမှုရှိသော ဆရာများဖြစ်ရန် လိုအပ်လာပါသည်။ ဤရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရန် မြန်မာနိုင်ငံအနေဖြင့် အရည်အချင်းပြည့်ဝအားကောင်းသော ဆရာအတတ်ပညာရေးစနစ် (လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်စဉ်ဆက်မပြတ်ပညာရေး) နှင့်အတူ ထိုစနစ်အား ပံ့ပိုးပေးသည့်အစီအစဉ်များ လိုအပ်လာပါသည်။ ထိုအစီအစဉ်များဖြင့် သင်ကြားမှုလုပ်ငန်းနှင့် ဆက်စပ်သည့် အတတ်ပညာပိုင်းဆိုင်ရာ အသိပညာ၊ နားလည်မှုနှင့် မျှော်မှန်းထားသော ဆရာတစ်ယောက်၏အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများ၊ သင်ကြားရေးလုပ်ငန်းစဉ် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်သည့် ဆရာအတတ်ပညာဆိုင်ရာနှင့် သက်ဆိုင်သော အခြေခံသဘောတရားများကို နားလည်သည့်ဘွဲ့ရများနှင့် အရည်အသွေးပြည့်ဝသောဆရာများကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်သည် အထက်ဖော်ပြပါ လိုအပ်ချက်များကို ဆရာများအတွက် ဖြည့်ဆည်းပေးနိုင်မည့် လမ်းညွှန်တစ်ခုဖြစ်ပြီး ဆရာများသိရှိရန်၊ ဆောင်ရွက်နိုင်ရန်လိုအပ်သည့်အရာများ၊ သင်ကြားရေးလုပ်ငန်းနှင့်ပတ်သက်၍တတ်ကျွမ်းမှုအဆင့်အမျိုးမျိုး၌မည်ကဲ့သို့ကောင်းစွာဆောင်ရွက်နိုင်မည်တို့ကို ပြည့်စုံစွာရှင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုတွင် တိုးတက်မှုများကို အချိန်ကာလအပိုင်းအခြားများအလိုက် တိုင်းတာမှတ်တမ်းတင်နိုင်ရန် စံများကိုသတ်မှတ်ပေးထားပါသည်။ ထိရောက် သော လက်တွေ့ဆောင်ရွက်ချက်များကို အသိအမှတ်ပြုချီးမြှင့်နိုင်ရန် အထောက်အပံ့ပေးသည့် နည်းလမ်းတစ်ခုအနေဖြင့် ဆန်းစစ်သုံးသပ်ချက်များနှင့် အကြံပြုသုံးသပ်ချက်များကို အသေအချာ အသုံးပြုနိုင်ရေးအတွက် ဖြစ်ပါသည်။





# 1. Rationale

## "Saya the tha akaryar" (Teachers do matter)

Teachers have a central role to play in improving educational outcomes. It is recognised that the quality of the teaching workforce determines the quality of education and that it is a significant factor in keeping students in school and in improving student educational outcomes.

Myanmar has commenced a process of significant change. Students of today need to acquire new knowledge, skills, and dispositions to ensure their participation and success as individuals, as members of the community and as citizens of Myanmar within a rapidly developing region.

As Myanmar raises the quality of the education system, through reforms to the basic education curriculum and structure of schooling (Kindergarten to Grade 12), it needs teachers with the right values, skills and knowledge to be effective practitioners. To achieve this objective, Myanmar needs a strong system of teacher education (pre–service and in service continuing), with programmes that provide the theoretical foundations to produce graduates and a quality teacher workforce with the kinds of professional knowledge, understanding and skills associated with the role and duties expected of Myanmar's teachers and the process of teaching.

A teacher competency standards framework provides the guidance to meet this need. It documents clear and concise profiles of what teachers are expected to know and be able to do and how well they do at the different stages of their career. It establishes benchmarks against which progress in professional development can be assessed over time, ensuring that appraisal and feedback are used in a supportive way to recognise and reward effective practice.

## ၂။ ဥပဒေပါအကြောင်းအရာများ

ကောင်းမွန်ထိရောက်၍ အရည်အသွေးရှိသောသင်ကြားခြင်းနှင့်သက်ဆိုင်သည့်ဝိသေသလက္ခဏာများကို ရှင်းလင်းစွာဖော်ပြပြီး၊ ထိုဝိသေသလက္ခဏာများသည် သင်ကြားရေးဝန်းကျင်၊ ဒေသအခြေအနေနှင့် ဆက်စပ်မှုရှိသည့် အကြောင်းအရာများဖြစ်မည်ဆိုပါက သင်ကြားရေးအရည်အသွေးသည် ရေရှည်မြင့်မားတိုးတက်မည်ဖြစ်ပါသည်။ သင်ကြားရေးအရည်အသွေး ရေရှည်မြင့်မားတိုးတက်ရေးကိုရည်ရွယ်၍ ဤဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ကို ရေးဆွဲပြုစုထားပါသည်။ ထိုကဲ့သို့ရေးသားပြုစုရာတွင် မြန်မာနိုင်ငံအမျိုးသားပညာရေးဥပဒေ၌ဖော်ပြထားသည့် အခြေခံသဘောထားများနှင့် အညီဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

**“အမျိုးသားပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

- တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်-----”(အခန်း – ၂)

- “ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ရှိတိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကိုတန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ဆရာများကိုမွေးထုတ်ရမည်” (အခန်း – ၅)

- အမျိုးသားပညာရေးဥပဒေတွင် ဆရာများအားလုံးအရည်အသွေးရှိရန် လိုအပ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ “ဆရာဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်ပညာအရည်အချင်းနှင့် ပြည့်စုံသည့်သင်ကြားပို့ချသူ” ကိုဆိုလိုပါသည်။ အဆိုပါဥပဒေ၌ ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများသည် ဆရာများ၏တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။ ပညာရေးအဆင့်အသီးသီးတွင် ဘာသာရပ်အားလုံးကို သင်ကြားနေသော ဆရာများအကြား မည်သည့်ခွဲခြားခြင်းမျိုးမှ မရှိစေရဟုပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ဆရာများ၏အရည်အသွေး မြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားပါသည်။

- နိုင်ငံ၏လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများအတွက် ပညာရေးသည်အဓိကအခန်း ကဏ္ဍတစ်ခုဖြစ်ကြောင်း အဓိကမူဝါဒဆိုင်ရာ စာတမ်းများတွင် ဖော်ပြထားပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(National Education Strategic Plan – NESP) (၂၀၁၆– ၂၀၂၁)ခုနှစ် တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဆောင်ရွက်ရန်ရှိသော ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍသုံးသပ်မှုလုပ်ငန်းစဉ်ကသတ်မှတ်ဖော်ထုတ်ခဲ့သည့် ဆရာများဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် ဦးစားပေးဆောင်ရွက်ရန်လုပ်ငန်းများကို ဖော်ပြထားပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၏ ဆရာများနှင့်သက်ဆိုင်သည့် အခန်း(၉) တွင် ဖော်ပြထားသော နည်းဗျူဟာများအနက်တစ်ခုမှာ တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်တွင်ဖော်ပြထားသကဲ့သို့ ဆရာအတတ်သင်တန်းအစီအစဉ်များ တက်ရောက်ပြီးဆုံးသောအခါ နောက်ဆုံးရလဒ်တစ်ခုအနေအဖြစ်ရရှိသွားရ မည့် ဆရာများ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တတ်ကျွမ်းမှုများနှင့်အတူ ဆရာများ၏ အရည်အသွေးအာမခံချက်နှင့်စီမံခန့်ခွဲမှုများကို အားကောင်းအောင်ဆောင်ရွက်နိုင်ရေးဖြစ်ကြောင်းဖော်ပြထားပါသည်။





## 2. Legislative context

The quality of teaching is more likely to be sustainably improved if the common characteristics of good, effective or quality teaching are made explicit and relate to the settings and contexts in which teaching takes place. This teacher competency standards framework aims to do exactly this, building from the precepts of Myanmar’s National Education Law, which states:

**“The objectives of national education are as follows:**

- To produce good physically, mentally, morally, socially and psychologically well–developed citizens with critical thinking skills…” (Chapter 2)

- “The Ministry of Education shall produce teachers who value the languages, literature, culture, arts, traditions, and historical heritages of all ethnic groups in the nation and who have the ability to guide the development of all ethnic groups and the modern development of the nation…” (Chapter 5)

- The National Education Law legislates that all teachers need to be qualified: it defines a teacher as an ‘educator who has qualifications for serving at a specified level of education. Under the law, ‘the Ministry and related ministries shall specify the duties and rights of teachers’ and ensure ‘there shall be no discrimination among the teachers in any subjects at each education level.’ They are also listed as responsible for arranging ‘for upgrading teachers’ quality and giving them international exposure.’

- Education has a central role in the nation’s social and economic development as expressed in a number of key policy documents. The National Education Strategic Plan (NESP) (2016–2021) states the priorities for teacher reform as identified by the Comprehensive Education Sector Review (CESR) process undertaken by the Myanmar Government. Under Chapter 9 of the NESP on teachers, one of the strategies is to strengthen teacher quality assurance and management, with an end outcome on teachers’ development of competencies as mentioned in the TCSF after attending teacher–training courses.

၂၀၁၈ ခုနှစ်အတွင်းကလည်း မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကိုရေးဆွဲပြီး စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ကဏ္ဍပေါင်းစုံအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံကိန်းတွင် NESP ၏အခြေခံအချက်အလက်အချို့ကို ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် အညွှန်းကိန်း ၄(ဂ) တွင် ဖော်ပြထားသော အရည်အသွေးပြည့်ဝသည့်ဆရာများ အရေအတွက်တိုးမြှင့်ရေးဆိုင်ရာအညွှန်းကိန်းကို MSDP အညွှန်းဘောင်၏ အညွှန်းကိန်းတစ်ခုအနေဖြင့် အစမ်းသဘောထည့်သွင်းထားပါသည်။ ဆရာများစုဆောင်းခန့်ထားရေး၊ လေ့ကျင့်သင်တန်းပေးရေး၊ ပညာရပ်ဆိုင်ရာစီမံခန့်ခွဲရေး၊ အရည်အသွေး အာမခံချက်များ တိုင်းတာရေး စသည့်အချက်များ၏ အရည်အသွေးကို အားဖြည့်ဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တစ်ခုဖြစ်ပါသည်။

## ၃။ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်

ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်တွင် ထည့်သွင်းစဉ်းစားရမည့် ကောင်းမွန်သောသင်ကြားခြင်းဆိုင်ရာ အရည်အသွေးများ နှင့်လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအစတွင် ဆရာများ၏လက်တွေ့လုပ်ငန်း ဆောင်ရွက်ရာ၌ မျှော်မှန်းထားသည့် အတတ်ပညာဆိုင်ရာအလေ့အထများ ကိုရှင်းလင်းဖော်ပြထားပါသည်။

### အဓိကအခြေခံသဘောတရားများ

**ဤအညွှန်းဘောင်ဆိုင်ရာအခြေခံသဘောတရားများမှာအောက်ပါအတိုင်း ဖြစ်ပါသည်–**

- အညွှန်းဘောင်သည် နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုအခြေခံထားပါသည်။
- သင်ကြားရေးရည်ရွယ်ချက်နှင့် အောင်မြင်သော သင်ကြားသင်ယူမှုတွင် ပါဝင်သောအကြောင်းအရာများနှင့်ပတ်သက်၍ အများ၏ဆန္ဒကို အခြေခံထားပါသည်။
- ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာနှင့် ပညာရေးလူမှုဗေဒဆိုင်ရာ ရှင်းလင်းစွာ ဖော်ပြထားသော အချက်အလက်များကို အခြေခံထားပါသည်။
- ဆရာအတတ်ပညာ လုပ်ငန်းပိုင်းဆိုင်ရာ ရှုထောင့်များအားလုံးကို ထည့်သွင်းစဉ်းစား ထားပါသည်။
- မိမိကိုယ်ကိုလေ့လာသုံးသပ်အကဲဖြတ်ခြင်းနှင့် အရည်အချင်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို အလေးထားပါသည်။
- အမျိုးသားသင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် ဖော်ပြထားသည့် အခြေခံပညာသင်ယူမှုရလဒ်များနှင့် လိုက်လျောညီထွေရှိစေရန်ဆောင်ရွက်ထားပါသည်။
- တည်ငြိမ်ခြင်း၊တာရှည်စွာလက်ခံနိုင်ခြင်း၊ပြုပြင်ရန်လွယ်ကူခြင်းစသည့်အဓိကအရည်အသွေးများပါဝင်ပါသည်။





During 2018, the Myanmar Sustainable Development Plan (MSDP) was launched by the Myanmar Government, incorporating some of the elements of the NESP in one plan for national development across sectors. The SDG 4.c indicator for increasing the number of qualified teachers is tentatively included as an indicator in the MSDP framework, with an action plan to strengthen the quality of teacher recruitment, training, academic administration and quality assurance measures at all levels and in all forms.

## 3. The Teacher Competency Standards Framework

This document, Myanmar's Teacher Competency Standards Framework (TCSF), describes what are considered the key attributes of good teaching and what is expected of teachers' professional practice at the start of their professional development.

### Core principles

**The TCSF:**

- is grounded in the culture of the country;
- is based upon consensus about the purpose of teaching and about what constitutes successful teaching and learning;
- is based on clear statements of underlying educational philosophy, educational psychology and educational sociology;
- accommodates all the dimensions of teachers' professional work;
- emphasises self–evaluation and improvement;
- is consistent with (but not limited by) the desired basic education learning outcomes, as articulated in the National Curriculum Framework; and
- contains the key attributes of stability, durability and flexibility.

## ရည်ရွယ်ချက်နှင့်အသုံးပြုမှု

ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်သည် မူဝါဒရေးဆွဲသူများ နှင့် ဆရာအတတ်ပညာရေး (လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်) နှင့် အခြေခံပညာရေးတွင် တာဝန်ရှိသောသင်ရိုးညွှန်းတမ်းရေးဆွဲသူများအတွက် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။

ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်သည် ဆရာများ၏ စဉ်ဆက်မပြတ်လုပ်ငန်းစွမ်းဆောင်ရည်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများ အရည်အသွေးမြင့်မားရေးအတွက် အသုံးပြုနိုင်သည့် လက်စွဲတစ်ခုလည်း ဖြစ်ပါသည်။

**အညွှန်းဘောင်ကိုအောက်ပါရည်ရွယ်ချက်များဖြင့် အသုံးပြုနိုင်ပါသည်–**

- ဆရာအတတ်ပညာဆိုင်ရာ လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများ၊ မျှော်မှန်းထားသော သင်ကြားနည်းအကြောင်းအရာဆိုင်ရာအသိပညာ (Pedagogical Content Knowledge: PCK) နှင့်ပတ်သက်၍ မူဝါဒရေးဆွဲသူများ၊ သင်ရိုးညွှန်းတမ်း ရေးဆွဲသူများနှင့် ဆရာများကို ရှင်းလင်းသော ညွှန်ကြားချက်များပံ့ပိုးနိုင်ရန်၊
- သင်ရိုးညွှန်းတမ်းအညွှန်းဘောင် ရေးဆွဲပြုစုခြင်းအပါအဝင် ဆရာအတတ်သင်တန်း အစီအစဉ်များကို စဉ်ဆက်မပြတ်လေ့လာကြီးကြပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် လမ်းညွှန်မှုပေးနိုင်ရန်၊
- လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းပြီးဆုံးသူများအား တရားဝင်အသိအမှတ်ပြုမှု အတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးအကဲဖြတ်ရာတွင် အထောက်အကူပြုရန်၊
- ဆရာအတတ်သင်ဆရာများ၊ ကြီးကြပ်သူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများ၏ သင်ကြားရေးပိုင်းဆိုင်ရာ ကြီးကြပ်ခြင်းများ၊ ဆရာအချင်းချင်း အနီးကပ်လေ့လာကြီးကြပ် လမ်းညွှန်သင်ပြအကြံဉာဏ်များ ပေးခြင်းကို အားဖြည့်ဆောင်ရွက်နိုင်ရန်၊
- ပညာအရည်အချင်းနှင့် လုပ်သက်အရ နေရာချထားပေးခြင်း၊ ရာထူးတိုးပေးခြင်းစနစ် မှ အရည်အသွေးအလိုက်နေရာချထားပေးခြင်း၊ ရာထူးတိုးပေးခြင်း စနစ်သို့ပြောင်းလဲ ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုနိုင်မည့် ဆရာများ၏လုပ်ငန်းဆောင်ရွက်မှုနှင့် တတ်ကျွမ်းမှုကို စောင့်ကြည့်လေ့လာခြင်းသို့ ကူးပြောင်းဆောင်ရွက်နိုင်ရန်၊





## Purpose and use

The TCSF is a guidance document for policy makers and curriculum developers responsible for teacher education (pre– and in–service) and basic education.

It is a tool for teachers in their continuing professional development and achievement of quality in their professional practice.

**The Framework can be used to:**

- provide clear direction to policy makers, curriculum developers and teachers on what constitutes professional practice and expected pedagogical content knowledge;
- guide the revision and on–going monitoring of teacher training programmes, including the development of a curriculum framework;
- help assess pre–service teacher training graduates to ensure they meet minimum standards for accreditation;
- strengthen peer mentoring and instructional supervision by teacher educators, education supervisors, school heads and classroom teachers; and
- establish a clear path for merit–based teacher placement and career advancement, shifting performance evaluations from educational background and years of teaching to observable performance and competency to support students' learning.

## ရေးသားပြုစုရေးလုပ်ငန်းစဉ်

ဤအညွှန်းဘောင်ရေးဆွဲရာတွင် အကြိမ်ကြိမ် ပြန်လည်ပြုပြင်ရေးသားပြုစုသော လုပ်ငန်းစဉ်ကို အသုံးပြုထားပြီး အညွှန်းဘောင်၏ အသုံးဝင်မှုကို စဉ်ဆက်မပြတ် လေ့လာကြီးကြပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများပြုလုပ်ရန် ထောက်ခံအကြံပြုထားပါသည်။ ဤချဉ်းကပ်နည်းတွင် ပြုစုရေးသားသည့်လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ပညာရေးဆိုင်ရာ သက်ဆိုင်သူများအားလုံး၏ အဓိကပါဝင်ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ အဓိကအဆင့်များအနေဖြင့် အညွှန်းဘောင် ရေးဆွဲပြုစုခြင်း၊ ကွင်းဆင်းစမ်းသပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ထောက်ခံအတည်ပြုပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများ ပါဝင်ပါသည်။

- အညွှန်းဘောင်ရေးဆွဲပြုစုခြင်း –တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ သတ်မှတ်ဖော်ထုတ်နိုင်သည့် အပြန်အလှန်ဆွေးနွေးသည့် လုပ်ငန်းစဉ်၊
- ကွင်းဆင်းလေ့လာခြင်း– ပညာရပ်ဆိုင်ရာ ဝေါဟာရများ ၊ အညွှန်းဘောင်နှင့် အစပျိုးပြုစုထားသည့်နည်းလမ်းကိရိယာများ (tools) ၏ ရည်ရွယ်ချက်၊ အသုံးပြုမှုများ နှင့် ပတ်သက်သည့်စိတ်ကူးများကို နားလည်သဘောပေါက်ပြီး တတ်ကျွမ်းမှုစံသတ်မှတ်ချက်သည် ရည်ရွယ်ထားသည့် အသုံးပြုသူများနှင့် ကိုက်ညီမှုရှိ၊ မရှိ စမ်းသပ်ရန်နှင့် အခြေအနေအမျိုးမျိုးတွင် သင်ကြားနေသည့်ဆရာများ၏ လက်တွေ့သင်ကြားမှုဆိုင်ရာ ဥပမာများစုဆောင်းရန်၊
- ပြန်လည်သုံးသပ်ခြင်း – ရည်ရွယ်ထားသည့် အသုံးပြုသူများဖြစ်သည့် လုပ်ငန်းခွင်အကြိုဆရာများ၊ လုပ်ငန်းခွင်မှ ဆရာများ၊ ဆရာအတတ်ပညာရှင်များ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးဆိုင်ရာလေ့လာကြီးကြပ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်း စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူကြမ်းများရေးသားပြုစုရန်၊
- ထောက်ခံအတည်ပြုပေးခြင်း – ဤအညွှန်းဘောင်ကိုအတည်ပြုနိုင်ရေးအတွက် လေ့လာမှုများ ဆောင်ရွက်ခြင်း၊ ၎င်း၏ ဆီလျော်မှုနှင့် အသုံးချနိုင်မှုတို့အတွက် ထောက်ခံအတည်ပြု ရန်၊
- အကောင်အထည်ဖော်ဆောင်ရွက်ခြင်း – အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊အမျိုးမျိုးသော စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးတွင်ပေါင်းစပ်အသုံးပြုခြင်း၊
- လေ့လာကြီးကြပ်အကဲဖြတ်ခြင်း – ပညာရေးဝန်ကြီးဌာန အရည်အသွေးအာမခံမှုစနစ်များ ဖြင့်ဆက်စပ်ကာ လေးလတစ်ကြိမ် အကဲဖြတ်ခြင်းဖြင့် လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုကို နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ရန် ဖြစ်ပါသည်။





## Development process

A process of iterative development has been applied to the development of the Framework and is recommended as a continued approach for monitoring and revising the Framework. This approach requires various phases of development, with stakeholder participation key in each stage of the process. The main phases include: development of TCSF, field testing, revisions, validation, implementation and monitoring and evaluation.

- Development of TCSF – iterative process to define and describe the competency standards;
- Field–testing – to test the ‘fit for purpose’ of the draft of the competency standards with intended users in terms of understanding of the terminology, ideas about the use and purpose of the framework and initial tools, and to gather examples of actual practice from teachers teaching in varied context;
- Revisions – to produce draft versions for broad consultation and implementation trials with intended users: pre–service and in–service teachers; teacher educators, principals and education supervisors;
- Validation – a validation study of the TCSF, to confirm its relevance and usability
- Implementation – integration and use in teacher professional development and supported by orientation and awareness campaign and various capacity building activities;
- Monitoring and evaluation – annual reviews of implementation with tri–annual evaluation integrated with the Ministry of Education Quality Assurance systems.

ဤအညွှန်းဘောင် အကောင်အထည်ဖော်ဆောင်ရွက်မှုကို အနီးကပ်လေ့လာကြီးကြပ်မှုများ၊ ပုံမှန်ပြန်လည်သုံးသပ်မှုများ ပြုလုပ်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်သည် ဆရာများအတွက် အဓိကတတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံ သတ်မှတ်ချက်အညွှန်းဘောင်သည် လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်ဆရာများ၏ စဉ်ဆက်မပြတ်လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးသင်တန်းအပါအဝင် ဆရာအတတ်ပညာရေးကို ရှုထောင့်အမျိုးမျိုးမှ အကောင်အထည်ဖော်ဆောင်နိုင်ရန် လမ်းညွှန်အဖြစ် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ ဤအညွှန်းဘောင်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အတူတွဲဖက်အသုံးပြုရန် နည်းလမ်းများ၊ နည်းလမ်းကိရိယာများ (tools) နှင့် လက်တွေ့ကျင့်သုံးမှု နမူနာများကို အဆင့်ဆင့်ပြုစုသွားမည် ဖြစ်ပါသည်။

## ၄။ အညွှန်းဘောင်ဖွဲ့စည်းပုံ

### ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် တတ်ကျွမ်းမှုများကိုသတ်မှတ်ဖော်ထုတ်ခြင်း

ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်သည် ဆရာများ၏ အသိပညာ၊ ကျွမ်းကျင်မှုများ၊ အရည်အသွေးဆိုင်ရာမျှော်မှန်းချက်များနှင့် သင်ကြားရေးတာဝန်အဆင့်ဆင့်၌ လိုအပ်သော လုပ်ငန်းစွမ်းဆောင်ရည်များကို ရည်ညွှန်းပြီး အောက်ပါပညာရပ် နယ်ပယ် (၄)ခုဖြင့် ဖွဲ့စည်းထားပါသည်။

- ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု
- ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ
- ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ
- ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

**ပညာရပ်နယ်ပယ်တစ်ခုချင်းစီသည်** အသိပညာ၊ ကျွမ်းကျင်မှုများ၊ နားလည်သဘောပေါက်မှု၊ တန်ဖိုးထားမှုများ၊ စိတ်နေသဘောထားများ၊ လိုအင်ဆန္ဒများ ပေါင်းစပ်ပါဝင်နေမှုကို ရည်ညွှန်းပြီး ပညာရပ်နယ်ပယ်တစ်ခုခြင်းစီသည် လည်းထိရောက်၍ ကမ္ဘာပေါ်ရှိလူသားတို့၏ လုပ်ဆောင်မှုကို ထင်ဟပ်စေပါသည်။ ပညာရပ်နယ်ပယ်တစ်ခုစီကို တတ်ကျွမ်းမှုဧရိယာများဖြင့် ဖွဲ့စည်းထားပြီး၊ ဆရာအားလုံးရှိသင့်သည့် မျှော်မှန်းထားသည့် အနိမ့်ဆုံးလိုအပ်ချက်များကို တတ်မြောက်မှု စံသတ်မှတ်ချက်များဖြင့် ရှင်းလင်းစွာဖော်ပြထားပါသည်။

**တတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည်** ဆရာများအနေဖြင့် ဆရာအတတ်သင်တန်း စတင်သည့်အချိန်မှစ၍ လက်တွေ့လုပ်ငန်းခွင်များတွင် ဆက်လက်တာဝန်ထမ်းဆောင်သည့်အချိန်အထိ ဖွံ့ဖြိုးတိုးတက်သင့်သော၊ မျှော်မှန်းထားသောအသိပညာ၊ ဆရာအတတ်ပညာပိုင်းဆိုင်ရာ စွမ်းရည်များ၊ ကျွမ်းကျင်မှုများဖြစ်ပါသည်။ ဥပမာ – ဆရာအတတ်ပညာရေး လုပ်ငန်းခွင်အကြို ၊ လုပ်ငန်းခွင်ပညာရေးနှင့် သင်တန်းများတွင် စဉ်ဆက်မပြတ်ပါဝင်ခြင်းမှ တစ်ဆင့် အသိပညာ၊ ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။





Implementation of the Framework will be closely monitored and kept under regular review. This TCSF documents the core set of teacher competency standards. The TCSF is provided as the core document and provides guidance for implementation across all aspects of teacher education –– pre–service and in–service continuing professional development and training. Practice examples, tools and instruments will be developed progressively to accompany implementation of the Framework.

## 4. Structure of the Framework

### Defining teachers' professional knowledge and competence

The TCSF refers to the expectations of teachers' knowledge, skills, attributes and required levels of performance at various stages of their teaching career, and is organised in four domains:

- Professional knowledge and understanding
- Professional skills and practices
- Professional values and dispositions
- Professional growth and development

Each Domain refers to "a complex combination of knowledge, skills, understanding, values, attitudes and desire which lead to effective, embodied human action in the world, in a particular domain." Each domain is organised by Areas of Competence for which the competency standard is expressed as a concise statement with accompanying descriptors of the expected minimum requirements to be achieved by all teachers.

Competency standards are the expected knowledge, professional abilities and skills that teachers should develop through their initial training and as they continue to grow and develop in their professional service and practice, such as participation in induction and on–going in–service education and training.

**ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များတွင် အောက်ပါတို့ပါဝင်ပါသည် –**

**သင်ကြားရေးတတ်ကျွမ်းမှု –** စာသင်ကြားခြင်းနှင့်တိုက်ရိုက်ဆက်စပ်မှုရှိသည့် စာသင်ခန်းတွင်းမှ ဆရာ၏အခန်းကဏ္ဍ (သင်ကြားနည်းအကြောင်းအရာဆိုင်ရာအသိပညာ (Pedagogical Content Knowledge: PCK)

**ဆရာတတ်ကျွမ်းမှု –** ပိုမိုကျယ်ပြန့်ပြီးစနစ်ကျသည့် ဆရာ့လုပ်ငန်းအပေါ်ရှုမြင်မှု – ဤရှုမြင်မှုတွင် ဆရာသည် တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ ကျောင်းအတွင်းဖြစ်စေ၊ မိမိဒေသ ရပ်ရွာအဖွဲ့အစည်း အတွင်းဖြစ်စေ၊ ဆရာအတတ်ပညာအသိုက်အဝန်းအတွင်း ပါဝင်ဆောင်ရွက်သူ တစ်ယောက်အဖြစ်ဖြစ်စေ၊ မိမိဆောင်ရွက်ရမည့် ဆရာတစ်ယောက်၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ပါဝင်ပါသည်။

**ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည်** ဆရာများ၏ ယုံကြည်ချက်၊ သိရှိမှု၊ နားလည်မှုတို့ကို ဖော်ပြနိုင်ရန်နှင့် သင်ကြားရေးနယ်ပယ်တွင် ကျွမ်းကျင်သူများအဖြစ် လက်တွေ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပါသည်။

အနိမ့်ဆုံးလိုအပ်ချက်များသည် အသိပညာ၊ ကျွမ်းကျင်မှုများ ၊လက်တွေ့ဆောင်ရွက်မှုများနှင့် မျှော်မှန်းထားသော အပြုအမူပုံစံများကိုမည်သည့်နည်းဖြင့် မည်ကဲ့သို့ဖော်ပြနိုင်မည်ကို ရှင်းပြထားပါသည်။ အခန်း(၅)ပါ အချက်အလက်များသည် လုပ်ငန်းခွင်၌စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် အနိမ့်ဆုံးလိုအပ်ချက်များဖြစ်ပါသည်။

**အညွှန်းကိန်းများသည်** ပညာရေးအဆင့်အသီးသီးအတွက် လက်တွေ့လုပ်ငန်းဆောင်ရွက်ရန်နှင့် ရည်ညွှန်းကိုးကားရန် စံသတ်မှတ်ချက်များကို အောက်ပါအတိုင်းဖော်ပြထားခြင်းဖြစ်ပါသည်–

- အသိပညာ၊ သင်ကြားနည်းပညာနှင့်ပတ်သက်၍ ရှေ့နောက်ညီညွတ်သော ရှင်းလင်း ဖော်ပြချက်၊
- အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအခြေအနေများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လိုအပ်ချက်များ (ဥပမာ–ဘာသာစကား(၂)ခုထက်ပို၍သင်ကြားခြင်းနှင့် အတန်းတွဲသင်ကြားခြင်းများအပါအဝင်)၊
- ထိရောက်မှုရှိသော သင်ကြားသင်ယူမှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတကာ သုတေသနများမှ သိရှိရသည့်အချက်များ

အထူးပြုသင်ရိုးညွှန်းတမ်းနှင့် စဉ်ဆက်မပြတ်လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အဆင့်ဆင့် (လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်စဆရာအဆင့်မှ အတွေ့အကြုံရှိဆရာများ၊ ကျွမ်းကျင်ဆရာများ၊ ဦးဆောင်ဆရာများ အဆင့်အထိ) တို့အတွက် ဆရာများသင်ကြားရမည့် ပညာရေးအဆင့် အလိုက် အညွှန်းကိန်းများသည် ကွဲပြားမှုရှိပါသည်။ ပညာရေးအဆင့်တစ်ခုချင်းစီ (သူငယ်တန်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း) နှင့် လုပ်ငန်းခွင်စတင် တာဝန်ထမ်းဆောင်စ ဆရာများအတွက် ပြည့်စုံသောအညွှန်းကိန်းများကို နောက်ဆက်တွဲ (၁ မှ ၄) တွင် ဖော်ပြထားပါသည်။





**The complete set of competency standards includes:**

Teaching competence – the role of the teacher in the classroom, directly linked to the act of teaching (pedagogical content knowledge)

Teacher competence – the wider systemic view of teacher professionalism; this includes the role and responsibility of the teacher as an individual, within the school, the local community, and as a participant in professional networks.

This holistic set of professional competency standards aims to describe what teachers believe, know, understand and are able to do as specialist practitioners in their fields.

Minimum requirements explain how and in what ways teachers' knowledge, skills, actions and desired types of behaviour may be expressed. Section 5 documents the minimum requirements for the beginning teacher.

**Indicators illustrate the standards in action for the stage of schooling and by reference to:**

- a coherent, descriptive account of knowledge and pedagogy;
- national and local circumstances, culture and need (including multi–lingual and multi–grade teaching); and
- what is known from international research about the conditions for effective teaching and learning.

Indicators vary according to stage of schooling for which teachers are engaged to teach, for specialised curriculum offered and for the various phases of teachers' continuing professional development (beginning, experienced, expert and lead). A complete set of indicators for the beginning teacher and for each stage of schooling – Kindergarten, primary, lower secondary and upper secondary, is included in Annexes 1–4.

## အခြေခံပညာကဏ္ဍ ဆရာများအားလုံးအတွက် လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သည့် အဓိကအချက်အလက်အကြောင်းအရာများ

ဤအညွှန်းဘောင်တွင် မြန်မာနိုင်ငံပညာရေးစနစ်အတွင်းရှိ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်တွင် သင်ကြားပေးနေသောဆရာများနှင့် ထိုအဆင့်များ၌ သင်ကြားရေးလုပ်ငန်းစတင်တာဝန်ထမ်းဆောင်သည့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ၊ အနိမ့်ဆုံးလိုအပ်ချက်များနှင့် အညွှန်းကိန်းများကိုဖော်ပြထားပါသည်။

ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ကို အခြေခံထားသော သင်ယူမှုဖွံ့ဖြိုးတိုးတက်မှုသီအိုရီနှင့်အညီ ဆရာများအားလုံး၏ အတတ်ပညာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု အဆင့်အသီးသီးအတွက် အနိမ့်ဆုံးလိုအပ်ချက်နှင့် အညွှန်းကိန်းများကို ဖော်ပြရန် ပြီးပြည့်စုံသော အညွှန်းဘောင်တစ်ခုကိုချဲ့ထွင်ရေးသားပြုစုသွားမည် ဖြစ်ပါသည်။

### ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်လုပ်ငန်း တတ်ကျွမ်းမှုအဆင့်များအတွက် သီအိုရီ ရေးသားပြုစုမှု

သင်ကြားရေးဆိုင်ရာ သီးသန့်နယ်ပယ်များနှင့် အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအဆင့် အသီးသီး၌ ဆရာများတွင် ကောင်းစွာရှိသင့်သည့်အရာများ၊ မျှော်လင့်ထားသည့်အဓိက စွမ်းဆောင်ရည်များကို အသေးစိတ်ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ယူမှုသီအိုရီ သဘောတရားများပေါ်တွင် အခြေခံ၍ ဤအညွှန်းဘောင် ကို ပြုစုထားပါသည်။

လုပ်ငန်းအတတ်ပညာတတ်ကျွမ်းမှုသည် တတ်ကျွမ်းမှုအဆင့်တစ်ဆင့်စီအတွက် သတ်မှတ်ဖော်ပြထားသည့် အနိမ့်ဆုံးလိုအပ်ချက်များနှင့် အညွှန်းကိန်းများတွင် ဖော်ပြထားသကဲ့သို့ မျက်မှောက်ခေတ်သင်ယူမှု သီအိုရီသဘောတရားများနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု တို့တွင် အခြေခံထားသော ဆရာကောင်းများအတွက် မျှော်လင့်ထားသော အကြောင်းအရာများနှင့် ကောင်းမွန်သောသင်ကြားခြင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။

အဆင့်တစ်ခုစီအတွက် ကွဲပြားခြားနားချက်များသည် ခိုင်ခိုင်မာမာရှိပြီး နည်းလမ်းတကျ ဖြစ်ကြောင်းအသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် သင်ကြားရေးတွင် လုပ်ငန်းခွင်စတင် ဝင်ရောက်စဆရာများ သိသင့်သည့်အရာများ၊ သင်ကြားရေးနှင့်ပတ်သက်၍ မျှော်မှန်းထားသော လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများသည် လုပ်ငန်းအတွေ့အကြုံရှိဆရာများ၊ ကျွမ်းကျင်အဆင့်ရှိဆရာများ၊ ဦးဆောင်ဆရာများနှင့် ကွဲပြားခြားနားသည်ကို တွေ့ရှိရပါသည်။ ထိုကွဲပြားခြားနားမှုများမှာ အောက်ပါတို့ကြောင့်ဖြစ်ကြောင်းကို တွေ့ရှိရပါမည်–

- အကြောင်းအရာနှင့် အသိပညာအယူအဆဆိုင်ရာဖော်ပြချက် – သင်ကြားနည်းအကြောင်းအရာဆိုင်ရာ အသိပညာတိုးတက်သည်နှင့်အမျှ သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ခက်ခဲမှုအဆင့်၊
- သင်ယူမှုကိုလေ့လာကြီးကြပ်ခြင်း၊ သင်ကြားမှုကို ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် သုံးသပ်အကြံပြုချက်များကို အသုံးပြုသည့်သည့်နည်းလမ်းများ အတိုင်းအတာ၊





## Descriptive profiles of professional development stages for all basic education teachers

This version of the TCSF describes competency standards, minimum requirements, and indicators for teachers of Kindergarten, Primary, Lower Secondary and the Upper Secondary levels of schooling within Myanmar's education system and their teaching career.

The complete Framework will be extended to describe minimum requirements and indicators for the different stages of professional development for all teachers in accordance with the theory of learning development on which the TCSF is based.

### Theory of development for the TCSF levels of proficiency

The TCSF is built on a theory of professional learning and development designed to clarify and elaborate the core capabilities expected of teachers and what they should get better at, at different stages of their development and in their specialist fields of teaching.

The professional expertise as expressed in minimum requirements and indicators for each level of proficiency seeks to describe good teaching and what is expected of good teachers by drawing on contemporary theories of learning and human development.

It recognises that the differences are both substantive and methodological and therefore what the beginning teacher knows and is able to do while teaching is expected to differ from the experienced, expert or lead teacher. These differences will be apparent in terms of:

- representation of content and conceptual knowledge, the level of challenge in teaching and learning activities as pedagogical content knowledge is increased;
- the ways learning is monitored and teaching reflected upon and the extent to which any or all of this feedback is used in action; and

- အပြန်အလှန်ပြောဆိုဆက်သွယ်မှုစွမ်းရည်များမြှင့်တင်ခြင်း၊ကျောင်းအဖွဲ့အစည်းအတွင်းပူးပေါင်းဆောင်ရွက်မှုပေးခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဦးဆောင်မှုပေးနိုင်ခြင်းများ၊

တတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည် အချင်းချင်းအပြန်အလှန်ဆက်စပ်မှုရှိပြီး ၄င်းတို့ သည် ဆရာများ၏လုပ်ငန်းဆောင်ရွက်မှုများပိုမိုများပြားရန် သို့မဟုတ် တိုးရန်ရည်ရွယ်ထားခြင်း မဟုတ်ပါ။ ဆရာများအားလုံးသည် စဉ်ဆက်မပြတ်လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအဆင့်များအထိ တဖြည်းဖြည်းတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန်မျှော်လင့်ထားပါသည်။

## လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စဆရာများ

လုပ်ငန်းခွင်၌စတင်တာဝန်ထမ်းဆောင်စဆရာများသည် အသိအမှတ်ပြု လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ပညာရေးအစီအစဉ် သို့မဟုတ် ၄င်းနှင့်တူညီသောအဆင့်ရှိအစီအစဉ် တစ်ခုခုကို အောင်မြင်စွာပြီးဆုံးသူများဖြစ်ပြီး၊ ပညာရပ်နယ်ပယ်အသီးသီး၌ ၄င်းတို့၏ တတ်ကျွမ်းမှုများသည် သတ်မှတ်ထားသည့် အနိမ့်ဆုံးအဆင့်ကို ပြည့်မီကြောင်း ဖော်ပြနိုင်သူများ ဖြစ်ကြပါသည်။ ထိုဆရာများသည် သီးသန့်ပညာရေး အဆင့်တစ်ခုအတွက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းကို ကျောင်းသားများအား သင်ကြားနိုင်ပြီးကျောင်းသားများ၏ တတ်မြောက်မှု အဆင့်များကို စစ်ဆေးအကဲဖြတ်နိုင်ရပါမည်။ ၄င်းတို့သည်အခြားသူများနှင့် လုပ်ကိုင်ရ သည်ကို ကျေနပ်ပျော်ရွှင်မှုရှိပြီး ကျောင်းနှင့်ရပ်ရွာအဆင့် ဆုံးဖြတ်ချက်ချသောလုပ်ငန်းစဉ်များ တွင် အပြုသဘောဆောင်သည့် အကြံဉာဏ်များပေးနိုင်ရပါမည်။ ထိုဆရာများအတွက် မျှော်မှန်းထားသောအနိမ့်ဆုံးစွမ်းရည်များမှာ ဘာသာရပ်ဆိုင်ရာအသိပညာနှင့်ကျွမ်းကျင်မှုများ၊ သင်ကြားနည်းပညာဆိုင်ရာ အသိပညာများပါဝင်ပြီး ကလေးများ၊ လူငယ်များနှင့်ပတ်သက်၍ အပြုသဘောဆောင်သောသဘောထား၊ ပညာရေးနှင့် သင်ကြားရေးတို့ကိုလုပ်ဆောင်ရန် တာဝန်ယူစိတ်ရှိသူများလည်း ဖြစ်ရပါမည်။

## လုပ်ငန်းအတွေ့အကြုံရှိဆရာများ

သင်ကြားရေးအတွေ့အကြုံရှိသောဆရာများသည် မိမိသင်ကြားရမည့် အတန်းအဆင့် အတွက်သင်ခန်းစာ ပြင်ဆင်ရေးဆွဲရာ၌ အကြောင်းအရာပိုင်းဆိုင်ရာအသိပညာနှင့် သင်ကြားနည်း နည်းပညာပိုင်းဆိုင်ရာ အသိပညာနှစ်ရပ်စလုံးကို အသုံးပြုနိုင်သည့်စွမ်းရည်ရှိကြောင်း ပြသနိုင်ရပါမည်။ ထိုဆရာများ၏ သင်ကြားမှုသည် သင်ယူမှုရည်မှန်းချက်များ၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ကြားလိုက်သော ဘာသာရပ်၏ တတ်မြောက်မှုကိုစစ်ဆေးအကဲဖြတ်ရန်လိုအပ်ချက်များ၊ ပညာရေးအဆင့်အလိုက် သင်ရိုးညွှန်းတမ်းများနှင့် ချိတ်ဆက်သင်ကြားနိုင်ကြောင်းကို ဖော်ပြနိုင်သူများဖြစ်ရပါမည်။ ထိုဆရာများသည် သင်ယူမှုလုပ်ငန်းများနှင့် အသေအချာချိတ်ဆက် သင်ကြား၍ ကျောင်းသားအားလုံး၏ သင်ယူမှုဆိုင်ရာမျှော်မှန်းချက်များ၊ ကလေးများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများ၊ နောက်ခံအကြောင်းအရာများကို ဆွေးနွေးဖော်ပြနိုင်ရပါမည်။ စစ်ဆေးအကဲဖြတ်ခြင်း နည်းဗျူဟာများကိုလည်း သင်ယူမှုရည်မှန်းချက်များနှင့် ချိန်ညှိကာ ဆောင်ရွက်နိုင်ပြီး၊ ကျောင်းသားများ၏ သင်ယူမှုအဆင်သင့်ဖြစ်မှုအပေါ် မူတည်၍ သင်ယူမှုလုပ်ငန်းများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပေးနိုင်ရပါမည်။ ကျောင်း၊ ရပ်ရွာအဖွဲ့အစည်းနှင့် သက်ဆိုင်သည့်စီမံကိန်းများရေးဆွဲပြင်ဆင်ရာတွင်လည်း တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သူများ ဖြစ်ကြရပါမည်။





- enhanced capacities for interpersonal communication, and leading contributions to coordination and planning within the school community.

The competency standards are interconnected, related, and not just increasing or expanding the work of teachers by adding bits on. All teachers as part of their continuing professional development are expected to progress towards the following stages of professional growth and development.

## Beginning teachers

Beginning teachers have successfully completed the accredited pre–service teacher education programme or an equivalent and demonstrate competence across all domains at the minimum level. They are able to teach the prescribed curriculum to students at the specified stage of schooling and to assess levels of student achievement. They enjoy working with others and can contribute positively to school and community–level decision–making processes. Expected minimum capacities include subject knowledge and skills, pedagogical knowledge, a positive attitude towards children and youth, and a commitment to education and teaching.

## Experienced teachers

Experienced teachers demonstrate capacity to use both content knowledge and pedagogical knowledge in the design of lessons. Their teaching demonstrates connections between learning goals, learning activities and assessment requirements of the subjects taught and of the curriculum for the stages of schooling. They can describe and discuss the learning expectations for all students, drawing on their interests, experiences and backgrounds, to ensure connections with learning activities. They align assessment strategies to learning goals, and they adapt learning tasks to student readiness. They are active participants in both school and community–related planning.

## ကျွမ်းကျင်အဆင့်ရှိဆရာများ

ကျွမ်းကျင်အဆင့်ရှိဆရာများသည် ဦးဆောင်နိုင်မှုစွမ်းရည်နှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက် နိုင်စွမ်းရှိသူများဖြစ်ကြပါသည်။ ထိုဆရာများသည် ဆန်းသစ်ခက်ခဲသော သင်ကြားမှုများသို့မဟုတ် စီမံခန့်ခွဲမှုအခန်းကဏ္ဍများတွင် အဆင်ပြေစွာဆောင်ရွက်နိုင်ပြီး၊ လုပ်ဖော်ကိုင်ဖက်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပံ့ပိုးကူညီလိုစိတ်ရှိသူများဖြစ်ပါသည်။ ထိုဆရာများသည် မိမိစာသင်ခန်းအတွင်း လိုအပ်သောဘာသာရပ်ဆိုင်ရာအကြောင်း အရာများတွင် ကျွမ်းကျင်မှုရှိပြီး၊ နက်ရှိုင်းသောအကြောင်းအရာပိုင်းဆိုင်ရာ ဗဟုသုတများရှိကြောင်းလည်း ဖော်ပြနိုင်ရပါမည်။ ထိုဆရာများ၏ စာသင်ခန်းအတွင်းလက်တွေ့သင်ကြားမှုနှင့် သင်ကြားနည်းပညာပုံစံများသည် သင်ယူသူများအား အပြည့်အဝနားလည်ကြောင်းဖော်ပြပြီး ကျောင်းသားများ၏ မတူညီသည့် လိုအပ်ချက်များနှင့်အညီ သင်နည်းများကိုရွေးချယ်၍ သင်ကြားနိုင်ကြောင်း စံနမူနာပြသနိုင်ရပါမည်။ စီမံခန့်ခွဲသူမှတစ်ဆင့် ကူညီပံ့ပိုးဆောင်ရွက်ပေးသူ၊ အကဲဖြတ်သုံးသပ်သူ၊ လမ်းညွှန်ပေးသူ၊ နှစ်သိမ့်ပညာပေးဆွေးနွေးသူအဖြစ်သို့ ချောမွေ့စွာပြောင်းလဲဆောင်ရွက်နိုင်သူများ ဖြစ်ရပါမည်။ ထိုဆရာများသည် ကိုယ်ရည်ကိုယ်သွေးနှင့် အပြန်အလှန်ဆက်ဆံရေး စွမ်းရည်ပြည့်စုံပြီး ဝေဖန်မှုများကို လက်ခံနိုင်သည့်အပြင် အခြားသူများနှင့် လုပ်ငန်းဆောင်ရွက်ရခြင်းကို တန်ဖိုးထားသူများ ဖြစ်ရပါမည်။

## ဦးဆောင်ဆရာများ

ဤအဆင့်ရှိဆရာများသည် အခြေခံပညာရေးသင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များအား အကြံဉာဏ်များ၊ လမ်းညွှန်မှုများ ပံ့ပိုးပေးနိုင်ပြီး၊ တာဝန်ယူသူအခန်းကဏ္ဍကို တာဝန်ယူဆောင်ရွက်နိုင်သည်ဟု မြန်မာနိုင်ငံအနေဖြင့် လက်ခံထားသော ကျွမ်းကျင်ပညာရှင်များဖြစ်ပါသည်။ ထိုဆရာများသည် လုပ်ဖော်ကိုင်ဖက်များအား အတတ်ပညာပိုင်းနှင့် ပတ်သက်၍ ပံ့ပိုးပေးနိုင်သူများဖြစ်ပြီး လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သည့် ဆရာအသစ်များကို သူတို့၏လုပ်ငန်း စတင်ထမ်းဆောင်သည့် အစပျိုးကာလအတွင်း အနီးကပ်ကြီးကြပ် လမ်းညွှန်သူအဖြစ်လည်းကောင်း၊ နည်းပြဆရာအဖြစ် လည်းကောင်း ပံ့ပိုးမှုများပေးနိုင်ရပါမည်။ ကျောင်းများတွင် လုပ်ငန်းခွင်အကြိုဆရာများ တန်းပြဆင်းသောအခါ၌လည်း ကြီးကြပ်ခြင်းနှင့် ခြုံငုံသုံးသပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်သူများဖြစ်ရပါမည်။

## လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု

ဤအညွှန်းဘောင်သည် ဆရာများ၏ ဆရာအတတ်ပညာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မြင့်မားရေးကို ကန့်သတ်ရန်မရည်ရွယ်ပါ။ ဆရာများသည် ၎င်းတို့၏တတ်ကျွမ်းမှုကိုအဆင့်အလိုက် မျှော်မှန်းထားသောအနိမ့်ဆုံးလိုအပ်ချက်များ၊ အညွှန်းကိန်းများနှင့် ကိုက်ညီကြောင်းပြသနိုင်ရန်ဖြစ်ပါသည်။ ဥပမာ– လုပ်ငန်းခွင်ဝင်စ အလယ်တန်းပြဆရာများသည် တတ်ကျွမ်းမှုနယ်ပယ် အချို့တွင် အတွေ့အကြုံရှိ ဆရာများနည်းတူ တူညီသောအပြုအမူများနှင့် လက်တွေ့ကျင့်သုံးမှုများကို ပြသကောင်းပြသနိုင်ပါမည်။ အညွှန်းဘောင်၏ရည်ရွယ်ချက်မှာ ဆရာများအနေဖြင့် ဆရာအတတ်ပညာဆိုင်ရာသင်ယူမှုတွင် ၎င်းတို့၏ အားသာချက်များနှင့် ကွာဟမှုများကို ဖော်ပြနိုင်ရန်ဖြစ်ပြီး ဆရာအတတ်ပညာဆိုင်ရာ သင်ယူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရန်ဖြစ်ပါသည်။





## Expert teachers

Teachers at the level of expert demonstrate leadership and coordination skills. They are comfortable working in new and challenging teaching or management roles and are willing to support the professional development of peers. They are competent in the subject matter required in their classes, demonstrating a depth of content knowledge. Their classroom practice and pedagogical style exemplify a sound understanding of learners and their differential needs with methods of teaching perfected to smoothly transition from manager, to facilitator, to evaluator, to guide and counsellor. They have well–developed personal and interactive skills, are open to critique and value working with others.

## Lead teachers

Teachers at this level are experts who is more common in Myanmar hold positions of responsibility and provide advice and direction to colleagues for the implementation of the basic education curriculum. They provide professional support to colleagues and are mentors and coaches for new teachers during their induction; they supervise or provide oversight of student teachers undertaking practicum experience in schools.

## Professional development

The TCSF is not intended to limit teachers’ growth and professional development and it is possible for teachers to exhibit levels of competency consistent with expected minimum requirements and indicators from different levels of proficiency. For example, a Beginning Lower Secondary teacher may, in some areas of competence, exhibit behaviours and practices similar to that or those according to the referred words–behaviours and practices of an experienced teacher. As a developmental tool, the intention is that teachers can describe their strengths and gaps in professional learning so as to be able to plan for continuing growth in their professional development.

## ပညာသင်ကြားရေးအဆင့်များ

အညွှန်းဘောင်သည် ပညာသင်ကြားရေးအဆင့်ဆင့်အသီးသီးရှိ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို ရှင်းလင်းဖော်ပြထားပါသည်။ ထိုအညွှန်းဘောင်သည် သူငယ်တန်း၊ မူလတန်း၊အလယ်တန်းနှင့် အထက်တန်းအဆင့်ကဲ့သို့ ပညာသင်ကြားရေးအဆင့် အသီးသီးရှိဆရာများအတွက် ကောင်းမွန်သောသင်ကြားခြင်း၏ အဓိကလုပ်ငန်းများ၊ တမူထူးခြားသည့်လက္ခဏာများနှင့် ပတ်သက်၍ လမ်းညွှန်မှုများပေးနိုင်ရန် ရည်ရွယ်ထားပါသည်။ ဆရာများ၏လုပ်ငန်းစွမ်းဆောင်ရည်နှင့် တတ်ကျွမ်းမှုများသည် ယဉ်ကျေးမှုမျိုးစုံနှင့် အတန်းတွဲ သင်ကြားခြင်း၊ မြို့ပြ၊ ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသကဲ့သို့သော အခြေအနေ၊ အနေအထား အမျိုးမျိုးရှိ သင်ကြားရေးလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် အသိအမှတ်ပြုဆောင်ရွက်ထားပါသည်။ ထို့ကြောင့် ပညာရေးအဆင့်အသီးသီး တစ်ခုစီအတွက် သီးသန့်သတ်မှတ်ထားသော အညွှန်းကိန်းများသည် ကောင်းမွန်သောလက်တွေ့သင်ကြားမှုများ၊ အတန်းအသီးသီးတွင် ကျောင်းသားများအား ထိရောက်သောသင်ကြားမှုပြုလုပ်နိုင်ရန် လိုအပ်သည်ဟု ယေဘုယျအသိအမှတ်ပြုထားသော အထူးသီးသန့်ဖြစ်သောအသိပညာများနှင့် လက်တွေ့ကျင့်သုံးမှုများ၊ သို့မဟုတ် သင်ကြားနည်းပညာနှင့်ဘာသာရပ်ဆိုင်ရာ အသိပညာများကို ကိုယ်စားပြုဖော်ပြထားပါသည်။

သူငယ်တန်းပြဆရာများသည် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အထူးကျွမ်းကျင်သူများဖြစ်ကြပါသည်။ ဤဆရာများသည် လမ်းညွှန်ကစားနည်းများ၊ စူးစမ်းရှာဖွေလေ့လာမှုများမှ တစ်ဆင့်ငယ်ရွယ်သော ကျောင်းသားများ၏စွမ်းရည်ကိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် သူငယ်တန်းစာသင်နှစ်များ၏ အရေးကြီးပုံကို နားလည်သဘောပေါက်ကြပါသည်။ ထိုဆရာများသည် ကလေးငယ်တစ်ဦးချင်းစီ၏ သိမှုဆိုင်ရာ၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ပေးနေသူများဖြစ်သည့်အတွက် ကလေးအားလုံးသင်ယူနိုင်သည်ကို  တွေ့မြင်လိုစိတ်ရှိပြီး စိတ်ရှည်သည်းခံမှုကို ပြသလိုစိတ်ရှိကြပါသည်။ ထိုအပြင်သူငယ်တန်းစာသင်ခန်းနှင့် ကလေးများ၏လက်တွေ့ဘဝများ အကြားဆက်စပ်မှု၏ အရေးပါပုံကို သိရှိကြပါသည်။ သို့ပါ၍ ကျောင်း၏ အစပိုင်းအတန်းများသို့ အောင်မြင်စွာကူးပြောင်းနိုင်ရေးအတွက်လိုအပ်သော အခြေခံစာတတ်မြောက်မှုဆိုင်ရာကျွမ်းကျင်မှုရရှိစေရန် ပုံပြင်များနှင့် ကစားနည်းများအကြား အကြောင်းအရာအလိုက်ဆက်စပ်ဆောင်ရွက်ကြရပါသည်။

မူလတန်းဆရာများသည် ကျောင်းသားများနှင့် ချစ်ခင်ရင်းနှီးမှုရှိကြသည်။ ၎င်းတို့သည် အစောပိုင်းကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာများရှိပြီး သင်ကြားနည်း အမျိုးမျိုးကိုသိရှိကြပါသည်။ ထိုဆရာများသည် ပထမတန်းမှ ပဉ္စမတန်းအထိကျောင်းသားများ၏ သင်ယူမှုဆိုင်ရာလိုအပ်ချက်များနှင့်ကိုက်ညီမှုရှိရန်၊ ဖြည့်ဆည်းဆောင်ရွက်ရာတွင် သင်ယူမှုဖွံ့ဖြိုး တိုးတက်ရေးအသိပညာကို သင်ကြားရေးနည်းဗျူဟာများ၊ ဘာသာရပ်ဆိုင်ရာအကြောင်းအရာများနှင့် အဆင်သင့်ပေါင်းစပ်နိုင်ကြပါသည်။ ဤဆရာများသည် ဘေးကင်းလုံခြုံစိတ်ချမှုရှိသော၊ ချစ်ခင်နွေးထွေးမှုရှိသော၊ ကျောင်းသားများသင်ယူမှုလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်နိုင်သောသင်ယူမှုပတ်ဝန်းကျင်ကိုဖန်တီးကြပါသည်။ သင်ကြား၊ သင်ယူမှု  အထောက်အကူပစ္စည်းအမျိုးမျိုးကိုလည်းပြုလုပ်သုံးစွဲကြပါသည်။ အနာဂတ်တွင် ဆက်လက်သင်ကြားရမည့်ကျောင်းသင်ပညာရေးနှင့် လုပ်ငန်းခွင်တွင် ပေါက်မြောက်အောင်မြင်မှုများရရှိစေရန်အတွက် အခြေခံကောင်းများတည်ဆောက်ပေးနိုင်မည့် မူလတန်းပညာသင်နှစ်များ၏ အရေးကြီးပုံကို အသိအမှတ်ပြု နားလည်ခြင်းအားဖြင့် မူလတန်းဆရာတစ်ယောက်အနေဖြင့် ဆရာအတတ်ပညာတတ်ကျွမ်းမှု ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုးကြားတက်ကြွမှုရှိကြပါသည်။





## Stages of schooling

The TCSF explains what each of the competency standards means for teachers of different stages of schooling. It aims to provide guidance for teachers on the unique features and the central tasks of good teaching for different stages of schooling. It recognises that the capacities and competencies of teachers also need to meet the demands of teaching in different contexts and settings, such as multi-cultural and multi–grade classrooms and urban, regional and remote schools.   Thus, for each stage of schooling specific indicators typify good practices, highlighting specialised knowledge and practices or pedagogical content knowledge  that is generally recognised as required for effective teaching of students at the different grade levels.

Kindergarten teachers are early childhood development specialists. They understand the importance of the Kindergarten years for developing young students' capacities to learn through guided exploration and play. They have genuine desire to see all children learn and display patience as they seek to support each student's cognitive, emotional and physical development. They recognise the importance of making connections between the Kindergarten classroom and the real world of the students, and do so by integrating thematically within stories and games, the basic literacy skills required for a successful transitioning to the early grades of school.

Primary teachers are friendly towards children and they have a sound knowledge of early childhood development and different teaching methods. They can readily combine this knowledge of learning development with teaching strategies and subject knowledge to engage and meet the learning needs of students ranging in age from Grade 1 to Grade 5. They create a safe, friendly and engaging learning environment for their students and make and use a variety of teaching and learning materials. They are alert and active in developing their professional competence as a primary teacher, in recognition of the importance of the primary years of schooling to build the foundations for future achievement in school and the world of work.

အလယ်တန်းပြဆရာများသည် ဆယ်ကျော်သက်အရွယ် အစောပိုင်းကာလရှိ ကျောင်းသားများ၏ အရေးပါသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြောင်းလဲမှုများကိုသိရှိကြပါသည်။ မူလတန်းမှအလယ်တန်းအဆင့်သို့ ကူးပြောင်းရာတွင် ကျောင်းသားများ၏ ပါဝင်ဆောင်ရွက်မှု၊ စိတ်ဝင်စားမှုနှင့် စွမ်းဆောင်ရည်များဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအဆင့်၏ ဖြစ်နိုင်ဖွယ်ရှိသော အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်ကြပါသည်။ အလယ်တန်းပြဆရာများသည် ဘာသာရပ်ဆိုင်ရာ အယူအဆများအားအဓိပ္ပာယ်ရှိ၍ ဆီလျော်မှုရှိသောသင်ယူမှုဖြစ်စေရန် သင်ကြားနည်းနှင့် ဘာသာရပ်ဆိုင်ရာအသိပညာတို့အား ဆက်စပ်ပေါင်းစပ်နိုင်သည့် နည်းလမ်းများကို နားလည်သဘောပေါက်ကြပါသည်။ ၎င်းတို့သည် သင်ခန်းစာများပြင်ဆင်ကြပြီး ကျောင်းသားတစ်ဦးချင်းစီ တက်တက်ကြွကြွ လက်တွေ့ပါဝင်ဆောင်ရွက်နိုင်သည့် သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင် ကြပါသည်။

အထက်တန်းပြဆရာများသည် ဆယ်ကျော်သက်နှောင်းပိုင်းကာလအရွယ်ကလေးများကို စေ့ဆော်မှုပေးရမည့် အကြောင်းအရာများ၊ ကျောင်းသားများ၏သင်ယူမှုတွင် လွတ်လပ်စွာသင်ယူနိုင်မှုနှင့် တက်ကြွစွာသင်ယူနိုင်မှုတို့အတွက် လိုအပ်ချက်များကို နားလည်သဘောပေါက်ကြပါသည်။ ဤဆရာများသည် သင်ကြားရမည့် ဘာသာရပ်နှင့်ပတ်သက်၍ ခိုင်မာသော အသိပညာများလည်းရှိကြပါသည်။ မျက်မှောက်ခေတ် ကမ္ဘာ့ပညာရေးနှင့် လုပ်ငန်းခွင်က တောင်းဆိုလျက်ရှိသော ကျောင်းသားတစ်ဦးချင်းစီ၏ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိနိုင်ပြီး ပြင်ဆင်ပေးနိုင်ရန်ရည်မှန်း၍ ဘာသာရပ်ဆိုင်ရာ သီးသန့်အကြောင်းအရာများ၊ အယူအဆများ၊ ကျွမ်းကျင်မှုများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန်နှင့် ကျင့်သုံးဆောင်ရွက်နိုင်ရန် သင်ကြားပေးနိုင်သူများဖြစ်ကြပါသည်။ ဤအဆင့်ရှိဆရာများသည် ကူညီပြသသင်ကြား လမ်းညွှန်ပေးနိုင်သူများဖြစ်ကြပြီး ကျောင်းသားများကို ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ၎င်းတို့နေထိုင်လုပ်ကိုင်ကြမည့် ပိုမိုကျယ်ပြန့်သောယဉ်ကျေးမှု၊ လူမှုရေး၊ နိုင်ငံရေးနှင့် သက်ဆိုင်သည့်ပတ်ဝန်းကျင်များကို ဆက်စပ်နိုင်ရန် ကူညီပေးနိုင်ကြပါသည်။ မျက်မှောက်ခေတ် ဘာသာရပ်ဆိုင်ရာ အသိပညာများအတွက် တောင်းဆိုလာမှုများအရ အထက်တန်းပြဆရာများသည် ဆရာအတတ်ပညာဆိုင်ရာ သင်ယူမှုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်ကြပါသည်။ သို့မှသာသင်ကြားမှုအထူးပြုနယ်ပယ်တွင် ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ပြီး ပိုမိုကျယ်ပြန့်သော နောက်ထပ်သင်ယူလေ့လာမှုများနှင့် လုပ်ငန်းခွင်တွင် ပိုမိုကျယ်ပြန့် စွာအသုံးပြုနိုင်မည်ဖြစ်ပါသည်။

## အထူးပြုဘာသာရပ်များ

သင်ကြားပေးရမည့်အခြေခံနှင့် အဓိကဘာသာရပ်များအပြင် ဆရာများအနေဖြင့်အထူးပြုသင်တန်းများ တက်ရောက်ခြင်းနှင့် ဆရာအတတ်ပညာလုပ်ငန်းတတ်ကျွမ်းမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပြည့်စုံအောင်ဆောင်ရွက်နိုင်ပါသည်။ တွဲဖက်သင်ရိုး သို့မဟုတ် အပိုသင်ရိုးဝင်ဘာသာရပ်များကဲ့သို့ သီးသန့်အထူးပြုဒီပလိုမာ သို့မဟုတ် ဒီဂရီဘွဲ့သင်တန်းများပေးနိုင်ပါသည်။ ဥပမာအားဖြင့် အထူးလိုအပ်ချက်ရှိသော ကျောင်းသားများအားသင်ကြားခြင်း၊ ဘာသာစကားနှင့် စာပေ ၊ ဘာသာစကားပညာရေး၊ ဘာသာစကားနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဘာသာစကားအခြေပြုသင်ကြားခြင်း၊ သင်ကြားသင်ယူမှုတွင် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ ( Information and Communications Technology: ICT) အသုံးပြုခြင်း၊ ပန်းချီ၊ ဂီတနှင့် သင်ကြားသင်ယူမှုဆိုင်ရာ ရင်းမြစ်များစီမံခန့်ခွဲမှု (စာကြည့်တိုက်ပညာ)





Lower secondary teachers are aware of the significant developmental changes of young adolescents. They understand the potential impact of this stage of development on students' engagement, interest and capacity to learn at the same time as the student is transitioning from primary into secondary school. They have a sound understanding of ways to integrate pedagogical knowledge with content knowledge to make learning of subject concepts relevant and meaningful. And they prepare lessons and the learning environment to maximise each student's active participation.

Upper secondary teachers understand what motivates older adolescents and their needs to be active and independent in their learning. These teachers have a sound knowledge of the subject taught and can readily translate subject specific content, concepts and skills into real life applications and practices, aiming to prepare each student with the critical thinking skills demanded of the contemporary world education and work. Teachers at this level are mentors and are able to assist the students to connect the subject matter with the broader cultural and socio–political environment in which they live and will work. Given these demands for contemporary subject knowledge, upper secondary teachers readily participate in professional communities of learning so as to be up–to–date in their specific field of teaching, and its broader application to further study and the world of work.

## Subject specialisations

In addition to foundation and core subjects, teachers may complete specialised training and professional development. Specialised course diplomas or degrees may be delivered as co–curricula or extra–curricular subjects and focus on specific areas of teaching and learning; for example, teaching students with special needs, language and literacy – language education, bi/multi–lingual teaching, ICT for teaching and learning, Arts and Music, or Learning Resource Management (Library).

ဤလက်ရှိအညွှန်းဘောင်သည် ဘာသာရပ်အမျိုးမျိုးနှင့် အထူးပြုသင်ကြားရေးနယ်ပယ်များနှင့် သက်ဆိုင်သည့် စံသတ်မှတ်ချက်များကို အသေးစိတ်ရှင်းလင်းဖော်ပြထားခြင်းမရှိပါ။ သို့ရာတွင် ဆရာအတတ်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်း သစ်ရေးဆွဲဆောင်ရွက်အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်နေသည့်အတွက် ဤအညွှန်းဘောင်ကို ဘာသာရပ်နယ်ပယ်အထူးပြုများ ထည့်သွင်းကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်လာမည်ဖြစ်ပါသည်။

## ဆရာများကိုသုံးသပ်ဆန်းစစ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းများတွင်အသုံးချခြင်း

ဤအညွှန်းဘောင်သည် ဆရာများအတွက်အဓိကကျသော တတ်ကျွမ်းမှုဆိုင်ရာစံသတ်မှတ်ချက်များပါဝင်ပြီး မြန်မာနိုင်ငံရှိ ဆရာများနှင့်ဆရာများ၏ သင်ကြားရေးဆိုင်ရာ အရည်အသွေးများအတွက် အကိုးအကားအဖြစ်လည်းကောင်း၊သို့မဟုတ် စံသတ်မှတ်ချက်အဖြစ်လည်းကောင်း အသုံးပြုရန်ဖြစ်ပါသည်။ ကနဦးအနေဖြင့် နိုင်ငံတော်အဆင့် ဤ အညွှန်းဘောင်ကို အကောင်အထည်ဖော်မှုတွင် ပညာရေးစီမံခန့်ခွဲသူများ၊ စီမံအုပ်ချုပ်သူများ၊ ဆရာအတတ်သင်ဆရာများနှင့် ဆရာများကို ရည်ရွယ်ထားသည့်အတိုင်း အသုံးပြုနိုင်ရန် ပြင်ဆင်ပေးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆရာများ၏ သင်ကြားမှုအရည်အသွေး မြှင့်တင်ပေးသည့် နည်းလမ်းတစ်ခုအနေဖြင့် ဆရာများနှင့်သက်ဆိုင်သည့်မူဝါဒများရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ဆရာအတတ်သင်ပညာရေး သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ ဆရာများ၏လက်တွေ့သင်ကြားမှုများကို လေ့လာကြီးကြပ်ခြင်း၊ သုံးသပ်ဆန်းစစ်ခြင်း၊ သင်တန်းဆိုင်ရာလိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းတို့ကိုပြုလုပ်ပါမည်။ ဤကနဦးပိုင်းဆောင်ရွက်မှုအဆင့်တွင် ဆရာလုပ်ငန်း အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး ကွဲပြားခြားနားသော အဆင့်အသီးသီးအတွက် ဆရာများ၏ တတ်ကျွမ်းမှုများကို သုံးသပ်ဆန်းစစ်အကဲဖြတ်ရာတွင် ပံ့ပိုးကူညီနိုင်ရန် အရည်အသွေးတိုင်း တိုင်းတာသည့်နည်းလမ်းများကို ရေးဦးစွာ ရေးသားပြုစု စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကနဦးပိုင်း အကောင်အထည်ဖော် ဆောင်ရွက်မှုကို အနီးကပ်လေ့လာကြီးကြပ်ခြင်း၊ နောက်ထပ် ထပ်မံအကောင်အထည်ဖော်ရန် စီမံကိန်းရေးဆွဲခြင်း၊ အခါအားလျော်စွာ အညွှန်းဘောင်များ ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းများအတွက် သတင်းအချက်အလက်များပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆရာအတတ်ပညာရေးစနစ်အတွင်း လုပ်ငန်းတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို နားလည်သဘောပေါက်ပြီး အသုံးပြုနိုင်စွမ်းကိုမူတည်၍ ဆရာများအား အကဲဖြတ်သုံးသပ်ရာတွင် ပံ့ပိုးကူညီနိုင်ရန် အညွှန်းဘောင်ကို ဆက်လက် ချဲ့ထွင်ပြုစုသွားရမည်ဖြစ်ပါသည်။ ဆရာများနှင့် ဆရာများ၏သင်ကြားရေးလုပ်ငန်း ဆောင်ရွက်မှုကို စစ်ဆေးအကဲဖြတ်ရန် အညွှန်းဘောင်ကို နည်းလမ်းကိရိယာ (tool) တစ်ခုအဖြစ် အသုံးပြုရာတွင် ခိုင်လုံမှုရှိ၍ အရည်အသွေးရှိသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည်။ ဆရာအတတ်ပညာစွမ်းဆောင်ရည်ကို အဆင့်တစ်ခုချင်းစီအတွက် မျှော်မှန်းထားသော လုပ်ငန်းအတတ်ပညာ တတ်ကျွမ်းမှုအဆင့်များဖြင့် အရည်အသွေးကို ဖော်ပြနိုင်ရပါမည်။ ဤနည်းလမ်းကိရိယာ (tool)များကို လက်တွေ့အသုံးပြုဆောင်ရွက်ရာတွင် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ၏ ရည်ရွယ်ချက်၊ ဆိုလိုရင်းများ၊ အဓိပ္ပာယ်ဖော်ပြချက်များနှင့် ပတ်သက်၍ တူညီသောနားလည်သဘောပေါက်မှုများရှိရန် အရေးပါသောသင်တန်းများပေးရန်လိုအပ်ပြီး ဆရာလုပ်ငန်းတတ်ကျွမ်းမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသူအမျိုးမျိုး (အနီးကပ်လေ့လာကြီးကြပ်၍ အကြံဉာဏ်ပေးသူများ၊ လေ့လာကြီးကြပ်သူများ၊ ကျောင်းအုပ်ကြီးများ)၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်လိုအပ်ပါသည်။





The TCSF does not currently elaborate on what the standards mean for different subjects and specialised fields of teaching. As the commenced reforms to teacher education and the new basic education curriculum take hold, expansion of the TCSF to include subject area specialisations may be desirable.

## Use in teacher appraisal and assessment

The TCSF provides a core set of competency standards to be used as the point of reference or benchmark for the teacher and teaching quality in Myanmar. Initially, national implementation of the TCSF will involve preparing education managers, administrators, teacher educators and teachers to use the TCSF for its intended purpose. Namely, to support design and implementation of teacher related policy, teacher education curriculum development and in the monitoring and appraisal of teachers' teaching practice and training needs analysis, as a means of upgrading the quality of teaching in Myanmar. In this initial phase, qualitative instruments will be developed and tested to support appraisal of teachers' competencies for the different stages of professional development. Close monitoring of this initial implementation will inform further implementation planning and periodic revisions of the TCSF.

As understanding and capacity to apply competency standards to the profession is developed within and across the system of teacher education in Myanmar, the TCSF may be extended to support teacher evaluation. Use of the TCSF as a tool for assessment of teachers and their teaching performance will require the development of instruments with validated and levelled quality criterion to describe expected levels of proficiency for each of the stages of teachers' professional development. Implementation of such tools will also require significant training and professional development of the different users (mentors, supervisors, principals) to develop a common level of understanding about the interpretation of the different descriptors and what they mean.

## အရည်အချင်းများ

ဤအညွှန်းဘောင်သည် သင်တန်းအမျိုးအစား (အထောက်အထားလက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့)၊ သင်တန်းကာလ သို့မဟုတ် ပို့ချသည့်နည်းလမ်းများ– တက္ကသိုလ်၊ ပညာရေးကောလိပ်၊ အဝေးသင်ပညာရေး– သို့မဟုတ် စာပေးစာယူ သင်တန်းများနှင့် ကျောင်းအခြေပြုသင်တန်းများ – အကြားခွဲခြားခြင်းမရှိပါ။ ဆိုလိုသည်မှာ မည်သည့်သင်တန်း တက်ရောက်သည်ဖြစ်စေ ဆရာတစ်ယောက်သည် သင်တန်း (သို့မဟုတ်) သင်တန်းအစီအစဉ်ပြီးဆုံးပါက လုပ်ငန်း တာဝန်စတင်ထမ်းဆောင်သည့် ဆရာများအတွက် သတ်မှတ်ဖော်ထုတ်ထားသည့် အနိမ့်ဆုံးတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ ရရှိသွားရမည်ဖြစ်ပါသည်။

လုပ်ငန်းတာဝန်စတင်ထမ်းဆောင်သည့် ဆရာတစ်ယောက်တွင် အတွေ့အကြုံရှိသော ဆရာများ၌ရှိသည့် တတ်ကျွမ်းမှုအဆင့်အချို့လည်း သရုပ်ပြနိုင်ချေရှိနိုင်ပါသည်။ အထက်တွင် သတိပြုမိသည့်အတိုင်း ဆရာတတ်ကျွမ်း မှုစံသတ်မှတ်ချက်အညွှန်းဘောင်အတွက် လက်တွေ့အသုံးချမှုများသည် သင်ကြားရေးလမ်းကြောင်း အမျိုးမျိုး အတွက် ခွင့်ပြုထားသင့်ပါသည်။ ထို့ကြောင့် ဆရာအတတ်ပညာဆိုင်ရာ တတ်ကျွမ်းမှုဆိုင်ရာစွမ်းရည်ဖွံ့ဖြိုးတိုးတက် မှုတွင် နှုန်းအမျိုးမျိုးကိုမျှော်လင့်ထားရပါမည်။

# ၅။ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ

## ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘော ပေါက်မှု

ဤနယ်ပယ်၌ ဆရာများသိသင့်သည့်၊ လက်တွေ့ထုတ်ဖော်ပြသသင့်သည့် အကြောင်းအရာ၊ သတင်းအချက်အလက် များကို အလေးပေးထားပါသည်။ ပညာရေးအဆင့် အသီးသီးနှင့် အသက်အရွယ်အမျိုးမျိုးအား သင်ကြားရာတွင် လိုအပ်သောအသိပညာ၊အဆင့်နှင့်ကိုက်ညီသောဘာသာရပ်ပါအကြောင်းအရာများနှင့်တတ်ကျွမ်းမှုများပါရှိပါသည်။ ဘာသာရပ် တတ်ကျွမ်းမှုနှင့် ပတ်သက်၍ ကျောင်းသားများအနေဖြင့် မည်ကဲ့သို့သင်ယူသည်၊ အဓိကသင်ယူမှု နယ်ပယ်များ တွင်ကျောင်းသားများအား မည်ကဲ့သို့ထိရောက်စွာ သင်ကြားနိုင်သည်ကို နားလည်သဘောပေါက် ရန်လိုအပ်ပါသည်။ ဤနယ်ပယ်၌ ပါဝင်သော တတ်ကျွမ်းမှုဆိုင်ရာစံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ပညာရေးမူဝါဒဆိုင်ရာအသိပညာများ၊ ကျောင်းသင်ရိုးညွှန်းတမ်းများ၊ ၎င်း၏ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ရေးသားပြုစုမှုတို့ အပေါ်တွင် အခြေခံထားပါသည်။

**တတ်ကျွမ်းမှုဧရိယာ– ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေး ဘာသာရပ်များ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက်(က–၁) ကျောင်းသားများမည်သို့သင်ယူသည်ကိုသိသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(က) (၁.၁) ကျောင်းသားများ၏အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့်လိုက်လျောညီထွေစွာမည်သို့ သင်ယူကြသည် ကို နားလည်သဘောပေါက်ကြောင်းပြသသည်။





## Qualifications

The TCSF does not discriminate between course type (certificate, diploma, degree), duration of programme or modes of delivery – University, Education College, distance education or correspondence and school–based training. It assumes, regardless of qualification pathway, that when a teacher has completed the requirements of the training mode, course or programme, including a period of induction, they will have achieved as a minimum the core competency standards as described for the Beginning Teacher.

It is possible, therefore, that a teacher at the beginning level may demonstrate levels of competence against some competency standards more commonly associated with an experienced teacher. As previously noted, the application of the TCSF should allow for different pathways into teaching and, therefore, expect differing rates of professional growth and development.

# 5. Teacher Competency Standards

## Domain A: Professional Knowledge and Understanding

This domain centres on the information that teachers should know and be able to demonstrate. It encompasses the knowledge required for teaching different ages and stages and level–appropriated subject content competency. Inherent in any focus on subject competency is the necessity to understand how students learn and how they can be effectively taught in the key learning areas. Underpinning all competency standards in this domain is knowledge of educational policy and school curricula for Myanmar, its aims and objectives and developments.

**Area of Competence: Professional knowledge and understanding – Educational Studies**

**Competency standard A1: Know how students learn**

**Minimum requirements**

A–1.1 Demonstrate understanding of how students learn relevant to their age and developmental stage

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကိုနားလည်သဘောပေါက်ကြောင်းပြသသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဆိုင်ရာနည်းပညာများ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၂) ပညာရေးဆိုင်ရာနည်းပညာများကို ဆီလျော်စွာအသုံးပြုနိုင်မှုအားသိသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(က)(၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအားနားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၂.၂) သတင်းအချက်အလက်၊ဆက်သွယ်ရေးနည်းပညာ(ICT)ကိုသင်ကြားသင်ယူမှုတွင် သင့်လျော်စွာအသုံးပြုနိုင်မှုကိုနားလည်သဘောပေါက်ကြောင်းပြသသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ကျောင်းသား၊ မိဘ၊ ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းများ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက်(က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာဆက်ဆံရမည်ကိုသိသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(က)(၃.၁) မြန်မာနိုင်ငံရှိဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသောတာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ဘာသာစကား၊ ယဉ်ကျေးမှုမတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်းပြသသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – သင်ရိုးညွှန်းတမ်း**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က– ၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်းပြသသည်။





A–1.2 Demonstrate understanding of how different teaching methods can meet students' individual learning needs

**Area of Competence: Professional knowledge and understanding –Educational technologies**

**Competency standard A2: Know appropriate use of educational technologies**

**Minimum requirements**

A–2.1 Demonstrate understanding of appropriate use of a variety of teaching and learning strategies and resources

A–2.2 Demonstrate understanding of appropriate use of Information and Communication Technology (ICT) in teaching and learning

**Area of Competence: Professional knowledge and understanding – Students, families, schools and communities**

**Competency standard A3: Know how to communicate well with students and their families**

**Minimum requirements**

A–3.1 Demonstrate understanding of the role and expected duties of teachers in Myanmar

A–3.2 Demonstrate respect for the social, linguistic, and cultural diversity of the students and their communities

**Area of Competence: Professional knowledge and understanding – Curriculum**

**Competency standard A4: Know the curriculum**

**Minimum requirements**

A–4.1 Demonstrate understanding of the structure, content and expected learning outcomes of the basic education curriculum

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု – ဘာသာရပ်အကြောင်းအရာ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က– ၅) ဘာသာရပ်အကြောင်းအရာကိုသိသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသောဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသောသင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်း အရာများအားမည်သို့ ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ

ဤနယ်ပယ်သည် ဆရာများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် သက်ဆိုင်ပါသည်။ ဆရာများ၏ ဆရာ အတတ်ပညာနှင့် သက်ဆိုင်သောအသိပညာနှင့် နားလည်မှုတို့ကို မတူညီသော ဘာသာရပ်နယ်ပယ်၊ ပညာရေး အဆင့်များနှင့် ဆီလျော်စွာ ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် မတူညီသော ပညာရေး နောက်ခံအခြေအနေတို့အတွက် သင်ကြားမှုဆိုင်ရာနည်းဗျူဟာအမျိုးမျိုးကို ပိုင်ဆိုင်စေခြင်းအားဖြင့် ပြည့်စုံစေမည် ဖြစ်ပါသည်။

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – သင်ကြားနည်းပညာ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်းအကြောင်းအရာကို သင်ကြားသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာအသိသညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ)(၁.၂) သင်ကြား၊ သင်ယူမှုတွင်ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြား နိုင်စွမ်းရှိကြောင်းပြသည်။





**Area of Competence: Professional knowledge and understanding – Subject matter**

**Competency standard A5: Know the subject content**

**Minimum requirements**

A–5.1 Demonstrate understanding of the subject matter to teach the assigned subject/s for the specified grade level/s

A–5.2 Demonstrate understanding of how to vary delivery of subject content to meet students' learning needs and the learning context

## Domain B: Professional Skills and Practices

This domain deals with what teachers are able to do. The teachers’ professional knowledge and understanding is complemented by possession of a repertoire of teaching strategies for different educational contexts to meet the needs of individual students as appropriate to different subject areas and stages of schooling.

**Area of Competence: Professional skills and practices – Pedagogy**

**Competency standard B1: Teach curriculum content using various teaching strategies**

**Minimum requirements**

B–1.1 Demonstrate capacity to teach subject–related concepts and content clearly and engagingly

B–1.2 Demonstrate capacity to apply educational technologies and different strategies for teaching and learning

(ခ)(၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့်ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်းပြသည်။

**တတ်ကျွမ်းမှုဧရိယာ– ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စစ်ဆေးအကဲဖြတ်ခြင်း**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ–၂) ကျောင်းသားများ၏သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်း နှင့် အစီရင်ခံခြင်း**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ခ)(၂.၁) ကျောင်းသားများ၏ သင်ယူမှုကိုလေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကိုပြသသည်။

(ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများသင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်း ပြသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စာသင်ခန်းစီမံခန့်ခွဲမှု**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၃) ကျောင်းသားများ၏သင်ယူမှုကိုအထောက်အကူ ပြုသော၊ ဘေးကင်းလုံခြုံစိတ်ချမှု ရှိသောသင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ခ)(၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသောသင်ယူမှု ဝန်းကျင်ကိုဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။

(ခ)(၃.၂) ကျောင်းသားများ၏အပြုအမူများကို စီမံခန့်ခွဲရန်နည်းဗျူဟာများသုံး၍ဖြေရှင်း နိုင်စွမ်းရှိကြောင်း ပြသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – ဆက်သွယ်ပြောဆိုခြင်း**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်သည်။**





B–1.3. Demonstrate good lesson planning and preparation in line with students' learning ability and experience

**Area of Competence: Professional skills and practices – Assessment**

**Competency standard B2: Assess, monitor, and report on students' learning**

**Minimum requirements**

B–2.1 Demonstrate capacity to monitor and assess student learning

B–2.2 Demonstrate capacity to keep detailed assessment records and use the assessment information to guide students' learning progress

**Area of Competence: Professional skills and practices – Classroom management**

**Competency standard B3: Create a supportive and safe learning environment for students**

**Minimum requirements**

B–3.1 Demonstrate capacity to create a safe and effective learning environment for all students

B–3.2 Demonstrate strategies for managing student behaviour

**Area of Competence: Professional skills and practices – Communication**

**Competency standard B4: Work together with other teachers, parents, and community**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ခ)(၄–၁) ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကိုအသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။

## ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ

ဤနယ်ပယ်တွင် ပညာရေး၊ သင်ကြားသင်ယူရေးတို့နှင့် ပတ်သက်၍ ဆရာများ၏ စိတ်ကူးအကြံဉာဏ်များ၊ တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများကို ရည်ညွှန်းဖော်ပြထားပါသည်။ မြန်မာ့အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသော ဆရာကိုတန်ဖိုးထားမှုများနှင့် ဆရာများနှင့် ရပ်ရွာတို့အကြား အပြန်အလှန်နားလည်မှုကို ထင်ဟပ်စေသည့်အချက်များကို နောက်ခံပြုထားပါသည်။ ဤအချက်များတွင် (၁) ကျောင်းသားများကို စည်းကမ်းရှိရန် သင်ကြားပေးခြင်း(၂) အကောင်းဆုံးသင်ကြားပို့ချရှင်းလင်းခြင်း(၃) ကလေးများတတ်သိသင့်သည်များကို မခြွင်းမချန်သင်ပေးခြင်း (၄) ကျောင်းသားများကိုတန်ဖိုးထားအသိအမှတ်ပြုခြင်း (၅) လိုအပ်သည့်အခါတိုင်း ကျောင်းသားများအတွက်ရပ်တည်ပေးခြင်းနှင့် ဆရာအသက်မွေးဝမ်းကျောင်း အလုပ်ကိုတန်ဖိုးထားကြောင်းပြခြင်း (၆) အပြန်အလှန်အားဖြင့် မြန်မာ့ယဉ်ကျေးမှုအရ ရပ်ရွာအနေဖြင့် ဆရာများကို ရိုသေလေးစားကြောင်းပြခြင်း စသည်တို့ ပါဝင်သည်။

**တတ်ကျွမ်းမှုဧရိယာ– ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုနှင့် သဘောထားခံယူချက်များ – ဆရာ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခြင်း**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ဂ)(၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကိုလက်ခံကျင့်သုံးနိုင်ကြောင်းပြသနိုင်သည်။

(ဂ)(၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏လက်တွေ့သင်ကြားမှုများ အားလွှမ်းမိုးနေသော နောက်ခံစိတ်ကူးအတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။

(ဂ)(၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင်အကျိုးသက်ရောက် နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ဂ)(၁.၄) ပညာရေးဆိုင်ရာရင်းမြစ်များကိုသုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။





**Minimum requirements**

B–4.1 Demonstrate strategies for working together with other teachers, parents, and the local community to improve the learning environment for students

## Domain C: Professional Values and Dispositions

This domain refers to the ideas, values and beliefs that teachers hold about education, teaching and learning. It is underpinned by the values expressed in the Myanmar National Education Law and reflects the mutual understanding by teachers and the community about the Myanmar teacher – Teach students to be disciplined, Teach and explain to your best, Teach everything known, Appreciate students and Stand up for students whenever needed, Teach to value the professional work of being a teacher. According to Myanmar tradition, in return, the community will respect teachers.

**Area of Competence: Professional values and dispositions – Service to profession**

**Competency standard C1: Service to profession**

**Minimum requirements**

C–1.1 Demonstrate values and attitudes consistent with Myanmar's tradition of perceiving teachers as role models

C–1.2 Demonstrate understanding of the underlying ideas that influence one's practice as a professional teacher

C–1.3 Demonstrate understanding of the possible effect of local culture and context on student participation in school

C–1.4 Demonstrate responsibility and accountability for the use of education resources

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုနှင့် သဘောထားခံယူချက်များ – ရပ်ရွာအရေး ဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၂) ရပ်ရွာအရေးဦးဆောင်ပါ ဝင်ဆောင်ရွက်သည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ဂ)(၂.၁) ကျောင်းနှင့် ရပ်ရွာကိစ္စများ၌ ဆရာအတတ်ပညာအသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံ ဆောင်ရွက်နိုင်ကြောင်း ပြသသည်။

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – သင်ယူသူဗဟိုပြု သင်ကြားရေးအပေါ် တန်ဖိုးထားမှုများ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံးပညာရေးအရည်အသွေးမြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှ ရရှိနိုင်ရန်တိုးမြှင့်ဆောင်ရွက်သည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ဂ)(၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာပံ့ပိုးကူညီကြောင်း ပြသသည်။

(ဂ)(၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကိုလေးစားပြီး ကျောင်းသားအားလုံးမိမိတို့၏ စွမ်းရည်အလိုက်သင်ယူနိုင်သည်ဟူသောယုံကြည်မှု သဘောထားကိုဖော်ပြသည်။

(ဂ)(၃.၃) ကျောင်းသားများမတူကွဲပြားသောယဉ်ကျေးမှု ဓလေ့ထုံးစံများကိုနားလည်ပြီး ကမ္ဘာ့ နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်းပြသသည်။

## ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

ဤနယ်ပယ်သည် ဆရာများ၏စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် သက်ဆိုင်သည်။ ၎င်းတွင် ဆရာများ၏ အလေ့အကျင့်များ၊ စေ့ဆော်မှုများ၊ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများ၊ အတတ်ပညာစွမ်းဆောင်ရည်မြင့်မားမှုများ နှင့် ဆက်စပ်သည့်လုပ်ဆောင်မှုများပါဝင်ပါသည်။ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြှင့်တင်မှုသည် ရပ်ရွာအတွင်းခေါင်းဆောင်များအဖြစ် ဆရာများ၏အခန်းကဏ္ဍအရေးပါမှုကို မြှင့်တင်ပေးပါသည်။ ဆရာများ၏ စာသင်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆရာအတတ်ပညာစဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုများကိုအထောက်အကူပြုရန်သုတေသနဆိုင်ရာလိုအပ်ချက်များကိုအလေးပေးဖော်ပြထားပါသည်။





**Area of Competence: Professional values and dispositions – Service to community leadership**

**Competency standard C2: Service to community leadership**

**Minimum requirements**

C–2.1 Demonstrate commitment to serving the school and community as a professional member of the teaching profession

**Area of Competence: Professional values and dispositions – Student–centred values**

**Competency standard C3: Promote quality and equity in education for all students**

**Minimum requirements**

C–3.1 Demonstrate a high regard for each student's right to education and treat all students equitably

C–3.2 Demonstrate respect for diversity of students and the belief that all students can learn according to their capacities

C–3.3 Demonstrate capacity to build students' understanding of different cultures and global citizenship

## Domain D: Professional Growth and Development

This domain deals with teachers' continuing professional growth and development. It incorporates teachers' habits, motivation and actions related to their on–going learning and professional improvement. It advocates the importance of all teachers being aware of their role as leaders within the community and highlights the need for active research to support teachers' classroom performance and continuing professional development.

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပြန်လည်ထင်ဟပ်သုံးသပ်သည့် အလေ့အကျင့်များ**

**တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၁) မိမိ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည် ထင်ဟပ်သုံးသပ်သည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ဃ)(၁.၁) မိမိ၏လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပူးပေါင်းဆောင်ရွက်သင်ယူမှု**

**တက်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၂) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာ ဆိုင်ရာစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – သုတေသနပြုရန် ဦးဆောင်ဦးရွက် ပြုနိုင်သည့်စွမ်းရည်**

**တက်ကျွမ်းမှုစံသတ်မှတ်ချက်(ဃ–၃) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။**

**အနိမ့်ဆုံးလိုအပ်ချက်များ**

(ဃ)(၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများတိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာသင်ယူမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။





**Area of Competence: Professional growth and development – Reflective practices**

**Competency standard D1: Reflect on own teaching practice**

**Minimum requirements**

D–1.1 Regularly reflect on own teaching practice and its impact on student learning

**Area of Competence: Professional growth and development – Collaborative learning**

**Competency standard D2: Engage with colleagues in improving teaching practice**

**Minimum requirements**

D–2.1 Improve own teaching practice through learning from other teachers and professional development opportunities

**Area of Competence: Professional growth and development – Initiative for research culture**

**Competency standard D3: Participate in professional learning to improve teaching practice**

**Minimum requirements**

D–3.1 Demonstrate understanding of the importance of inquiry and research–based learning to improve teaching practice

# ၆။ ပညာရေးဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

**၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပညာရပ်ဝေါဟာရများကို အညွှန်းဘောင်တွင် အသုံးပြုထားပါသည်။**

စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ – ယခင်ကသင်ယူခဲ့သည်များ၊ လွဲမှားနေသောအယူအဆများကို စစ်ဆေးရန် အားနည်းချက် စစ်ဆေးအကဲဖြတ်ခြင်း၊ သင်ယူစဉ်နှင့် သင်ကြားအပြီးစစ်ဆေး အကဲဖြတ်ခြင်းများပါဝင်ပါသည်။ အခြေခံပညာရေးသင်ရိုးညွှန်းတမ်းတွင်သတ်မှတ်ဖော်ပြထားသော ပညာရေးအဆင့်၊ အသက်အရွယ်အရသင်ယူမှု နယ်ပယ်အလိုက်ရရှိသွားရမည့် မျှော်မှန်းထားသော တတ်ကျွမ်းမှုအဆင့်များနှင့် ဆက်စပ်မှုရှိသော ကျောင်းသားများ၏ သင်ယူမှုတိုးတက်မှု၊ တတ်မြောက်မှုများကိုစစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါသည်။

- သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားပေးသည့် သုံးသပ်အကြံပြုချက်များမှတစ်ဆင့် ကျောင်းသားများ၏သင်ယူမှုကို ပံ့ပိုးပေးပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များကို သင်ကြားသင်ယူမှု အစီအစဉ်များရေးဆွဲရာ၌အသုံးပြုပါသည်။ သတင်းအချက်အလက်များကို မေးခွန်းမေးခြင်း (အဖွင့်၊ အပိတ်မေးခွန်း)၊ ပုံစံတကျမဟုတ်သောကစားနည်းများ၊ ပဟေဠိများ၊ ဘာသာရပ်၊ အကြောင်းအရာ ခေါင်းစဉ် သို့မဟုတ် အခန်းဆုံးစစ်ဆေးခြင်းမှ ရရှိနိုင်ပါ သည်။

- ယခင်ကသင်ယူခဲ့သည်များ၊လွဲမှားနေသောအယူအဆများကိုစစ်ဆေးရန် အားနည်းချက်စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း နှင့် ဆင်တူယိုးမှား ဖြစ်သော်လည်း သင်ယူသူသိရှိပြီးသော အကြောင်းအရာကိုစစ်ဆေးခြင်းဖြစ်ပါသည်။ သင်ယူမှုနယ်ပယ်တစ်ခုအတွင်း ကျောင်းသားများသိထားသောအသိပညာများနှင့် ကျွမ်းကျင်မှု သို့မဟုတ် သီးသန့်လိုအပ်သောတတ်ကျွမ်းမှုများအတွက် (ဥပမာ – မြန်မာဘာသာစကား သို့မဟုတ် စာဖတ်နိုင်မှုအဆင့်) သင်ခန်းစာပြင်ဆင်ရေးဆွဲနိုင်ရန် အချက်အလက်များ ကောက်ယူခြင်းဖြစ်ပါသည်။

- သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်းကို ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း သို့မဟုတ် ပညာရေးအဆင့်တစ်ခုစီအတွက် သတ်မှတ်ဖော်ပြထားသော မျှော်မှန်းထားသည့် တတ်ကျွမ်းမှုများ၊ သင်ယူမှု ရလဒ်များကျောင်းသားများမည်မျှ သင်ယူတတ်မြောက်မှု ရရှိသွားသည်ကို အကဲဖြတ် သုံးသပ်ရန်အသုံးပြုပါသည်။ ဤကဲ့သို့သောစစ်ဆေးအကဲဖြတ်ခြင်းတွင် တစ်နှစ်တာ၏ နောက်ဆုံး သို့မဟုတ် ပညာသင်ကာလအပိုင်း အခြားအလိုက်စစ်ဆေးသော အစမ်းစာမေးပွဲများ သို့မဟုတ် စာမေးပွဲများ ပါဝင်ပါသည်။

သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန်ရည်ရွယ်၍ သင်ယူမှုရလဒ်များ၊ သင်ရိုးဝင် အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့ အပါအဝင် ကျောင်းတွင်း၊ ကျောင်းပြင်ပတို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များကိုဆိုလိုပါသည်။





# 6. Glossary

**Wherever possible definitions and terms are drawn from the National Education Law (2014) and as amended, 25 June 2015.**

Assessment methods include diagnostic, formative and summative assessments of student learning progress and achievement related to the expected levels of competence for the area of learning, as specified in the basic education curriculum for the age and stage of schooling.

- Formative assessment contributes to learning through feedback provided to the student. Assessment information is used to inform the design of teaching and learning programmes and may include data gathered from questioning (open and closed), informal games and puzzles, formal subject/ topic or end–of–chapter tests.

- Diagnostic assessment can be similar to formative assessment but is concerned with what the learner already knows. Data is collected on the students' knowledge and skills within a learning area or for a particular competency, (for example Myanmar language or reading level) to inform lesson planning.

- Summative assessment is used to evaluate the extent of the students' achievement for the expected competencies and learning outcomes, as specified in the curriculum or for the stage of schooling. Such assessments usually comprise end–of–year or semester tests or examinations.

Curriculum refers to a systematic programme in which learning outcomes, contents, teaching and learning approaches and methods and assessment of respective subject areas to be learnt inside and outside schools are specified.

ကလေးများဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသော လက်တွေ့ဆောင်ရွက်မှုများကို လုပ်ငန်းဆောင်ရွက်မှုများ၊ အထောက်အပံ့ပစ္စည်းများနှင့် လုပ်ငန်းအစီအစဉ်များကိုဖော်ပြရာ၌ အသုံးပြုလေ့ရှိပါသည်။ ကလေးဖွံ့ဖြိုးမှုကိုသိရှိပြီး ကျောင်းသားတစ်ယောက်ချင်းစီ၏ နောက်ခံအကြောင်းအရာနှင့် ကျောင်းသားတစ်ယောက်ချင်းစီ၏ ဖွံ့ဖြိုးမှုကို အခြေခံ၍ သင်ယူမှုပုံစံများရေးဆွဲနိုင်သည်ဟု ယူဆလက်ခံထားပါသည်။

ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး ဆိုသည်မှာ အသက်ရှစ်နှစ်ပြည့်သည့် အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသောနည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုလိုသည်။

ပညာရေးဘာသာရပ်များဆိုသည်မှာ ပညာရေးသဘောတရားဆိုင်ရာ အခြေခံများကိုဆိုလိုပါသည်။ ၎င်းတွင် ယဉ်ကျေးမှု၊ သမိုင်း၊ အတွေးအခေါ်၊ ပညာရေးစိတ်ပညာနှင့် လူမှုရေးဆိုင်ရာ အသိပညာများပါဝင်ပြီး၊ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်သတင်းအချက်အလက်များပေးခြင်းနှင့် ဆက်စပ်ပေးခြင်းတို့ ဖြစ်ပါသည်။

သူငယ်တန်းပညာရေး ဆိုသည်မှာ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်ငါးနှစ်ပြည့်ပြီးကလေးများအတွက်ဘက်စုံဖွံ့ဖြိုးမှုနှင့်သင့်လျော်သောနည်းလမ်းများကိုအသုံးပြုပြုစုပျိုးထောင်ပေးသည့်ပညာရေးဖြစ်ပါသည်။

မိခင်ဘာသာစကားဆိုသည်မှာ ကျောင်းသားများ ပထမဆုံးအသုံးပြုသည့် ဘာသာစကား သို့မဟုတ် အိမ် သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုအသိုင်းအဝိုင်း၌ ပြောဆိုသည့် ဘာသာစကား ဖြစ်ပါသည်။

သင်ကြားသင်ယူရာတွင် အသုံးပြုသောဘာသာစကား ဆိုသည်မှာသင်ကြားသင်ယူရာတွင် ပံ့ပိုးကူညီရန် ဆရာ၊ ဆရာမများစာသင်ခန်းအတွင်းအသုံးပြုသည့် ဘာသာစကား ဖြစ်ပါသည်။

အတန်းတွဲသင်ကြားခြင်း ဆိုသည်မှာအခန်းတစ်ခန်းတည်း၌ အတန်း (၂)တန်း သို့မဟုတ် (၂)တန်း ထက်ပို၍ သင်ကြားနေခြင်းကိုဆိုလိုပါသည်။ ဥပမာ– ဒုတိယတန်းနှင့် တတိယတန်းကလေးများပေါင်း၍ သင်ကြားခြင်း ဖြစ်ပါသည်။ အတန်းတွဲသင်ကြားခြင်းကို အောက်ပါအကြောင်းရင်းများအရ သင်ကြားရခြင်းဖြစ်ပါသည်။ (၁) ဝေးလံဒေသများရှိကျောင်းများ သို့မဟုတ် ကျောင်းငယ်လေးများတွင် ဆရာအင်အားမလုံလောက်ခြင်း (၂) ကျောင်းကြီးများတွင် အတန်းအဆင့်တစ်ခုအတွက် လက်ခံသင့်သည် ကျောင်းသားဦးရေများကို အတန်းအရွယ်အစားထက် ပို၍လက်ခံပြီး၊ ဆရာခွဲဝေခန့်ထားမှုနှင့် ပိုမိုသောကျောင်းသားဦးရေများထည့်သွင်းနိုင်ရန် အတန်းများ စုပေါင်းထားခြင်း(၃) ပညာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းသည့်အနေဖြင့် ရည်ရွယ်ချက်အရ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဥပမာ– လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကိုလှုံ့ဆော်မှုပေးရန်၊ သက်တူ ရွယ်တူများအခြေပြုလုပ်ငန်းများဆောင်ရွက်ရန်၊ ပူးပေါင်းသင်ယူခြင်းကိုအားပေးရန် သင်ကြားနည်းပညာအကြောင်းရင်းများအပေါ် အခြေခံ၍ အသက်ရွယ်စုံရှိသော ကလေးများအုပ်စုဖွဲ့ထားရှိခြင်း ဖြစ်သည်။

သင်ကြားနည်းအတတ်ပညာ ဆိုသည်မှာ ဝိဇ္ဇာ၊ သိပ္ပံ သို့မဟုတ် သင်ကြားရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြစ်ပါသည်။ ၎င်းတွင်ပညာရေးသဘောတရားနှင့် လက်တွေ့ကျင့်သုံးမှုများပါဝင်ပါသည်။ အကောင်းဆုံးမည်ကဲ့သို့ လက်တွေ့သင်ကြားမည်ကို လေ့လာခြင်းဖြစ်ပါသည်။ သင်ကြားနည်းပညာဆိုင်ရာ ချဉ်းကပ်နည်းများသည် ဘာသာရပ်၊ ဘာသာရပ်ဆိုင်ရာ အသိသညာများ၊ အကြောင်းအရာများ၊ နည်းလမ်းများ၊ ပညာရေးသင်ယူရမည့် အသက်အရွယ်နှင့် ပညာရေးအဆင့်များအလိုက် ကွဲပြားခြားနားမှုများရှိမည်ဖြစ်သည်။





Developmentally Appropriate Practices is used to describe activities, equipment or programmes. It assumes that what is known about child development and each student's profile and their development informs design of learning.

Early Childhood Education refers to education using methods and approaches relevant to developmental stages of children for all–round development for all children up to the age of eight.

Educational Studies refers to the theoretical foundations of education and includes intercultural, historical, philosophical, psychological and sociological knowledge as it relates to and informs teaching practice.

Kindergarten is a programme of education of five–year–olds for smooth transition to Grade 1 using relevant ways and means for their all–round development.

Mother tongue refers to the use of the students' first language or the language spoken at home and within the ethnic community.

Language of instruction refers to the language (s) used in the classroom to support teaching and learning.

Multi–grade teaching occurs when a single class contains two or more single class levels. For example, Grade level 2 and 3 students combined. Multi–grade classes are usually created for one or more of the following reasons: 1) In remote and or small schools where the number of teachers is limited. 2) In large schools where student numbers for a year level exceed the accepted class size and composite grades are created to accommodate the extra students and teaching staff allotments. 3) As a deliberate response to address specific educational needs. Examples are mixed age grouping based on pedagogical reasoning such as stimulating social development, peer– based and cooperative learning.

Pedagogy is the art, science or profession of teaching. It includes the theory and practice of education and, therefore, the study and practice of how best to teach. Pedagogical approaches will vary according to the subject / discipline concepts, content, methods, and the age and stage of schooling.

သင်ကြားနည်း အကြောင်းအရာပိုင်းဆိုင်ရာအသိပညာ(Pedagogical Content Knowledge – PCK) ဟုစတင်ဖော်ပြခဲ့သူမှာShulman (၁၉၈၇) ဖြစ်ပြီး၊ ၎င်းသည်သင်ကြားနည်း အကြောင်းအရာပိုင်းဆိုင်ရာအသိပညာ နှင့် သင်ယူသူများကို ၎င်းတို့၏ အသက်အရွယ်၊ ပညာရေးအဆင့်များ၊ သင်ယူသူ၏ အချက်အလက်များနှင့်အညီ ချိတ်ဆက်ပေးနိုင်သော ဆရာများ၏စွမ်းဆောင်ရည်နှင့် ဆက်စပ်လျှက်ရှိပါသည်။

**ပညာရေးဆိုင်ရာအခွင့်အရေးဆိုသည်မှာ ကလေးများအားလုံးအတွက် အခြေခံကျသော လူ့အခွင့်အရေး ဖြစ်သည့် အခမဲ့မသင်မနေရပညာရေးကို ရည်ညွှန်းပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၂၆ တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်–**

(၁) လူတိုင်းပညာသင်ယူနိုင်ခွင့်ရှိသည်။ အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်ရှိ အတန်းများတွင် ပညာသင်ကြားရေးသည်အခမဲ့ဖြစ်ရမည်။ မူလတန်းပညာရေးသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုအသက်မွေးမှုပညာများကို ယေဘုယျအားဖြင့် လူတိုင်း သင်ယူခွင့်ရှိစေရမည်။ ထို့ပြင် အဆင့်မြင့်ပညာ သင်ယူခွင့်ကို အရည်အချင်းအခြေခံပြု၍ တူညီသောအခွင့်အရေး ရရှိစေရမည်။

(၂) ပညာသင်ကြားရေးကိုလူသားတို့၏ ကိုယ်ရည်ကိုယ်သွေး စရိုက်လက္ခဏာ အပြည့်အဝတိုးတက်မှုရှိရန်နှင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ကို လေးစားမှု တို့ကို အားဖြည့်ပေးရန် ရည်ရွယ်၍သင်ကြားစေရမည်။ ပညာသင်ကြားရေးသည် နိုင်ငံ အားလုံးအကြားတွင်လည်းကောင်း၊ လူမျိုးစုများအကြားတွင်လည်းကောင်း၊ ဘာသာရေး အုပ်စုများအကြားတွင်လည်းကောင်း၊ အချင်းချင်းနားလည်မှု၊ သည်းခံမှုနှင့် ခင်မင်ရင်းနှီးမှု တို့ကို အားပေးမြှင့်တင်ပေးရမည်။ ထို့ပြင်ငြိမ်းချမ်းရေး တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် အလို့ငှါ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများကိုလည်း ဖြစ်မြောက်အောင် အားပေးရမည်။

(၃) မိဘများသည် မိမိတို့၏ကလေးများသင်ယူရမည့် ပညာအမျိုးအစားကို ရွေးချယ်နိုင်သော လက်ဦးအခွင့်အရေးရှိသည်။

ကျောင်း ဆိုသည်မှာဆရာများနှင့် သင်ကြားရေးအတွက် သက်ဆိုင်သည့် စံသတ်မှတ်ချက် အဆင့်အတန်းရှိသော ပညာရေးဆိုင်ရာအခင်းအကျင်းတစ်ခုဖြစ်သည်။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးအတွက် သင်ယူသည့် နေရာဌာနတို့ပါဝင်သည်။ ၎င်းတို့တွင်အစိုးရကျောင်းများ၊ အစိုးရကတာဝန်ယူဖွင့်လှစ်ထားခြင်း မဟုတ်သော ကျောင်းများ သို့မဟုတ် ရပ်ရွာလူထုကတည်ထောင်ထားသော ကျောင်းများပါဝင်နိုင်ပါသည်။

ပညာရေးဆိုင်ရာအထူးလိုအပ်ချက်များဆိုသည်မှာသင်ယူသူအားလုံး၏ သိမှုပိုင်းဆိုင်ရာ၊ ကာယပိုင်းဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာလိုအပ်ချက်များရှိနေသောသင်ယူသူများအားလုံးနှင့် ၎င်းတို့နှင့် သင့်လျော်သောသင်ကြားနည်းများဖြင့် အသုံးပြု၍ ပညာသင်ကြားပေးခြင်း ကိုဆိုလိုပါသည်။

ကျောင်းသားဆိုသည်ကို ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် တလျှောက်လုံးတွင်အသုံးပြုခဲ့သော်လည်း ကျောင်းများနှင့် အခြားပညာရေးဆိုင်ရာ သင်ကြား သင်ယူရေးဌာနများရှိ သင်ယူသူအားလုံးကို ဆိုလိုပါသည်။





Pedagogical Content Knowledge (PCK) as initially described by Shulman (1987) relates to the capacity of a teacher to make explicit connections between subject matter knowledge and its representation for the learner, and to do so in accordance with their age and stage of schooling and learner profile.

**Right to education refers to the fundamental human right of all children to a free and compulsory education. The Universal Declaration of Human Rights (UDHR) article 26 states:**

1) Everyone has the right to education. Education shall be free, at least in the elementary and fundamental stages. Elementary education shall be compulsory. Technical and professional education shall be made generally available and higher education shall be equally accessible to all on the basis of merit.

(2) Education shall be directed to the full development of the human personality and to the strengthening of respect for human rights and fundamental freedoms. It shall promote understanding, tolerance and friendship among all nations, racial or religious groups, and shall further the activities of the United Nations for the maintenance of peace.

(3) Parents have a prior right to choose the kind of education that shall be given to their children.

School is the educational setting in which the standards are applied to teachers and teaching and includes the place of learning for pre–school, basic, technical, vocational and tertiary education. These may be state, non–state or community schools.

Special educational needs refer to the differing cognitive, physical and intellectual needs of all learners and applying appropriate teaching methods.

Student is used throughout the TCSF but should be taken to mean all learners in schools and other educational settings.

ဆရာအတတ်ပညာရေး ဆိုသည်မှာ ဆရာအတတ်ပညာဖြင့် လုပ်ငန်းခွင်စတင် ဝင်ရောက်မည့်သူများနှင့် လုပ်ငန်းခွင်ရောက်ရှိနေသူများက သင်ယူသူများ၏ သင်ယူမှုတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သော အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှု၊ စိတ်နေသဘောထားနှင့် အတွေ့အကြုံများရရှိစေသည့် ပညာရေးကို ဆိုလိုသည်။

မိဘ ဟုဆိုရာတွင် သင်ယူသူကျောင်းသားများအတွက် တာဝန်ယူဆောင်ရွက်ပေးနေသော မိဘများ၊ ပြုစုစောင့်ရှောက်သူများ၊ အုပ်ထိန်းသူများနှင့် အခြားအရွယ်ရောက်သူများအားလုံး ပါဝင်ပါသည်။

ဆရာဆိုသည်မှာ အခြေခံပညာရေးသင်ရိုးညွှန်းတမ်းကိုသင်ကြားရန် တာဝန်ရှိသူလူအားလုံးပါဝင်ပါသည်။ အသိအမှတ်ပြုထားသောသင်ကြားရေးဆိုင်ရာ အရည်အသွေးများရှိရပါမည်။ သို့မဟုတ် လက်ရှိအလုပ်ခန့်ထားခြင်းခံရသူများနှင့် အသိအမှတ်ပြုထားသောသင်တန်းအစီအစဉ်များတွင် စာရင်းသွင်းတက်ရောက်နေသူများ ဖြစ်ပါသည်။





Teacher Education refers to the development of intellectual faculties, methodological approaches, skills, attitudes and experience for pre–service and in–service teachers.

Parent is used to include all parents, carers, guardians and other adults with responsibility for students.

Teacher includes all personnel responsible to teach the basic education curriculum and having achieved an accredited teaching qualification or who is concurrently employed and enrolled in a recognised/ accredited training programme.

## ၇။ ကျမ်းကိုးစာရင်း

Alexander, R. (2008), Education for All: The Quality Imperative and the Problem of Pedagogy. CREATE, Sussex University, UK

Australian Institute for Teaching and School Leadership http://www.aitsl.edu.au, accessed 16 March 2017

Centre of Study for Policies and Practices in Education (CEPPE), Chile (2013), “Learning Standards, Teaching Standards and Standards for School Principals: A Comparative Study”, OECD Education Working Papers, No. 99, OECD Publishing. http://dx.doi.org/10.1787/5k3tsjqtp90v–en

CSSO, (2011). InTASC Model Core Teaching Standards – At a Glance http://www.ccsso.org/Resources/Publications/InTASC_Model_Core_Teaching_Standards_A_Resource_for_State_Dialogue_(April_2011).html

European Commission (2013), Supporting teacher competence development for better learning outcomes. European – Education and Training

Griffin, P., Cuc, N, T, K., Gillis, S and Thanh, M, T. (2006) An empirical analysis of primary teacher standards in Vietnam. Planning and Changing. Vol. 37, No. 1and2, 2006, pp. 71–92

IBE, (2016).A Conceptual Framework for Competencies Assessment. Current and Critical Issues in the Curriculum and Learning

Ingvarson, L., (2002). “Development of a national standards framework for the teaching profession”, ACER, http://research.acer.edu.au/teaching_standards/7

Ingvarson, L., and Kleinhenz, E. (2006). Standards for Advanced Teaching: a review of national and international developments. Australian Council for Educational Research (ACER), http://research.acer.edu.au/teaching_standards/2

Ingvarson, L., and Rowe, K. (2007). Conceptualising and Evaluating Teacher Quality ACER

Ingvarson, L., (2007) Conceptualising and evaluating teacher quality: substantive and methodological issues. ACER

Ingvarson, L., (2012) Standards for Graduation and Initial Teacher Certification: the International Experience. ACER





## 7. References

Alexander, R. (2008), Education for All: The Quality Imperative and the Problem of Pedagogy. CREATE, Sussex University, UK

Australian Institute for Teaching and School Leadership http://www.aitsl.edu.au, accessed 16 March 2017

Centre of Study for Policies and Practices in Education (CEPPE), Chile (2013), “Learning Standards, Teaching Standards and Standards for School Principals: A Comparative Study”, OECD Education Working Papers, No. 99, OECD Publishing. http://dx.doi.org/10.1787/5k3tsjqtp90v–en

CSSO, (2011). InTASC Model Core Teaching Standards – At a Glance http://www.ccsso.org/Resources/Publications/InTASC_Model_Core_Teaching_Standards_A_Resource_for_State_Dialogue_(April_2011).html

European Commission (2013), Supporting teacher competence development for better learning outcomes. European – Education and Training

Griffin, P., Cuc, N, T, K., Gillis, S and Thanh, M, T. (2006) An empirical analysis of primary teacher standards in Vietnam. Planning and Changing. Vol. 37, No. 1and2, 2006, pp. 71–92

IBE, (2016). A Conceptual Framework for Competencies Assessment. Current and Critical Issues in the Curriculum and Learning

Ingvarson, L., (2002). "Development of a national standards framework for the teaching profession", ACER, http://research.acer.edu.au/teaching_standards/7

Ingvarson, L., and Kleinhenz, E. (2006). Standards for Advanced Teaching: a review of national and international developments. Australian Council for Educational Research (ACER), http://research.acer.edu.au/teaching_standards/2

Ingvarson, L., and Rowe, K. (2007). Conceptualising and Evaluating Teacher Quality ACER

Ingvarson, L., (2007) Conceptualising and evaluating teacher quality: substantive and methodological issues. ACER

Ingvarson, L., (2012) Standards for Graduation and Initial Teacher Certification: the International Experience. ACER

Ingvarson, L., (2013) Professional Certification: Promoting and recognising successful teaching Practices. ACER

NBPTS (2016). National Board for Professional Teaching Standards, www.nbpts.org

OECD (2009), Teacher Evaluation A Conceptual Framework and examples of Country Practices

OECD, (2013a) How is pedagogical knowledge codified in the teaching profession? A critical review of selected competence Frameworks for teachers and other professionals. Background paper: ITEL project

OECD, (2013b) Learning standards, teaching standards and standards for school Principals: a comparative study. Centre of study for Policies and Practices in Education (CEPPE), Chile. OECD Education Working Paper No. 99

OECD (2013c), Teachers for the 21st Century: Using Evaluation to Improve Teaching, OECD Publishing

Republic of the Philippines Department of Education (2010), National Competency Based Teacher Standards

Republic of the Union of Myanmar, 2014 National Education Law, 30 September 2014 and Amended National Education Law, 25 June 2015

Shulman, L.S. (1987), Those who understand: knowledge growth in teaching. Educational Researcher, Vol.15, No. 2. (Feb., 1986), pp. 4–14, http://links.jstor.org/sici?sici=0013–189X%28198602%2915%3A2%3C4%3ATWUKGI%3E2.0.CO%3B2–X

Tatto et al (2012) Policy, Practice, and Readiness to Teach Primary and Secondary Mathematics in 17 Countries. Findings from the IEA Teacher Education and Development Study in Mathematics (TEDS–M) IEA

UNESCO (2015), Teacher Policy Development Guide. Summary

United Kingdom Department for Education (2011), Teachers' Standards. Guidance for school leaders, school staff and governing bodies, http://www.gov.uk/government/publications

Yaung Zin (no date), Introduction to the Yaung Zin Teacher Training Programme. Yaung Zin Competency Based Teacher Training Programme





Ingvarson, L., (2013) Professional Certification: Promoting and recognising successful teaching Practices. ACER

NBPTS (2016). National Board for Professional Teaching Standards, www.nbpts.org

OECD (2009), Teacher Evaluation A Conceptual Framework and examples of Country Practices

OECD, (2013a) How is pedagogical knowledge codified in the teaching profession? A critical review of selected competence Frameworks for teachers and other professionals. Background paper: ITEL project

OECD, (2013b) Learning standards, teaching standards and standards for school Principals: a comparative study. Centre of study for Policies and Practices in Education (CEPPE), Chile. OECD Education Working Paper No. 99

OECD (2013c), Teachers for the 21st Century: Using Evaluation to Improve Teaching, OECD Publishing

Republic of the Philippines Department of Education (2010), National Competency Based Teacher Standards

Republic of the Union of Myanmar, 2014 National Education Law, 30 September 2014 and Amended National Education Law, 25 June 2015

Shulman, L.S. (1987), Those who understand: knowledge growth in teaching. Educational Researcher, Vol.15, No. 2. (Feb., 1986), pp. 4–14, http://links.jstor.org/sici?sici=0013–189X%28198602%2915%3A2%3C4%3ATWUKGI%3E2.0.CO%3B2–X

Tatto et al (2012) Policy, Practice, and Readiness to Teach Primary and Secondary Mathematics in 17 Countries. Findings from the IEA Teacher Education and Development Study in Mathematics (TEDS–M) IEA

UNESCO (2015), Teacher Policy Development Guide. Summary

United Kingdom Department for Education (2011), Teachers' Standards. Guidance for school leaders, school staff and governing bodies, http://www.gov.uk/government/publications

Yaung Zin (no date), Introduction to the Yaung Zin Teacher Training Programme. Yaung Zin Competency Based Teacher Training Programme

# နောက်ဆက်တွဲများ

## ပညာသင်ကြားရေးအဆင့်အလိုက် ဆရာတတ်ကျွမ်းမှုဆိုင်ရာ စံသတ်မှတ်ချက်များ

## နောက်ဆက်တွဲ(၁) သူငယ်တန်းပြဆရာများ – လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စအဆင့်

## ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု

ဤနယ်ပယ်၌ ဆရာများသိသင့်သည့်၊ လက်တွေ့ထုတ်ဖော်ပြသင့်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကိုအလေးပေးထားပါသည်။ ပညာရေးအဆင့်အသီးသီးနှင့် အသက်အရွယ်အမျိုးမျိုးအား သင်ကြားရာတွင် လိုအပ်သောအသိပညာ၊အဆင့်နှင့်ကိုက်ညီသောဘာသာရပ်ပါအကြောင်းအရာများနှင့်တတ်ကျွမ်းမှုများပါရှိပါသည်။ ဘာသာရပ်တတ်ကျွမ်းမှုနှင့်ပတ်သက်၍ကျောင်းသားများအနေဖြင့်မည်ကဲ့သို့သင်ယူသည်၊အဓိကသင်ယူမှုနယ်ပယ်များတွင် ကျောင်းသားများအားမည်ကဲ့သို့ ထိရောက်စွာသင်ကြားနိုင်သည်ကိုနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ဤနယ်ပယ်၌ပါဝင်သောတတ်ကျွမ်းမှုဆိုင်ရာစံသတ်မှတ်ချက်များသည်မြန်မာနိုင်ငံ၏ပညာရေးမူဝါဒဆိုင်ရာ အသိပညာများ၊ ကျောင်းသင်ရိုးညွှန်းတမ်းများ၊ ၎င်း၏ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ရေးသားပြုစုမှုတို့အပေါ်တွင် အခြေခံထားပါသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဘာသာရပ်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၁) ကျောင်းသားများမည်သို့သင်ယူသည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၁.၁) သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုး မှုများအပေါ်မူတည်၍ ကျောင်းသားများမည်ကဲ့သို့ကွဲပြားစွာသင်ယူသည်ကို ဥပမာဖြင့်ဖော်ပြသည်။<br><br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုး မှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |





# Annexes:

## Competency Standards by Level of Education

## Annex 1: Kindergarten Teachers – Beginning Level

## Domain A: Professional Knowledge and Understanding

This domain centres on the information that teachers should know and be able to demonstrate. It encompasses_ the knowledge required for teaching different ages and stages and level–appropriate subject content competency. Inherent in any focus on subject competency is the necessity to understand how students learn and how they can be effectively taught in the key learning areas. Underpinning all competency standards in this domain is knowledge of educational policy and school curricula for Myanmar, its aims and objectives and developments.

**Area of Competence: Professional knowledge and understanding – Educational studies**

| Competency standard A1: Know how students learn | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–1.1) Demonstrate understanding of how students learn relevant to their age and developmental stage | (A–1.1.1) Give examples of how the students learn differently depending on their level of cognitive, physical, social, and emotional development<br><br>(A–1.1.2) Prepare learning activities according to students' level of cognitive, physical, social and emotional development |

| | |
|---|---|
| (က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီမည့်သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၂.၁) ပိုမိုကောင်းမွန်စွာသင်ယူနိုင်ရေး အတွက်အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည် အမျိုးမျိုးရှိသောကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့်သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(က)(၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်အထောက်အကူပြုနိုင်ရန် အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဆိုင်ရာနည်းပညာများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၂) ပညာရေးဆိုင်ရာနည်းပညာများကို ဆီလျော်စွာအသုံးပြုနိုင်မှုအားသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၂.၁)သင်ကြားသင်ယူမှု ဆိုင်ရာနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၂.၁.၁) ကျောင်းသားများအချင်းချင်းအပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က)(၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |





| | |
|---|---|
| (A–1.2 )Demonstrate understanding of how different teaching methods can meet students' individual learning needs. | (A–1.2.1) Identify various teaching methods to help students with different backgrounds (gender, ethnicity, culture) and abilities, including special learning needs, learn better<br><br>A–1.2.2 Identify focused and sequenced learning activities to assist students to link new concepts with their prior knowledge and experiences |

**Area of Competence: Professional knowledge and understanding – Educational technologies**

| Competency standard A2: Know appropriate use of educational technologies | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–2.1) Demonstrate understanding of appropriate use of variety of teaching and learning strategies and resources | (A–2.1.1 )Plan learning experiences that provide opportunities for student interaction, inquiry, problem–solving and creativity<br><br>(A–2.1.2) Use teaching methods, strategies and materials as specified in the textbooks and additional low cost support materials, to support student learning |

| | |
|---|---|
| (က)(၂.၂) သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ (ICT)ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၂.၂.၁)သင်ကြား၊သင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေရရှိသော ပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုများနှင့် ရည်ရွယ်ချက်များကို ဖော်ပြသည်။<br><br>(က) (၂.၂.၂) ရရှိနိုင်သော online နှင့် offline တွင် ရှိနေသော ICT နှင့်ပတ်သက်သော နည်းကိရိယာများနှင့် ပစ္စည်းများကိုသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၊ သင်ကြားမှုနည်းဗျူဟာများ (online နှင့် offline ICTs များအပါအဝင်) နှင့် နှိုင်းယှဉ်သုံးသပ်အကဲဖြတ်သည်။<br><br>(က) (၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရားအယူအဆများနှင့် မူများကိုနားလည်ကြောင်းဖော်ပြ ၍သရုပ်ပြသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ကျောင်းသား၊ မိဘ၊ ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၃) ကျောင်းသားများနှင့် ၄င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၃.၁) မြန်မာနိုင်ငံရှိဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသောတာဝန်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၃.၁.၁)မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ်လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅) သွယ်နှင့် ဆရာအခန်း ကဏ္ဍကို ဖော်ပြသည်။ |
| (က)(၃.၂) ကျောင်းသားများနှင့် ၄င်းတို့ရပ်ရွာ ဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုမတူ ကွဲပြားခြားနားမှုများကိုလေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က)(၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြ သည်။<br><br>(က)(၃.၂.၂) မိဘများ၊ရပ်ရွာအဖွဲ့အစည်းများမှ လူကြီး များ၊ ခေါင်းဆောင်များနှင့် အပြန်အလှန်ပြောဆို ဆက်ဆံသောအခါ ၄င်းတို့၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကိုသတိပြု၍ ဆက်ဆံသည်။ |





| | |
|---|---|
| (A–2.2) Demonstrate understanding of appropriate use of Information and Communication Technology (ICT) in teaching and learning | (A–2.2.1) Describe the function and purpose of online and offline educational tools and resources to support the teaching and learning process<br><br>(A–2.2.2) Evaluate and match available online and offline ICT tools and resources to curriculum content and pedagogical strategies including online and offline ICTs<br><br>(A–2.2.3) Describe and demonstrate the understanding of basic concepts and principles of media and information literacy |

**Area of Competence: Professional knowledge and understanding – Students, families, schools and communities**

| Competency standard A3: Know how to communicate well with students and their families | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–3.1) Demonstrate understanding of the role and expected duties of teachers in Myanmar | (A–3.1.1) Describe the role and five duties of Myanmar teachers as socially accepted norms |
| (A–3.2) Demonstrate respect for the social, linguistic and cultural diversity of the students and their communities | (A–3.2.1) Give examples of inclusive communication to support all students' participation and engagement in classroom activities<br><br>(A–3.2.2) Be aware of the social, linguistic and cultural background of parents, community elders and leaders when interacting with them |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – သင်ရိုးညွှန်းတမ်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၄.၁.၁) သူငယ်တန်းသင်ရိုးညွှန်းတမ်းတွင် ပါဝင်သောသင်ယူမှုဆိုင်ရာ အဓိကမူများ၊ ပညာရေးအယူအဆများ၊ ပါဝင်သောအကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များကိုဖော်ပြသည်။ ဥပမာ – လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံစာတတ်မြောက်မှု။<br><br>(က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီးဆီလျော်သောသင်ကြား၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သောသင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။<br><br>(က)(၄.၁.၃) သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကိုဖော်ပြသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု – ဘာသာရပ်အကြောင်းအရာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၅) ဘာသာရပ် အကြောင်းအရာကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁) သင်ယူမှုဖွံ့ဖြိုးမှုနယ်ပယ် ၆ ခု ၏ အဓိက သင်ယူမှုဦးတည်ချက်များ၊ အယူအဆများနှင့် အကြောင်းအရာများကို ဖော်ပြသည်။<br>• ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း (ရုပ်ပိုင်းဆိုင်ရာဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း)<br>• စာရိတ္တ၊ မိတ္တ နှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း<br>• အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း (မိခင်ဘာသာ စကားနှင့် မိခင်ဘာသာစကားမဟုတ်သည့် ပထမဦးဆုံးလေ့လာရသည့် ထပ်ဆောင်းဘာသာစကား)<br>• သင်္ချာဆိုင်ရာအခြေခံများကိုစူးစမ်းလေ့လာခြင်း<br>• အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း<br>• ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း |





**Area of Competence: Professional knowledge and understanding – Curriculum**

| Competency standard A4: Know the curriculum | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–4.1) Demonstrate understanding of the structure, content and expected learning outcomes of the basic education curriculum | (A–4.1.1) Describe the core principles, education concepts, content and objectives for learning of the Kindergarten curriculum, for example social development and foundational literacy<br><br>(A–4.1.2) Prepare lesson plans reflecting the requirements of the curriculum and include relevant teaching and learning activities and materials<br><br>(A–4.1.3) Describe the assessment principles of the Kindergarten curriculum |

**Area of Competence: Professional knowledge and understanding – Subject matter**

| Competency standard A5: Know the subject content | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–5.1) Demonstrate understanding of the subject matter to teach the assigned subject/s for the specified grade level/s | (A–5.1.1) Describe the key learning objectives, concepts and content for each of the six Learning Development Areas (LDA):<br>• Wellbeing (holistic physical development)<br>• Social and emotional and moral development<br>• Communication (mother tongue and first additional language)<br>• Exploring mathematics<br>• Creativity and problem–solving<br>• Knowledge and understanding of the world |

| | |
|---|---|
| (က)(၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသောသင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများသင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၅.၂.၁)ဘာသာရပ်ဆိုင်ရာအခြေခံမှုများ၊အတွေးအခေါ်များ၊အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရအခြေအနေ နှင့် ဆက်စပ်သောသင်ယူမှုလုပ်ငန်းများကိုထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကိုဖော်ပြသည်။<br><br>(က)(၅.၂.၂) ဘာသာရပ်အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာသတင်းအချက်အလက်များနှင့် ဥပမာများထည့်သွင်းပြီးသင်ခန်းစာများကိုမည်ကဲ့သို့ ဖွဲ့စည်းဆောင် ရွက်ထားကြောင်းရှင်းပြသည်။ |

## ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ

ဤနယ်ပယ်သည် ဆရာများ၏လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် သက်ဆိုင်ပါသည်။ ဆရာများ၏ ဆရာအတတ်ပညာနှင့် သက်ဆိုင်သောအသိပညာနှင့် နားလည်မှုတို့ကို မတူညီသောဘာသာရပ်နယ်ပယ်၊ ပညာရေးအဆင့်များနှင့် ဆီလျော်စွာ ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မတူညီသော ပညာရေးနောက်ခံအခြေအနေတို့အတွက် သင်ကြားမှုဆိုင်ရာနည်းဗျူဟာအမျိုးမျိုးကို ပိုင်ဆိုင်စေခြင်းအားဖြင့် ပြည့်စုံစေမည်ဖြစ်ပါသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – သင်ကြားနည်းပညာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ–၁)သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကိုအသုံးပြု၍သင်ရိုးညွှန်းတမ်းအကြောင်းအရာကိုသင်ကြားသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၁.၁)ဘာသာရပ်ဆိုင်ရာအသိသညာများနှင့်အကြောင်းအရာများကိုရှင်းလင်းစွာနှင့် ကလေးများအားကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၁.၁) ကလေးများသင်ယူမှုဖွံ့ဖြိုးရေးနယ်ပယ် (၆) ခုကိုနည်းအမျိုးမျိုး လွှမ်းခြုံမှုရှိစေရန် သင်ယူမှုနယ်ပယ်ပါအကြောင်းအရာများနှင့် ဆက်စပ်ကာနေ့စဉ်လုပ်ငန်းများကိုဖွဲ့စည်းဆောင်ရွက်သည်။<br>• ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း(ရုပ်ပိုင်းဆိုင်ရာဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်း)<br>• စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း |





| | |
|---|---|
| (A–5.2) Demonstrate understanding of how to vary delivery of subject content to meet students' learning needs and the learning context. | (A5.2.1) Describe ways to contextualise learning activities for the age, language, ability and culture of students to develop understanding of subject related principles, ideas and concepts<br><br>(A–5.2.2) Explain how lessons are contextualised to include localised information and examples related to the subject content, concepts and themes |

## Domain B: Professional Skills and Practices

This domain deals with what teachers are able to do. The teachers' professional knowledge and understanding is complemented by possession of a repertoire of teaching strategies for different educational contexts to meet the needs of individual students as appropriate to different subject areas and stages of schooling.

**Area of Competence: Professional skills and practices – Pedagogy**

| Competency standard B1: Teach curriculum content using various teaching strategies | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–1.1) Demonstrate capacity to teach subject–related concepts and content clearly and engagingly | (B–1.1.1) Structure the daily programme of activities to cover the 6 Learning Development Areas (LDA) providing different ways for children to engage with subject content<br>• Wellbeing (holistic physical development)<br>• Social and emotional and moral development |

| | |
|---|---|
| | • အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း(မိခင်ဘာသာ စကားနှင့် မိခင်ဘာသာစကားမဟုတ်သည့် ပထမဦးဆုံး လေ့လာရသည့် ထပ်ဆောင်းဘာသာစကား)<br>• သင်္ချာဆိုင်ရာအခြေခံများကို စူးစမ်းလေ့လာခြင်း<br>• အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း<br>• ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း |
| (ခ)(၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်းအခြေအနေ ၊ အတန်းအရွယ် အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၂) ကျောင်းသားများ၏ ဘာသာစကားနှင့် စာတတ်မြောက်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုနိုင်မည့် အရေး၊ အဖတ်နှင့် အခြေခံအတွက် သက်ဆိုင်ရာသင်ကြားနည်းဗျူဟာများနှင့် ပတ်သက်သည့် အသိပညာများကိုအသုံးပြုသည်။<br><br>(ခ)(၁.၂.၃) ကစားခြင်းဖြင့် သင်ယူနိုင်ရန်ကလေးများကို ပံ့ပိုးကူညီခြင်း၊ သင်ယူရမည့်အကြောင်းအရာ၊ သဘောတားအယူအဆများကိုအမြင်၊ အကြား၊ နှုတ်မှုဥပမာများအသုံးပြုပြီး ရှင်းပြခြင်း၊ ကူညီပံ့ပိုး ပေးခြင်းများ ဆောင်ရွက်သည်။ |
| (ခ)(၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသောသင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကိုဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများသင်ယူမှုလုပ်ငန်း၌ ထိထိမိမိ အာရုံစူးစိုက်ဆောင်ရွက်ရန် သင်ယူမှုလုပ်ငန်းများကို သတ်မှတ်ချိန်နှင့် အညီပြင်ဆင်သည်။<br><br>(ခ)(၁.၃.၃) မိမိအကြောင်း၊ မိသားစုအကြောင်း၊ အခြားသူများအကြောင်းကိုလေ့လာရန် ဒေသဆိုင်ရာ ဘာသာ စကား၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်များကိုဆက်စပ်၍ ခေါင်းစဉ်ငယ်များဖြင့်ပေါင်းစပ်ပေးသည့် အဓိကအကြောင်းအရာအချက်အလက် (themes) များကိုအသုံးပြုသည်။<br><br>(ခ)(၁.၃.၄) ကလေးများသင်ယူမှုဖွံ့ဖြိုးရေးနယ်ပယ်(၆)ခုနှင့် ပေါင်းစပ်၍ သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ပေးသည်။ |





| | |
|---|---|
| | • Communication (mother tongue and first additional language)<br>• Exploring mathematics<br>• Creativity and problem–solving<br>• Knowledge and understanding of the world |
| (B–1.2) Demonstrate capacity to apply educational technologies and different strategies for teaching and learning | (B–1.2.1) Use teaching methods and learning strategies appropriate for the class – culture, size and type<br><br>(B–1.2.2) Use knowledge of literacy and numeracy instructional strategies to support students' language and literacy development.<br><br>(B–1.2.3) Facilitate children's learning through play and provide visual, auditory, oral examples to introduce and illustrate concepts to be learnt |
| (B–1.3) Demonstrate good lesson planning and preparation in line with students' learning ability and experience | (B–1.3.1) Plan and structure lesson to ensure that all of the lesson time is used effectively<br><br>(B–1.3.2) Plan timed and focussed learning activities to engage students<br><br>(B–1.3.3) Use themes to integrate topics, connected with the local language, culture and environment to learn about self, family and others<br><br>(B–1.3.4) Prepare learning experiences that integrate the 6 Learning Development Areas (LDA) |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စစ်ဆေးအကဲဖြတ်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၂) ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ)(၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကိုသုံးသည်။<br><br>(ခ)(၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ခ)(၂.၁.၃) ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များပေးနိုင်သည့် မေးခွန်း မေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |
| (ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး ထိုစစ်ဆေးအကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများသင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်းပြသည်။ | (ခ)(၂.၂.၁) ကျောင်းသားများ၏သင်ယူဖွံ့ဖြိုး တိုး တက်မှုအခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားရှိသည်။<br><br>(ခ)(၂.၂.၂) ကျောင်းသားများ၏ သင်ယူတိုးတက်မှုကို လေ့လာကြီးကြပ်တည့်မတ်ပေးနိုင်ရန်၊ မှတ်တမ်းထားနိုင် ရန်၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအစီအစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကိုအသုံးပြုသည်။<br><br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူတိုးတက်မှုအခြေအနေများနှင့်ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့်ဆက်သွယ် ပြောဆိုသည်။ |





**Area of Competence: Professional skills and practices – Assessment**

| Competency standard B2: Assess, monitor and report on students' learning | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–2.1) Demonstrate capacity to monitor and assess student learning | (B–2.1.1) Use assessment techniques as part of lessons to support students to achieve learning outcomes<br><br>(B–2.1.2) Use assessment information to plan lessons<br><br>(B–2.1.3) Use questioning and discussion techniques to check students understanding and provide feedback |
| (B–2.2) Demonstrate capacity to keep detailed assessment records and use the assessment information to guide students' learning progress | (B–2.2.1) Record students' learning progress accurately and consistently<br><br>(B–2.2.2) Use varied assessment practices to monitor and record students' learning progress and inform further planning of the curriculum<br><br>(B–2.2.3) Communicate students' learning progress and achievement to parents and other educators |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စာသင်ခန်း စီမံခန့်ခွဲမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၃) ကျောင်းသားများ၏သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်း လုံခြုံစိတ်ချမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်း လုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား အားလုံးပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေး အတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကိုစီမံအသုံးပြုသည်။<br><br>(ခ)(၃.၁.၂) ကျောင်းသားများဘေးကင်းလုံခြုံစွာ ကစား နိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး အချင်းချင်းအပြန်အလှန် ဆက် သွယ်နိုင်ရန် ကျောင်းသားများကိုအားပေးသည်။<br><br>(ခ)(၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်းကျောင်း သားများကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှုနှင့်ဘေး ကင်း လုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေးအလေ့ အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက် တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။<br><br>(ခ)(၃.၁.၄) (ဆေးဝါးညွှန်ကြားပေးခြင်း၊ အသက်ကယ် နှင့် ရှေးဦးသူနာပြုစုမှုသင်တန်း၊ မီးသတ်နှင့်ဘေး အန္တရာယ် တုံ့ပြန်မှုဆိုင်ရာလေ့ကျင့်ခြင်း၊ လွဲမှားစွာ ပြုကျင့်မှုနှင့် လျစ်လျူရှုမှု၊ ကူးစက်ရောဂါများအပါ အဝင်) ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာသည်။ |
| (ခ)(၃.၂) ကျောင်းသားများ၏အပြုအမူများကို စီမံခန့်ခွဲ ရန်နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်းပြ သည်။ | (ခ)(၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေး၊ ဘေး ကင်းလုံခြုံမှုနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း ရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာဆောင် ရွက်ရန်ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။ |





**Area of Competence: Professional skills and practices – Classroom management**

| Competency standard B3: Create a supportive and safe learning environment for students | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–3.1) Demonstrate capacity to create a safe and effective learning environment for all students | (B–3.1.1) Use space and classroom materials and resources to ensure involvement of all students in learning activities<br><br>(B–3.1.2) Encourage students to interact and play safely with other students<br><br>(B–3.1.3) Model and promote good health and safety practices to ensure students' wellbeing and safety within the classroom and school<br><br>(B–3.1.4) Follow regulations regarding health and safety (administration of medication, CPR and First Aid training, fire and disaster drills, abuse and neglect, communicable disease) |
| (B–3.2) Demonstrate strategies for managing student behaviour | (B–3.2.1) Create, explain, display and enforce the agreed classroom rules and procedures to ensure all students' health, safety and well–being |

| | |
|---|---|
| | (ခ)(၃.၂.၂) ကျောင်းသားများအားတစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးစားစွာတန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန်အားပေးသည်။<br><br>(ခ)(၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံ အကြောင်းအရင်းများနှင့် လိုအပ်ချက်များကိုသိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန်ဆက်သွယ်ပြောဆိုသည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှု – ဆက်သွယ်ပြောဆိုခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင် ကောင်းတိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၄.၁.၁) မိဘများအကြား နားလည်မှု မြှင့်တင်ရန် ကျောင်း၏ အခြေအနေများ၊ သူငယ်တန်းသင်ရိုးညွှန်းတမ်းများအကြောင်းကို အခြားသူများအား အပြုသဘောဖြင့် ပြောဆိုသည်။<br><br>(ခ)(၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်းကလေးများ၏ သင်ယူမှုတွင် မိဘများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရန် နည်းဗျူဟာများကိုဖော်ပြသည်။<br><br>(ခ)(၄.၁.၃) သင်ယူမှုအခက်အခဲများကို တုံ့ပြန်ရန်နှင့် သုံးသပ်အကြံပြုချက်များကို အပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများရရှိရန်ကြိုးပမ်းသည်။ |





| | |
|---|---|
| | (B–3.2.2) Encourage students to interact with each other with mutual respect and safety<br><br>(B–3.2.3) Learn to know each student's background and needs and interact regularly with all students |

**Area of Competence: Professional skills and practices – Communication**

| Competency standard B4: Work together with other teachers, parents, and community | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–4.1) Demonstrate strategies for working together with other teachers, parents, and the local community to improve the learning environment for students | (B–4.1.1) Speak positively to others about school culture and the kindergarten curriculum to promote understanding among parents<br><br>(B–4.1.2) Describe strategies to promote parents' involvement in their child's learning at school, at home and in the community<br><br>(B–4.1.3) Seek colleagues' perspectives in attempting to respond to learning issues and accept feedback positively |

## ပညာရပ်နယ်ပယ်(ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ

ဤနယ်ပယ်တွင် ပညာရေး၊ သင်ကြားသင်ယူရေးတို့နှင့် ပတ်သက်၍ ဆရာများ၏ စိတ်ကူးအကြံဉာဏ်များ၊ တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများကို ရည်ညွှန်းဖော်ပြထားပါသည်။ မြန်မာ့အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသော ဆရာကိုတန်ဖိုးထားမှုများနှင့် ဆရာများနှင့် ရပ်ရွာတို့အကြား အပြန်အလှန်နားလည်မှုကို ထင်ဟပ်စေသည့်အချက်များကို နောက်ခံပြုထားပါသည်။ ဤအချက်များတွင် (၁) ကျောင်းသားများကို စည်းကမ်းရှိရန် သင်ကြားပေးခြင်း (၂)အကောင်းဆုံးသင်ကြားပို့ချရှင်းလင်းခြင်း (၃) ကလေးများတတ်သိသင့်သည်များကို မချွင်းမချန် သင်ပေးခြင်း (၄) ကျောင်းသားများကိုတန်ဖိုးထားအသိအမှတ်ပြုခြင်း (၅)လိုအပ်သည့် အခါတိုင်း ကျောင်းသားများအတွက် ရပ်တည်ပေးခြင်းနှင့် ဆရာအသက်မွေးဝမ်းကျောင်းအလုပ်ကို တန်ဖိုးထားကြောင်းပြခြင်း (၆) အပြန်အလှန်အားဖြင့် မြန်မာ့ယဉ်ကျေးမှုအရ ရပ်ရွာအနေဖြင့် ဆရာများကို ရိုသေလေးစားကြောင်းပြခြင်း စသည်တို့ပါဝင်သည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ဆရာ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများ ကိုလက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ)(၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ်အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာသည်။<br><br>(ဂ)(၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုမှ ဆရာများအပေါ်မျှော်မှန်းထားသည်များနှင့်ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကိုတသမတ်တည်းဖော်ပြသည်။ |
| (ဂ)(၁.၂) ဆရာအဖြစ်အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏လက်တွေ့သင်ကြားမှုအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။ | (ဂ)(၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့်သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကိုဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကိုဖော်ပြသည်။ |





## Domain C: Professional Values and Dispositions

This domain refers to the ideas, values and beliefs that teachers hold about education, teaching and learning. It is underpinned by the values expressed in the Myanmar National Education Law and reflects the mutual understanding by teachers and the community about the Myanmar teacher – Teach students to be disciplined, Teach and explain to your best, teach everything known, Appreciate students and Stand up for students whenever needed, Teach to value the professional work of being a teacher. According to Myanmar tradition, in return, the community will respect teachers.

**Area of Competence: Professional values and dispositions – Service to profession**

| Competency standard C1: Service to profession | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–1.1) Demonstrate values and attitudes consistent with Myanmar's tradition of perceiving teachers as role models | (C–1.1.1) Comply with professional codes of conduct, rules and regulations in line with the five traditional responsibilities of the Myanmar teacher<br><br>(C–1.1.2) Consistently express positive attitudes, values and behaviours, consistent with what is expected of teachers by students, colleagues, parents and communities |
| (C–1.2) Demonstrate understanding of the underlying ideas that influence one's practice as a professional teacher | (C–1.2.1) Identify theories and concepts that inform approaches to teaching and learning<br><br>(C–1.2.2) Describe own approach to teaching and learning |

| | |
|---|---|
| (ဂ)(၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (ဂ)(၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန်အချိန်ယူသည်။ |
| (ဂ)(၁.၄) ပညာရေးဆိုင်ရာရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်းပြသသည်။ | (ဂ)(၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာအသုံးပြုသည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ရပ်ရွာအရေးဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၂) ရပ်ရွာအရေးဦးဆောင်ပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၂.၁) ကျောင်းနှင့်ရပ်ရွာကိစ္စများ၌ ဆရာအတတ်ပညာအသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံဆောင်ရွက်နိုင်ကြောင်း ပြသသည်။ | (ဂ)(၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သည်။<br><br>(ဂ)(၂.၁.၂) ကျောင်းနှင့်ရပ်ရွာတွင် တာဝန်ခံဆောင်ရွက်သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြ ပြုမူပြောဆိုနေထိုင်သည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ–သင်ယူသူဗဟိုပြုသင်ကြားရေးအပေါ်တန်ဖိုးထားမှုများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံးပညာရေးအရည်အသွေးမြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှ ရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၃–၁) ကျောင်းသားတစ်ဦးချင်းစီ၏ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာပံ့ပိုးကူညီကြောင်း ပြသသည်။ | (ဂ)(၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသည်။ |





| | |
|---|---|
| (C–1.3) Demonstrate understanding of the possible effect of local culture and context on student participation in school. | (C–1.3.1) Show interest in and take time to learn about the students' culture, language and community |
| (C–1.4) Demonstrate responsibility and accountability for the use of education resources | (C–1.4.1) Use school supplies and resources appropriately |

**Area of Competence: Professional values and dispositions – Service to community leadership**

| Competency standard C2: Service to community leadership | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–2.1) Demonstrate commitment to serving the school and community as a professional member of the teaching profession | (C–2.1.1) Contribute actively to a range of school and community activities<br><br>(C–2.1.2) Demonstrate model behaviour as a teacher serving and working in school and community responsibly and accountably. |

**Area of Competence: Professional values and dispositions – Student–centred values**

| Competency standard C3: Promote quality and equity in education for all students | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–3.1) Demonstrate a high regard for each student's right to education and treat all students equitably | (C–3.1.1) Show awareness of the right to education of every child and a commitment to nurturing the potential in each student |

| | |
|---|---|
| | (ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှဆက်ဆံသည်။ |
| (ဂ)(၃.၂) ကျောင်းသားများ၏ မတူကွဲပြားသောခြားနားချက်များကိုလေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည် ဟူသောယုံကြည်မှုသဘောထားကို ဖော်ပြသည်။ | (ဂ)(၃.၂.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| (ဂ)(၃.၃) ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီးကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။ | (ဂ)(၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |

## ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

ဤနယ်ပယ်သည် ဆရာများ၏ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုး တက်ရေးနှင့် သက်ဆိုင်သည်။ ၎င်းတွင် ဆရာများ၏အလေ့အကျင့်များ၊ စေ့ဆော်မှုများ၊ စဉ်ဆက် မပြတ်လေ့လာသင်ယူမှုများ၊ အတတ်ပညာ စွမ်းဆောင်ရည်မြင့်မားမှုများနှင့်ဆက်စပ်သည့် လုပ်ဆောင်မှုများပါဝင်ပါသည်။ စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြှင့်တင်မှုသည် ရပ်ရွာအတွင်း ခေါင်းဆောင်များအဖြစ် ဆရာများ၏အခန်းကဏ္ဍအရေးပါမှုကို မြှင့်တင်ပေးပါသည်။ ဆရာများ၏ စာသင်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆရာအတတ်ပညာစဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုများကိုအထောက်အကူပြုရန်သုတေသနဆိုင်ရာလိုအပ်ချက်များကိုအလေးပေးဖော်ပြထားပါသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပြန်လည်ထင်ဟပ်သုံးသပ်သည့် အလေ့အကျင့်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၁) မိမိ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၁.၁) မိမိ၏လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ)(၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစားသုံးသပ်နိုင်ရန် ကျောင်းသား များ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။ |





| | |
|---|---|
| | (C–3.1.2) Recognise the different social situations and background of students and treat all students equally |
| (C–3.2) Demonstrate respect for diversity of students and the belief that all students can learn according to their capacities | (C–3.2.1) Organise the classroom to encourage all students' participation in the lesson activities and interactions with the teacher |
| (C–3.3) Demonstrate capacity to build students' understanding of different cultures and global citizenship | (C–3.3.1) Integrate concepts of sustainability, equality, justice and the rights and responsibilities of students into class and school activities |

## Domain D: Professional Growth and Development

This domain deals with teachers' continuing professional growth and development. It incorporates teachers' habits, motivation and actions related to their on–going learning and professional improvement. It advocates the importance of all teachers being aware of their role as leaders within the community and highlights the need for active research to support teachers' classroom performance and continuing professional development.

**Area of Competence: Professional growth and development – Reflective practices**

| Competency standard D1: Reflect on own teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–1.1) Regularly reflect on own teaching practice and its impact on student learning | (D–1.1.1) Use evidence of student learning to reflect on own teaching practice |

| | |
|---|---|
| | (ဃ)(၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ဃ)(၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊လုပ်ငန်းဆောင်ရွက်မှုများကိုပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပူးပေါင်းဆောင်ရွက်သင်ယူမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၂) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာဖြင့် လက်ခံရယူသည်။<br><br>(ဃ)(၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်း ချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည်။<br><br>(ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်သည်။<br><br>(ဃ)(၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ်ပညာအဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်သည်။ |





| | |
|---|---|
| | (D–1.1.2) Use information from a variety of sources to improve teaching practice and student learning<br><br>(D–1.1.3) Regularly reflect on a wide range of actions and experiences to identify areas for own continuous professional development as a teacher |

**Area of Competence: Professional growth and development – Collaborative learning**

| Competency standard D2: Engage with colleagues in improving teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–2.1) Improve own teaching practice through learning from other teachers and professional development opportunities | (D–2.1.1) Discuss teaching practices with supervisors and, colleagues and willingly seek constructive feedback<br><br>(D–2.1.2) Participate in professional development activities related to identified goals for improving practice<br><br>(D–2.1.3) Establish goals for own professional development as a teacher<br><br>(D–2.1.4) Participate in professional activities conducted by school clusters and recognised professional associations |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – သုတေသနပြုရန် ဦးဆောင်ဦးရွက် ပြုနိုင်သည့်စွမ်းရည်**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ဃ-၃) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး အတွက် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာသင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာသင်ယူမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။ | (ဃ)(၃.၁.၁) သင်ကြားသင်ယူမှုကို အထောက်အကူပြုသည့် သင့်တော်သည့် သုတေသနဆောင်ရွက်သည့် လုပ်ငန်းများကိုသတ်မှတ်ဖော်ထုတ်သည်။<br><br>(ဃ)(၃.၁.၂) ရှေးဦးအရွယ်ကလေးသူငယ် ပညာရေးတွင် လက်ရှိရေ့ရှုရာ လမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို online သို့မဟုတ် offline မှ ရှာဖွေရယူခွဲခြမ်းစိတ်ဖြာသည် |

## နောက်ဆက်တွဲ (၂) မူလတန်းပြဆရာများ – လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ အဆင့်

### ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည် သဘောပေါက်မှု

ဤနယ်ပယ်၌ ဆရာများသိသင့်သည့်၊ လက်တွေ့ထုတ်ဖော်ပြသသင့်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကို အလေးပေးထားပါသည်။ ပညာရေးအဆင့် အသီးသီးနှင့် အသက်အရွယ်အမျိုးမျိုးအားသင်ကြားရာတွင် လိုအပ်သောအသိပညာ၊ အဆင့်နှင့်ကိုက်ညီသော ဘာသာရပ်ပါအကြောင်းအရာများနှင့် တတ်ကျွမ်းမှုများ ပါရှိပါသည်။ ဘာသာရပ်တတ်ကျွမ်းမှုနှင့် ပတ်သက်၍ ကျောင်းသားများအနေဖြင့် မည်ကဲ့သို့သင်ယူသည်၊ အဓိကသင်ယူမှု နယ်ပယ်များတွင် ကျောင်းသားများအားမည်ကဲ့သို့ ထိရောက်စွာသင်ကြားနိုင်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤနယ်ပယ်၌ပါဝင်သော တတ်ကျွမ်းမှုဆိုင်ရာ စံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ပညာရေးမူဝါဒဆိုင်ရာအသိပညာများ၊ ကျောင်းသင်ရိုးညွှန်းတမ်းများ၊ ၎င်း၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ရေးသားပြုစုမှုတို့ အပေါ်တွင် အခြေခံထားပါသည်။





**Area of Competence: Professional growth and development – Initiative for research culture**

| Competency standard D3: Participate in professional learning to improve teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D-3.1) Demonstrate understanding of the importance of inquiry and research-based learning to improve teaching practice | (D-3.1.1) Identify relevant research to support teaching and learning<br><br>(D-3.1.2) Search and analyse online or offline information on current trends and research-based practices in early childhood education |

## Annex 2: Primary Teachers – Beginning Level

### Domain A: Professional Knowledge and Understanding

This domain centres on the information that teachers should know and be able to demonstrate. It encompasses the knowledge required for teaching different ages and stages and level-appropriate subject content competency. Inherent in any focus on subject competency is the necessity to understand how students learn and how they can be effectively taught in the key learning areas. Underpinning all competency standards in this domain is knowledge of educational policy and school curricula for Myanmar, its aims and objectives and developments.

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဘာသာရပ်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၁) ကျောင်းသားများမည်သို့သင်ယူသည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာမည်သို့ သင်ယူကြသည်ကိုနားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၁.၁) ကျောင်းသားများ၏သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှု ဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် သူတို့၏သင်ယူမှုအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိကြောင်းဥပမာ ဖြင့်ဖော်ပြသည်။<br><br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုများနှင့်ကာယဖွံ့ဖြိုးမှုများအရသင်ယူမှု လုပ်ငန်းများကိုပြင်ဆင်သည်။ |
| (က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၁.၂.၁) ပိုမိုကောင်းမွန်စွာသင်ယူနိုင်ရေးအတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသောသင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအားပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကိုဖော်ထုတ်သတ်မှတ်သည်။<br><br>(က)(၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကိုအယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက်အစီအစဉ်တကျဆောင်ရွက်ထားသည့်သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |





**Area of Competence: Professional knowledge and understanding – Educational Studies**

| Competency standard A1: Know how students learn | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–1.1)Demonstrate understanding of how students learn relevant to their age and developmental stage | (A–1.1.1) Give examples of how the students' cognitive, physical, social, emotional and moral development may affect their learning<br><br>(A–1.1.2) Prepare learning activities to align with students' level of cognitive, linguistic, social, emotional and physical development |
| (A–1.2) Demonstrate understanding of how different teaching methods can meet students' individual learning needs | (A–1.2.1) Identify various teaching methods to help students with different backgrounds (gender, ethnicity, culture) and abilities, including special learning needs, learn better<br><br>(A–1.2.2) Identify focused and sequenced learning activities to assist students to link new concepts with their prior knowledge and experiences |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဆိုင်ရာ နည်းပညာများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၂) ပညာရေးဆိုင်ရာနည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၂.၁.၁) ကျောင်းသားများအချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က)(၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများနှင့် ကုန်ကျ စရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကိုအသုံးပြုသည်။ |
| (က)(၂.၂) သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာ( ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာအသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေ ရရှိသောပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည်။<br><br>(က) (၂.၂.၂) ရရှိနိုင်သော online နှင့် offline တွင်ရှိနေသော ICT နှင့်ပတ်သက်သော နည်းကိရိယာများနှင့် ပစ္စည်းများကိုသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၊ သင်ကြားမှု နည်းဗျူဟာများ (online နှင့် offline ICTs များအပါအဝင်) နှင့်နှိုင်းယှဉ် သုံးသပ်အကဲဖြတ်သည်။<br><br>(က) (၂.၂.၃) မီဒီယာ(media)နှင့်သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရားအယူအဆများနှင့် မူများကိုနားလည်ကြောင်း ဖော်ပြ၊ သရုပ်ပြသည်။ |





**Area of Competence: Professional knowledge and understanding – Educational technologies**

| Competency standard A2: Know appropriate use of educational technologies | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–2.1) Demonstrate understanding of appropriate use of a variety of teaching and learning strategies and resources | (A–2.1.1) Plan learning experiences that provide opportunities for student interaction, inquiry, problem–solving and creativity<br><br>(A–2.1.2) Use teaching methods, strategies and materials as specified in the textbooks and additional low cost support materials to support student learning |
| (A–2.2) Demonstrate understanding of appropriate use of Information and Communication Technology (ICT) in teaching and learning | (A–2.2.1)Describe the function and purpose of online and offline educational tools and materials to support the teaching and learning process<br><br>(A–2.2.2) Evaluate and match available online and offline ICT tools and materials to curriculum content and pedagogical strategies, including online and offline ICTs<br><br>(A–2.2.3) Describe and demonstrate the understanding of basic concepts and principles of media and information literacy |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ကျောင်းသား၊ မိဘ၊ ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၃.၁) မြန်မာနိုင်ငံရှိဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၃.၁.၁)မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့်ဆရာများအတွက်စံအဖြစ်လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅)သွယ် နှင့် ဆရာအခန်း ကဏ္ဍကို ဖော်ပြသည်။ |
| (က)(၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာ ဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုမတူ ကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်းပြသသည်။ | (က)(၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကိုအထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br><br>(က)(၃.၂.၂) မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန်ပြောဆို ဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – သင်ရိုးညွှန်းတမ်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသောမူလတန်းသင်ရိုး ညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှု ရလဒ်များကိုဖော်ပြသည်။ |





**Area of Competence: Professional knowledge and understanding – Students, families, schools and communities**

| Competency standard A3: Know how to communicate well with students and their families | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–3.1) Demonstrate understanding of the role and expected duties of teachers in Myanmar | (A3.1.1) Describe the role and five duties of Myanmar teachers as socially accepted norms |
| (A–3.2) Demonstrate respect for the social, linguistic, and cultural diversity of the students and their communities | (A–3.2.1)Give examples of inclusive communication to support all students' participation and engagement in classroom activities<br><br>(A–3.2.2) Be aware of social and cultural background of parents, community elders and leaders when interacting with them |

**Area of Competence: Professional knowledge and understanding – Curriculum**

| Competency standard A4: Know the curriculum | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–4.1) Demonstrate understanding of the structure, content and expected learning outcomes of the basic education curriculum | (A–4.1.1) Describe key concepts, content, learning objectives and outcomes of the primary curriculum for the subjects and grade level/s taught |

| | |
|---|---|
| | (က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီးဆီလျော်သောသင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူ ပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။<br><br>(က)(၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာမူများကိုဖော်ပြသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု – ဘာသာရပ် အကြောင်းအရာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၅) ဘာသာရပ် အကြောင်းအရာကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်း အရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br><br>(က)(၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများသင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန် ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။<br><br>(က)(၅.၁.၃) အတန်းအဆင့် အလိုက်သင်ကြားရမည့် စာပေတတ်မြောက်မှု၊ အခြေခံသင်္ချာတတ်မြောက်မှု၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်များ၏ အဓိကနယ်ပယ် များတွင် သင်ယူမှုတိုးတက်မြင့်မားစေရန် အသုံးပြုထား သော၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော ချဉ်းကပ် နည်း များကိုဖော်ပြသည်။ |





| | |
|---|---|
| | (A–4.1.2) Prepare lesson plans reflecting the requirements of the curriculum and include relevant teaching and learning activities and materials<br><br>(A–4.1.3) Describe the assessment principles underpinning the primary curriculum |

**Area of Competence: Professional knowledge and understanding – Subject matter**

| Competency standard A5: Know the subject content | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–5.1) Demonstrate understanding of the subject matter to teach the assigned subject/s for the specified grade level/s | (A–5.1.1) Describe the key concepts, skills, techniques and applications for the subjects covered in the grade levels taught<br><br>(A–5.1.2) Include in lessons accurate and relevant information, examples and exercises to support student learning of subject content and skills<br><br>(A–5.1.3) Describe approaches used to promote learning in key areas of literacy, numeracy, science and social studies for the grade levels taught and linked to real life |

| | |
|---|---|
| (က)(၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသောသင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများသင်ယူ တတ်မြောက်အောင်ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ်များ၊အယူအဆများအားနားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အခြေအနေများနှင့် ဆက်စပ်သောသင်ယူမှု လုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။<br><br>(က)(၅.၂.၂) ဘာသာရပ်အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့်ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကိုမည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်းရှင်းပြသည်။<br><br>(က)(၅.၂.၃) ကျောင်းသားများ၏ စာဖတ်စွမ်းရည်နှင့် အတွက်အချက် စွမ်းရည်အတွက် ကျွမ်းကျင်မှုမြင့်မားစေမည့် ချဉ်းကပ်နည်းများကိုဖော်ပြသည်။ |

## ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ

ဤနယ်ပယ်သည် ဆရာများ၏လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် သက်ဆိုင်ပါသည်။ ဆရာများ၏ဆရာအတတ်ပညာနှင့်သက်ဆိုင်သော အသိပညာနှင့် နားလည်မှုတို့ကို မတူညီသောဘာသာ ရပ်နယ်ပယ်၊ ပညာရေးအဆင့်များနှင့် ဆီလျော်စွာကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မတူညီသော ပညာရေး နောက်ခံအခြေအနေတို့အတွက် သင်ကြားမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးကိုပိုင်ဆိုင်စေခြင်းအားဖြင့် ပြည့်စုံစေမည်ဖြစ်ပါသည်။





| | |
|---|---|
| (A–5.2) Demonstrate understanding of how to vary delivery of subject content to meet students' learning needs and the learning context | (A–5.2.1) Describe ways to contextualise learning activities for the age, language, ability and culture of students to develop understanding of subject related principles, ideas and concepts<br><br>(A–5.2.2) Explain how lessons are contextualised to include localised information and examples related to the subject content, concepts and themes<br><br>(A–5.2.3) Describe approaches to develop students’ fluency in reading and numeracy |

## Domain B: Professional Skills and Practices

This domain deals with what teachers are able to do. The teachers’ professional knowledge and understanding is complemented by possession of a repertoire of teaching strategies for different educational contexts to meet the needs of individual students as appropriate to different subject areas and stages of schooling.

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – သင်ကြားနည်းပညာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၁) သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်းရှင်းပြသည်။<br><br>(ခ)(၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ရွေးချယ်သည်။<br><br>(ခ)(၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ကိုယ်ပိုင်အတွေး အခေါ်များကို သတိပြုမိရန် အားပေးသည်။ |
| (ခ)(၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသောသင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၂) ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများ သင်ယူမှုကိုအထောက်အကူပြုစေမည့် အရေးအဖတ်နှင့်အခြေခံအတွက်အချက်ကို တတ်မြောက်စေမည့် သင်ကြားနည်း နည်းဗျူဟာများ၊ သင်ကြားနည်းနည်းဗျူဟာများဆိုင်ရာ အသိပညာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၃) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးသည်။ |





**Area of Competence: Professional skills and practices – Pedagogy**

| Competency standard B1: Teach curriculum content using various teaching strategies | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–1.1) Demonstrate capacity to teach subject–related concepts and content clearly and engagingly | (B–1.1.1) Clearly explains the curriculum content and intended learning outcomes<br><br>(B–1.1.2) Select instructional material to link learning with students' prior knowledge, interests, daily life and local needs<br><br>(B–1.1.3) Encourage students' awareness of their own ideas to build new understanding |
| (B–1.2) Demonstrate capacity to apply educational technologies and different strategies for teaching and learning | (B–1.2.1) Use teaching methods and learning strategies appropriate for the class – culture, size and type<br><br>(B–1.2.2) Use knowledge of literacy and numeracy instructional strategies to support students learning in different subject areas<br><br>(B–1.2.3) Create opportunities for students to investigate subject–related content and concepts through practical activities |

| | |
|---|---|
| (ခ)(၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများသင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၄င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသောအကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိ အလေးထားသောသင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။<br><br>(ခ)(၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုး သရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကို အသုံးပြုသည်။ |

**တတ်ကျွမ်းမှုဧရိယာ - ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ - စစ်ဆေးအကဲဖြတ်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၂.၁) ကျောင်းသားများ၏သင်ယူမှုကို လေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ)(၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်ရန် အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကိုသုံးသည်။<br><br>(ခ)(၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသောသတင်းအချက်အလက်များကို အသုံးပြုသည်။ |





| | |
|---|---|
| (B–1.3) Demonstrate good lesson planning and preparation in line with students' learning ability and experience | (B–1.3.1) Plan and structure lesson to ensure all of the lesson time is used effectively<br><br>(B–1.3.2) Provide lesson introductions to link new learning to prior learning, to engage students' interest and to motivate them in learning<br><br>(B–1.3.3) Prepare focused and sequential learning experiences that integrate learning areas and are responsive to students' interests and experience<br><br>(B–1.3.4) Use questioning techniques and examples to introduce and illustrate concepts to be learnt |

**Area of Competence: Professional skills and practices – Assessment**

| Competency standard B2: Assess, monitor and report on students' learning | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–2.1) Demonstrate capacity to monitor and assess student learning | (B–2.1.1) Use assessment techniques as part of lessons to support students to achieve learning outcomes<br><br>(B–2.1.2) Use assessment information to plan lessons |

| | |
|---|---|
| | (ခ)(၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |
| (ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်း ပြသည်။ | (ခ)(၂.၂.၁) ကျောင်းသားများ၏သင်ယူဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုတိကျမှန်ကန်စွာ မှတ်တမ်းထားရှိ သည်။<br><br>(ခ)(၂.၂.၂) ကျောင်းသားများ၏ သင်ယူတိုးတက်မှုကို လေ့လာကြီးကြပ်တည့်မတ်ပေးနိုင်ရန်၊ မှတ်တမ်းထားနိုင်ရန်၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအစီအစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို အသုံးပြုသည်။<br><br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှုအခြေအနေများနှင့်ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စာသင်ခန်းစီမံခန့်ခွဲမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ–၃) ကျောင်းသားများ၏သင်ယူမှုကိုအထောက်အကူပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကိုဖန်တီးပေးသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင် ကို ဖန်တီးနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ)(၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားအားလုံးပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။<br><br>(ခ)(၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်းအပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်းလွတ်လပ်စွာသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။ |





| | |
|---|---|
| | (B–2.1.3) Use questioning and discussion techniques to check students understanding and provide feedback |
| (B–2.2) Demonstrate capacity to keep detailed assessment records and use the assessment information to guide students' learning progress | (B–2.2.1) Record students learning progress accurately and consistently<br><br>(B–2.2.2) Use varied assessment practices to monitor and record students' learning progress and inform further planning of the curriculum<br><br>(B–2.2.3)Communicate students' learning progress and achievement to students, parents and other educators |

**Area of Competence: Professional skills and practices – Classroom management**

| Competency standard B3: Create a supportive and safe learning environment for students | |
|---|---|
| **Minimum Requirements** | **Indicators** |
| (B–3.1) Demonstrate capacity to create a safe and effective learning environment for all students | (B–3.1.1) Use space and classroom materials and resources to ensure involvement of all students in learning activities<br><br>(B–3.1.2) Encourage students to interact with each other and, to work both independently and in teams |

| | |
|---|---|
| | (ခ)(၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေးအလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။<br><br>(ခ) (၃.၁.၄) (ဆေးဝါးညွှန်ကြားပေးခြင်း၊ အသက်ကယ်နှင့် ရှေးဦးသူနာပြုစုမှုသင်တန်း၊ မီးသတ်နှင့် ဘေးအန္တရာယ် တုံ့ပြန်မှုဆိုင်ရာလေ့ကျင့်ခြင်း၊ လွဲမှားစွာပြုကျင့်မှုနှင့် လျစ်လျူရှုမှု၊ ကူးစက်ရောဂါများ အပါအဝင်) ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းများကိုလိုက်နာသည်။ |
| (ခ)(၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူ ချမှတ်ထားသော စာသင်ခန်းအတွင်းစည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br><br>(ခ)(၃.၂.၂) ကျောင်းသားများအားတစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးစားစွာတန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန်အားပေးသည်။<br><br>(ဂ)(၃.၂.၃)ကျောင်းသားတစ်ဦးစီ၏နောက်ခံအကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန်လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန်အပြန်အလှန် ဆက်သွယ်ပြောဆိုသည်။<br><br>(ခ)(၃.၂.၄) ပူးပေါင်းဆောင်ရွက်မှုဖြစ်စေသော အသင်းအဖွဲ့ဖြင့်ဆောင်ရွက်ခြင်းအားဖြင့်သော် လည်းကောင်း၊ လွတ်လပ်စွာ သင်ယူခြင်းအားဖြင့်သော်လည်းကောင်း ကျောင်းသားများ၏ ကောင်းစွာညှိယူနေထိုင်တတ်သည့် အပြုအမူများကိုအားပေးသည်။ |





| | |
|---|---|
| | (B–3.1.3) Model and promote good health and safety practices to ensure students' wellbeing and safety within the classroom and school<br><br>(B–3.1.4) Follow regulations regarding health and safety (administration of medication, CPR and First Aid training, fire and disaster drills, abuse and neglect, communicable disease) |
| (B–3.2) Demonstrate strategies for managing student behaviour | (B–3.2.1) Create, explain, display and enforce the agreed classroom rules and procedures to ensure student health and safety<br><br>(B–3.2.2) Encourage students to interact with each other with mutual respect and safety<br><br>(B–3.2.3) Learn to know each student's background and needs and interact regularly with all students<br><br>(B–3.2.4) Encourage well–adjusted behaviour of students by collaborative teamwork and independent learning |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှု – ဆက်သွယ်ပြောဆိုခြင်း။**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၄.၁.၁) မိဘများအကြားနားလည်မှုမြှင့်တင်ရန် ကျောင်း၏ အခြေအနေများ၊ မူလတန်းသင်ရိုး ညွှန်းတမ်းများအကြောင်းကိုအခြားသူများအားအပြုသဘောဖြင့် ပြောဆိုသည်။<br><br>(ခ)(၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်း ကလေး များ၏ သင်ယူမှုတွင် မိဘများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင် ပေးနိုင်ရန် နည်းဗျူဟာများကိုဖော်ပြသည်။<br><br>(ခ)(၄.၁.၃) သင်ယူမှုအခက်အခဲများကိုတုံ့ပြန်ရန်နှင့် သုံးသပ်အကြံပြုချက်များကို အပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများရရှိရန်ကြိုးပမ်းသည်။ |

## ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ

ဤနယ်ပယ်တွင် ပညာရေး၊ သင်ကြားသင်ယူရေးတို့နှင့် ပတ်သက်၍ ဆရာများ၏ စိတ်ကူးအကြံဉာဏ်များ၊ တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများကို ရည်ညွှန်းဖော်ပြထားပါသည်။ မြန်မာ့အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသော ဆရာကိုတန်ဖိုးထားမှုများနှင့် ဆရာများနှင့် ရပ်ရွာတို့အကြား အပြန်အလှန်နားလည်မှုကို ထင်ဟပ်စေသည့် အချက်များကို နောက်ခံပြုထားပါသည်။ ဤအချက်များတွင် (၁) ကျောင်းသားများကို စည်းကမ်းရှိရန် သင်ကြားပေးခြင်း (၂) အကောင်းဆုံးသင်ကြားပို့ချရှင်းလင်းခြင်း (၃) ကလေးများတတ်သိသင့်သည်များကို မခြွင်းမချန် သင်ပေးခြင်း (၄) ကျောင်းသားများကိုတန်ဖိုးထားအသိအမှတ်ပြုခြင်း (၅)လိုအပ်သည့်အခါ တိုင်းကျောင်းသားများအတွက်ရပ်တည်ပေးခြင်းနှင့် ဆရာအသက်မွေးဝမ်းကျောင်းအလုပ်ကို တန်ဖိုးထားကြောင်းပြခြင်း (၆) အပြန်အလှန်အားဖြင့် မြန်မာ့ယဉ်ကျေးမှုအရ ရပ်ရွာအနေဖြင့် ဆရာများကို ရိုသေလေးစားကြောင်းပြခြင်း စသည်တို့ပါဝင်သည်။





**Area of Competence: Professional skills and practices – Communication**

| Competency standard B4: Work together with other teachers, parents, and community | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–4.1) Demonstrate strategies for working together with other teachers, parents, and the local community to improve the learning environment for students | (B–4.1.1) Speak positively to others about school culture and the primary curriculum to promote understanding among parents<br><br>(B–4.1.2) Describe strategies to promote parents' involvement in their child's learning at school, at home and in the community<br><br>(B–4.1.3) Seek colleagues' perspectives in attempting to respond to learning issues and accept feedback positively |

## Domain C: Professional Values and Dispositions

This domain refers to the ideas, values and beliefs that teachers hold about education, teaching and learning. It is underpinned by the values expressed in the Myanmar National Education Law and reflects the mutual understanding by teachers and the community about the Myanmar teacher – Teach students to be disciplined, Teach and explain to your best, Teach everything known, Appreciate students and Stand up for students whenever needed, Teach to value the professional work of being a teacher. According to Myanmar tradition, in return, the community will respect teachers.

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ဆရာ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၁.၁) မြန်မာတို့၏ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်းပြသနိုင်သည်။ | (ဂ)(၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာ ကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင်ဆရာ့ အတတ်ပညာဆိုင်ရာကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာသည်။<br><br>(ဂ)(၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုကဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့်သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တသမတ်တည်း ဖော်ပြသည်။ |
| (ဂ)(၁.၂)ဆရာအဖြစ်အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။ | (ဂ)(၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့်သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကိုဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကိုဖော်ပြသည်။ |
| (ဂ)(၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (ဂ)(၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန်အချိန်ယူသည်။ |
| (ဂ)(၁.၄) ပညာရေးဆိုင်ရာရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။ | (ဂ)(၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကိုဆီလျော်စွာအသုံးပြုသည်။ |





**Area of Competence: Professional values and dispositions – Service to profession**

| Competency standard C1: Service to profession | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–1.1) Demonstrate values and attitudes consistent with Myanmar's tradition of perceiving teachers as role models | (C–1.1.1) Comply with professional code of conduct, rules and regulations in line with the five traditional responsibilities of the Myanmar teacher<br><br>(C–1.1.2) Consistently express positive attitudes, values and behaviours, consistent with what is expected of teachers by students, colleagues, parents and communities |
| (C–1.2) Demonstrate understanding of the underlying ideas that influence one's practice as a professional teacher | (C–1.2.1) Identify theories and concepts that inform underpin approaches to teaching and learning<br><br>(C–1.2.2) Describes own approach to teaching and learning |
| (C–1.3) Demonstrate understanding of the possible effect of local culture and context on student participation in school | (C–1.3.1) Show interest in and take time to learn about the students' culture, language and community |
| (C–1.4) Demonstrate responsibility and accountability for the use of education resources | (C–1.4.1) Use school supplies and resources appropriately |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ရပ်ရွာအရေးဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၂) ရပ်ရွာအရေးဦးဆောင်ပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၂.၁) ကျောင်းနှင့်ရပ်ရွာ ကိစ္စများ၌ ဆရာအတတ်ပညာအသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံဆောင်ရွက်နိုင်ကြောင်း ပြသသည်။ | (ဂ)(၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သည်။<br><br>(ဂ)(၂.၁.၂)ကျောင်းနှင့် ရပ်ရွာတွင် တာဝန်ခံဆောင်ရွက်သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြပြောဆိုနေထိုင်သည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – သင်ယူသူဗဟိုပြုသင်ကြားရေးအပေါ် တန်ဖိုးထားမှုများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံးပညာရေးအရည်အသွေးမြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှမှုရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာပံ့ပိုးကူညီကြောင်း ပြသသည်။ | (ဂ)(၃.၁.၁)ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသည်။<br><br>(ဂ)(၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသောလူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီးကျောင်းသားအားလုံးအားတန်းတူညီမျှ ဆက်ဆံသည်။ |
| (ဂ)(၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီးကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက်သင်ယူနိုင်သည် ဟူသောယုံကြည်မှုသဘောထားကိုဖော်ပြသည်။ | (ဂ)(၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကိုဖွဲ့စည်းသည်။ |





**Area of Competence: Professional values and dispositions – Service to community leadership**

| Competency standard C2: Service to community leadership | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–2.1) Demonstrate commitment to serving the school and community as a professional member of the teaching profession | (C–2.1.1) Contribute actively to a range of school and community activities<br><br>(C–2.1.2) Demonstrate model behaviour as a teacher serving and working in school and community responsibly and accountably. |

**Area of Competence: Professional values and dispositions – Student-centred values**

| Competency standard C3: Promote quality and equity in education for all students | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–3.1) Demonstrate a high regard for each student's right to education and treat all students equitably | (C–3.1.1) Show awareness of the right to education of every child and a commitment to nurturing the potential in each student<br><br>(C–3.1.2) Recognise the different social situations and background of students and treat all students equally |
| (C–3.2) Demonstrate respect for diversity of students and the belief that all students can learn according to their capacities | (C–3.2.1) Organise the classroom to encourage all students' participation in the lesson content, activities and interactions with the teacher |

| | |
|---|---|
| (ဂ)(၃.၃) ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်းပြသသည်။ | (ဂ)(၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |

## ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

ဤနယ်ပယ်သည် ဆရာများ၏စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုး တက်ရေးနှင့် သက်ဆိုင်သည်။ ၎င်းတွင်ဆရာများ၏ အလေ့အကျင့်များ၊ စေ့ဆော်မှုများ၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုများ၊ အတတ်ပညာစွမ်းဆောင်ရည်မြင့်မားမှုများနှင့်ဆက်စပ်သည့်လုပ်ဆောင်မှုများပါဝင်ပါသည်။စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြှင့်တင်မှုသည် ရပ်ရွာအတွင်းခေါင်းဆောင်များအဖြစ် ဆရာများ၏အခန်းကဏ္ဍအရေးပါမှုကို မြှင့်တင်ပေးပါသည်။ ဆရာများ၏ စာသင်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆရာအတတ်ပညာစဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုရန် သုတေသနဆိုင်ရာလိုအပ်ချက်များ ကို အလေးပေးဖော်ပြထားပါသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပြန်လည်ထင်ဟပ်သုံးသပ်သည့် အလေ့အကျင့်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၁) မိမိ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၁.၁) မိမိ၏လက်တွေ့ သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ)(၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှုအထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ)(၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များကို အသုံး ပြုသည်။<br><br>(ဃ)(၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်နယ်ပယ်များ ဖော်ထုတ်နိုင်ရန်အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |





| | |
|---|---|
| (C–3.3) Demonstrate capacity to build students' understanding of different cultures and global citizenship. | (C–3.3.1) Integrate concepts of sustainability, equality, justice and the rights and responsibilities of students into class and school activities |

## Domain D: Professional Growth and Development

This domain deals with teachers' continuing professional growth and development. It incorporates teachers' habits, motivation and actions related to their on–going learning and professional improvement. It advocates the importance of all teachers being aware of their role as leaders within the community and highlights the need for active research to support teachers' classroom performance and continuing professional development.

**Area of Competence: Professional growth and development – Reflective practices**

| Competency standard D1: Reflect on own teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–1.1) Regularly reflect on own teaching practice and its impact on student learning | (D–1.1.1) Use evidence of student learning to reflect on the impact of own teaching practice<br><br>(D–1.1.2) Use information from a variety of sources to improve teaching practice and student learning<br><br>(D–1.1.3) Regularly reflect on a wide range of actions and experiences to identify areas for own continuous professional development as a teacher |

**တတ်ကျွမ်းမှုနယ်ပယ် - ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု - ပူးပေါင်းဆောင်ရွက်သင်ယူမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ-၂) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာလက်ခံရယူသည်။<br><br>(ဃ)(၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်းချက် ပန်းတိုင်များနှင့်သက်ဆိုင်သည့် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည်။<br><br>(ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်သည်။<br><br>(ဃ)(၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ်ပညာအဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည်။ |





**Area of Competence: Professional growth and development – Collaborative learning**

| Competency standard D2: Engage with colleagues in improving teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–2.1) Improve own teaching practice through learning from other teachers and professional development opportunities | (D–2.1.1) Discuss teaching practices with supervisors and colleagues, and willingly seek constructive feedback<br><br>(D–2.1.2) Participate in professional development activities related to identified goals for improving practice<br><br>(D–2.1.3) Establish goals for own professional development as a teacher<br><br>(D–2.1.4) Participate in professional activities conducted by school clusters and recognised professional associations |

**တတ်ကျွမ်းမှုနယ်ပယ် - ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု - သုတေသနပြုရန် ဦးဆောင် ဦးရွက်ပြုနိုင်သည့်စွမ်းရည်**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ-၃) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက်ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာသင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများတိုးတက်မြင့်မားစေရန် စူးစမ်းလေ့သင်ယူမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။ | (ဃ)(၃.၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန်ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာသင်ယူမှုပစ္စည်းများကိုသတ်မှတ်ဖော်ထုတ်သည်။<br><br>(ဃ)(၃.၁.၂) အကြောင်းအရာဆိုင်ရာဗဟုသုတ အချက်အလက်များနှင့် မိမိ၏လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် မူလတန်းပညာရေးနှင့် သင်ကြားရမည့် သီးသန့်ဘာသာရပ်များအတွက် လက်ရှိရေ့ရှုရာလမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် online သို့မဟုတ် offline သတင်းအချက်အလက်များကိုရှာဖွေရယူခွဲခြမ်းစိတ်ဖြာသည်။ |

## နောက်ဆက်တွဲ(၃)အလယ်တန်းပြဆရာများ - လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့်

### ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည် သဘောပေါက်မှု

ဤနယ်ပယ်၌ ဆရာများသိသင့်သည့်၊ လက်တွေ့ထုတ်ဖော်ပြသသင့်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကို အလေးပေးထားပါသည်။ ပညာရေးအဆင့် အသီးသီးနှင့် အသက်အရွယ်အမျိုးမျိုးအား သင်ကြားရာတွင် လိုအပ်သောအသိပညာ၊ အဆင့်နှင့် ကိုက်ညီသောဘာသာရပ်ပါအကြောင်းအရာများနှင့် တတ်ကျွမ်းမှုများ ပါရှိပါသည်။ ဘာသာရပ်တတ်ကျွမ်းမှုနှင့် ပတ်သက်၍ ကျောင်းသားများအနေဖြင့် မည်ကဲ့သို့သင်ယူသည်၊ အဓိကသင်ယူမှုနယ်ပယ်များတွင် ကျောင်းသားများအားမည်ကဲ့သို့ထိရောက်စွာသင်ကြားနိုင်သည်ကိုနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤနယ်ပယ်၌ပါဝင်သော တတ်ကျွမ်းမှုဆိုင်ရာ စံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ပညာရေးမူဝါဒဆိုင်ရာအသိပညာများ၊ ကျောင်းသင်ရိုး ညွှန်းတမ်းများ၊ ၎င်း၏ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ရေးသားပြုစုမှုတို့ အပေါ်တွင် အခြေခံထားပါသည်။





**Area of Competence: Professional growth and development – Initiative for research culture**

| Competency standard D3: Participate in professional learning to improve teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–3.1) Demonstrate understanding of the importance of inquiry and research–based learning to improve teaching practice | (D–3.1.1) Identify relevant professional learning material to improve own practice<br><br>(D–3.1.2) Search and analyse online or offline information on current trends and research–based practices in primary education and for specific subjects taught to improve one's own content knowledge and teaching practice |

## Annex 3: Lower Secondary Teachers – Beginning Level

### Domain A: Professional Knowledge and Understanding

This domain centres on the information that teachers should know and be able to demonstrate. It encompasses the knowledge required for teaching different ages and stages and level–appropriate subject content competency. Inherent in any focus on subject competency is the necessity to understand how students learn and how they can be effectively taught in the key learning areas. Underpinning all competency standards in this domain is knowledge of educational policy and school curricula for Myanmar, its aims and objectives and developments.

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေး ဘာသာရပ်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(က–၁) ကျောင်းသားများမည်သို့သင်ယူသည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၁.၁) ကျောင်းသားများ၏အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၁.၁) ကျောင်းသားများ၏သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှု ဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် သူတို့၏သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။<br><br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများ ကိုပြင်ဆင်သည်။ |
| (က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့်ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၂.၁) ပိုမိုကောင်းမွန်စွာသင်ယူနိုင်ရေး အတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊မ၊တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသောကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(က)(၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကိုအယူအဆသစ်များနှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက် အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |





**Area of Competence: Professional knowledge and understanding – Educational Studies**

| Competency standard A1: Know how students learn | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–1.1) Demonstrate understanding of how students learn relevant to their age and developmental stage | (A–1.1.1) Give examples of how the students' cognitive, physical, social, emotional and moral development may affect their learning<br><br>(A–1.1.2) Prepare learning activities to align with students' level of cognitive, linguistic, social, and physical development |
| (A–1.2) Demonstrate understanding of how different teaching methods can meet students' individual learning needs | (A–1.2.1) Identify various teaching methods to help students with different backgrounds (gender, ethnicity, culture) and abilities, including special learning needs, learn better<br><br>(A–1.2.2) Identify focused and sequenced learning activities to assist students to link new concepts with their prior knowledge and experiences |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဆိုင်ရာ နည်းပညာများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာအသုံးပြုနိုင်မှုအားသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာ အမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှု အား နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၂.၁.၁) ကျောင်းသားများအချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က)(၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကိုအသုံးပြုသည်။ |
| (က)(၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)ကိုသင်ကြားသင်ယူမှုတွင်သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ် ကိုအထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေရရှိသော ပညာရေးဆိုင်ရာနည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကိုဖော်ပြသည်။<br><br>(က) (၂.၂.၂) ရရှိနိုင်သော online နှင့် offline တွင်ရှိနေသော ICT နှင့်ပတ်သက်သော နည်းကိရိယာများနှင့် ပစ္စည်း များကို သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၊ သင်ကြားမှုနည်းဗျူဟာများ (online နှင့် offline ICTs များအပါ အဝင်) နှင့်နှိုင်းယှဉ် သုံးသပ်အကဲဖြတ်သည်။<br><br>(က)(၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရား အယူအဆများနှင့် မူများကိုနားလည်ကြောင်းဖော်ပြ၊ သရုပ်ပြသည်။ |





**Area of Competence: Professional knowledge and understanding – Educational technologies**

| Competency standard A2: Know appropriate use of educational technologies | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–2.1) Demonstrate understanding of appropriate use of a variety of teaching and learning strategies and resources | (A–2.1.1) Plan learning experiences that provide opportunities for student collaboration, inquiry, problem–solving and creativity<br><br>(A–2.1.2) Use teaching methods, strategies and materials as specified in the textbooks and additional low cost support materials, to support student learning |
| (A–2.2)Demonstrate understanding of appropriate use of Information and Communication Technology (ICT) in teaching and learning | (A–2.2.1) Describe the function and purpose of online and offline educational tools and materials to support the teaching and learning process<br><br>(A–2.2.2) Evaluate and match available online and offline ICT tools and materials to curriculum content and pedagogical strategies, including online and offline<br><br>(A–2.2.3)Describe and demonstrate the understanding of basic concepts and principles of media and information literacy |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ကျောင်းသား၊ မိဘ၊ ကျောင်းနှင့် ရပ်ရွာအဖွဲ့အစည်းများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ကောင်းမွန်စွာ ဆက်ဆံရမည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၃.၁) မြန်မာနိုင်ငံရှိဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၃.၁.၁) မြန်မာ့လူ့ဘောင် အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက်စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅)သွယ်နှင့် ဆရာအခန်းကဏ္ဍကိုဖော်ပြသည်။ |
| (က)(၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုများ မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က)(၃.၂.၁)စာသင်ခန်းအတွင်းလုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ် ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက်အားလုံးပါဝင်သည့်ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br><br>(က)(၃.၂.၂)မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန်ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – သင်ရိုးညွှန်းတမ်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၄)– သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကိုဖော်ပြသည်။<br><br>(က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏လိုအပ်ချက်များကိုထင်ဟပ်စဉ်းစားပြီး ဆီလျော်သောသင်ကြား၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။ |





**Area of Competence: Professional knowledge and understanding – Students, families, schools and communities**

| Competency standard A3: Know how to communicate well with students and their families | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–3.1) Demonstrate understanding of the role and expected duties of teachers in Myanmar | (A–3.1.1) Describe the role and five duties of Myanmar teachers as socially accepted norms |
| (A–3.2) Demonstrate respect for the social, linguistic, and cultural diversity of the students and their communities | (A–3.2.1) Give examples of inclusive communication to support all students' participation and engagement in classroom activities<br><br>(A–3.2.2) Be aware of social, linguistic and cultural background of parents, community elders and leaders when interacting with them |

**Area of Competence: Professional knowledge and understanding – Curriculum**

| Competency standard A4: Know the curriculum | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–4.1) Demonstrate understanding of the structure, content and expected learning outcomes of the basic education curriculum | (A–4.1.1) Describe key concepts, content, learning objectives and outcomes of the lower secondary curriculum for the subjects and grade level/s taught<br><br>(A–4.1.2) Prepare lesson plans reflecting the requirements of the curriculum and include relevant teaching and learning activities and materials |

| | |
|---|---|
| | (က)(၄.၁.၃) အလယ်တန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကိုဖော်ပြသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ဘာသာရပ်အကြောင်းအရာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၅) ဘာသာရပ် အကြောင်းအရာကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန်တာဝန်ပေးအပ်ထားသောဘာသာရပ်အကြောင်းအရာကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁)အတန်းအဆင့်များအလိုက် သင်ကြားသောဘာသာရပ်ဆိုင်ရာအဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကိုဖော်ပြသည်။<br><br>(က)(၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာအကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သောသင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သောသတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကိုသင်ခန်းစာများတွင် ထည့်သွင်းသည်။<br><br>(က)(၅.၁.၃)အဆင့်အမျိုးမျိုးနှင့် အတန်း အမျိုးမျိုးတွင် တိကျသောဘာသာရပ်ဆိုင်ရာအခြေခံများနှင့် ကျွမ်းကျင်မှုများတည်ဆောက်ပေးရန် အဓိကသဘောထား အယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။ |
| (က)(၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသောသင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအားမည်သို့ပို့ချရမည်ကို နားလည်သဘောပေါက် ကြောင်းပြသသည်။ | (က)(၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ်များ၊အယူအဆများအားနားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရအခြေအနေ နှင့်ဆက်စပ်သောသင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကိုဖော်ပြသည်။ |





| | |
|---|---|
| | (A–4.1.3) Describe the assessment principles underpinning the Lower Secondary curriculum |

**Area of Competence: Professional knowledge and understanding – Subject matter**

| Competency standard A5: Know the subject content | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–5.1) Demonstrate understanding of the subject matter to teach the assigned subject/s for the specified grade level/s | (A–5.1.1) Describe key concepts, skills, techniques and applications for the subjects covered in the grade levels taught<br><br>(A–5.1.2) Include in lessons accurate and relevant information, examples and exercises to support student learning of core subject content, skills and procedures<br><br>(A–5.1.3) Link key concepts, principles and theories to real life applications to build discipline specific foundations and skills for different classes and grade levels taught |
| (A–5.2) Demonstrate understanding of how to vary delivery of subject content to meet students' learning needs and learning context | (A–5.2.1) Describe ways to contextualise learning activities for the age, language, ability and culture of students to develop understanding of subject related principles, ideas and concepts |

| | |
|---|---|
| | (က)(၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများ နှင့် သက်ဆိုင်သည့်ဒေသဆိုင်ရာသတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကိုမည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်းရှင်းပြသည်။<br><br>(က)(၅.၂.၃) လက်တွေ့ဘဝအခြေအနေများတွင် အသုံးပြုနိုင်သည့် ဥပမာများဖြင့် အကြောင်းအရာဆိုင်ရာ တိကျသောဘာသာစကား၊ နည်းပညာဆိုင်ရာ ဝေါဟာရများ နှင့် ကျွမ်းကျင်မှုများအသုံးပြုမှုကိုစံနမူနာပြနိုင်သည့် ချဉ်းကပ်နည်းများကိုဖော်ပြသည်။ |

## ပညာရပ်နယ်ပယ် (ခ) ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ

ဤနယ်ပယ်သည် ဆရာများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် သက်ဆိုင်ပါသည်။ ဆရာများ၏ ဆရာအတတ်ပညာနှင့် သက်ဆိုင်သောအသိပညာနှင့် နားလည်မှုတို့ကို မတူညီသောဘာသာရပ်နယ်ပယ်၊ ပညာရေးအဆင့်များနှင့် ဆီလျော်စွာ ကျောင်းသားတစ်ဦးချင်းစီ ၏ လိုအပ်ချက်များ ကိုဖြည့်ဆည်းပေးနိုင်ရန် မတူညီသော ပညာရေးနောက်ခံအခြေအနေတို့အတွက် သင်ကြားမှုဆိုင်ရာနည်းဗျူဟာအမျိုးမျိုးကို ပိုင်ဆိုင်စေခြင်းအားဖြင့် ပြည့်စုံစေမည် ဖြစ်ပါသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – သင်ကြားနည်းပညာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ–၁)သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကိုအသုံးပြု၍သင်ရိုးညွှန်းတမ်း အကြောင်းအရာကိုသင်ကြားသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေး များအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင်သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွယ်မှုရှိသောအတွေးအခေါ်များနှင့် အသိသညာများကိုရှင်းပြရာတွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုသည်။ |





| | |
|---|---|
| | (A–5.2.2) Explain how lessons are contextualised to include localised information and examples related to the subject content, concepts and themes<br><br>(A–5.2.3) Describe approaches to model the use of content specific language, technical terms and skills by providing examples of use in real life contexts |

## Domain B: Professional Skills and Practices

This domain deals with what teachers are able to do. The teachers' professional knowledge and understanding is complemented by possession of a repertoire of teaching strategies for different educational contexts to meet the needs of individual students as appropriate to different subject areas and stages of schooling.

**Area of Competence: Professional skills and practices – Pedagogy**

| Competency standard B1: Teach curriculum content using various teaching strategies | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–1.1) Demonstrate capacity to teach subject–related concepts clearly and engagingly | (B–1.1.1) Use different ways to explain the subject matter, related ideas and concepts to meet a range of learning abilities and intended learning outcomes |

| | |
|---|---|
| | (ခ)(၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီးအသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကိုရွေးချယ်သည်။<br><br>(ခ)(၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၄င်းတို့၏ ကိုယ်ပိုင်အတွေးအခေါ်ဖြစ်စဉ်များကိုသတိပြုမိရန်နှင့် ထင်ဟပ်စဉ်းစားသုံးသပ်မှုကိုအသုံးပြုရန်အားပေးသည်။ |
| (ခ)(၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကိုအသုံးပြုသည်။<br><br>(ခ)(၁.၂.၂) ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာတတ်မြောက်မှုဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုနိုင်မည့် အမျိုးမျိုးသောအရေးအဖတ်ဆိုင်ရာ သင်ကြားနည်းဗျူဟာများကိုသိရှိအသုံးပြုသည်။<br><br>(ခ)(၁.၂.၃) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကိုစူးစမ်းရှာဖွေလေ့လာနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးသည်။ |
| (ခ)(၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်း မွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကိုဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၄င်းတို့၏ သင်ယူလိုစိတ်ကိုလှုံ့ဆော်နိုင်ရန်၊ ယခင် သင်ယူပြီးသောအကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။ |





| | |
|---|---|
| | (B–1.1.2) Select instructional material to link learning with students' prior knowledge, interests, daily life and local needs<br><br>(B–1.1.3) Encourage students' awareness of their own thought processes and use of reflection to build new understanding |
| (B–1.2) Demonstrate capacity to apply educational technologies and different strategies for teaching and learning | (B–1.2.1) Use teaching methods and learning strategies appropriate for the class – culture, size and type<br><br>(B–1.2.2) Use knowledge of different literacy teaching strategies to support development of subject matter literacy<br><br>(B–1.2.3) Create opportunities for students to investigate subject–related content and concepts through practical activities |
| (B–1.3) Demonstrate good lesson planning and preparation in line with students' learning ability and experience | (B–1.3.1) Plan and structure lesson to ensure all the lesson time is used effectively<br><br>(B–1.3.2) Provide lesson introductions to link new learning to prior learning, to engage students' interest and to motivate them in learning |

| | |
|---|---|
| | (ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကိုတုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကိုပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ တိကျထိမိသော သင်ယူမှုအတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။<br><br>(ခ)(၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုးသရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကို အသုံးပြုသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စစ်ဆေးအကဲဖြတ်ခြင်း**

| **တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၂) ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၂.၁) ကျောင်းသားများ၏ သင်ယူမှုကိုလေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကိုသုံးသည်။<br><br>(ခ)(၂.၁.၂) သင်ခန်းစာများပြင်ဆင်ရန် စစ်ဆေးအကဲဖြတ် ခြင်းမှရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ခ)(၂.၁.၃) ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးနိုင်သည့် သုံးသပ်အကြံပြုချက်များပေးနိုင်သည့် မေးခွန်း မေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |
| (ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများသင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်း ပြသည်။ | (ခ)(၂.၂.၁) ကျောင်းသားများ၏သင်ယူဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုတိကျမှန်ကန်စွာမှတ်တမ်းထားရှိသည်။ |





| | |
|---|---|
| | (B–1.3.3) Prepare focused and sequential learning experiences that integrate learning areas and are responsive to students' interests and experience<br><br>(B–1.3.4) Use questioning techniques and examples, to introduce and illustrate concepts to be learnt |

**Area of Competence: Professional skills and practices – Assessment**

| **Competency standard B2: Assess, monitor and report on students' learning** | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–2.1 )Demonstrate capacity to monitor and assess student learning | (B–2.1.1) Use assessment techniques as part of lessons to support students to achieve learning outcomes<br><br>(B–2.1.2) Use assessment information to plan lessons<br><br>(B–2.1.3) Use questioning and discussion techniques to check students understanding and provide feedback |
| (B–2.2 )Demonstrate capacity to keep detailed assessment records and use the assessment information to guide students' learning progress | (B–2.2.1) Record students learning progress accurately and consistently |

| | |
|---|---|
| | (ခ)(၂.၂.၂) ကျောင်းသားများ၏သင်ယူတိုးတက်မှုကို လေ့လာကြီးကြပ်တည့်မတ်ပေးနိုင်ရန်၊ မှတ်တမ်းထား နိုင် ရန်၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအစီအစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို အသုံးပြုသည်။<br><br>(ခ)(၂.၂.၃)ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ် ပြောဆိုသည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စာသင်ခန်း စီမံခန့်ခွဲမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၃) ကျောင်းသားများ၏ သင်ယူမှုကိုအထောက်အကူပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်း လုံခြုံမှုရှိပြီး ထိရောက်မှုရှိသောသင်ယူမှုဝန်းကျင်ကို ဖန်တီး နိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား အားလုံးပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေး အတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကိုစီမံအသုံးပြုသည်။<br><br>(ခ)(၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်းလွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အား ပေးသည်။<br><br>(ခ)(၃.၁.၃)စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်း သားများကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့် ဘေး ကင်း လုံခြုံမှုအသေအချာရှိစေရန် ကျန်းမာရေး အလေ့ အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။ |





| | |
|---|---|
| | (B–2.2.2 )Use varied assessment practices to monitor and record students' learning progress and inform further planning of the curriculum<br><br>(B–2.2.3) Communicate students' learning progress and achievement to students, parents and other educators |

**Area of Competence: Professional skills and practices – Classroom management**

| Competency standard B3: Create a supportive and safe learning environment for students | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–3.1) Demonstrate capacity to create a safe and effective learning environment for all students | (B–3.1.1) Use space and classroom materials and resources to ensure involvement of all students in learning activities<br><br>(B–3.1.2) Encourage students to interact with each other and to work both independently and in teams<br><br>(B–3.1.3) Model and promote good health and safety practices to ensure students' wellbeing and safety within the classroom and school |

| | |
|---|---|
| | (ခ) (၃.၁.၄) (ဆေးဝါးညွှန်ကြားပေးခြင်း၊ အသက်ကယ်နှင့် ရှေးဦးသူနာပြုစုမှုသင်တန်း၊ မီးသတ်နှင့် ဘေးအန္တရာယ် တုံ့ပြန်မှုဆိုင်ရာလေ့ကျင့်ခြင်း၊ လွဲမှားစွာပြုကျင့်မှုနှင့် လျစ်လျူရှုမှု၊ ကူးစက်ရောဂါများအပါအဝင်) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းများကိုလိုက်နာသည်။ |
| (ခ)(၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ)(၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်းစည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကိုလိုက်နာဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br><br>(ခ)(၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာတန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်း လုံခြုံရန်အားပေးသည်။<br><br>(ဂ)(၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံအကြောင်းအရင်းများနှင့် လိုအပ်ချက်များကိုသိရှိရန် လေ့လာ သင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန်အပြန်အလှန်ဆက်သွယ်ပြောဆိုသည်။<br><br>(ခ)(၃.၂.၄) ပူးပေါင်းဆောင်ရွက်မှုဖြစ်စေသော အသင်းအဖွဲ့ဖြင့်ဆောင်ရွက်ခြင်းအားဖြင့်သော် လည်းကောင်း၊ လွတ်လပ်စွာ သင်ယူခြင်းအားဖြင့်သော် လည်းကောင်း ကျောင်းသားများ၏ ကောင်းစွာညှိယူနေထိုင်တတ်သည့် အပြုအမူများကိုအားပေးသည်။ |





| | |
|---|---|
| | (B–3.1.4) Follow regulations regarding health and safety (administration of medication, CPR and First Aid training, fire and disaster drills, abuse and neglect, communicable disease) |
| (B–3.2) Demonstrate strategies for managing student behaviour | (B–3.2.1) Create, explain, display and enforce the agreed classroom rules and procedures to ensure student health and safety<br><br>(B–3.2.2) Encourage students to interact with each other with mutual respect and safety<br><br>(B–3.2.3) Learn to know each student's background and needs and interact regularly with all students<br><br>(B–3.2.4) Encourage well–adjusted behaviour of students by collaborative teamwork and independent learning |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့်လက်တွေ့ကျင့်သုံးမှု – ဆက်သွယ်ပြောဆိုခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၄.၁) ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်းတိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွပူပေါင်း ဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၄.၁.၁) မိဘများအကြားနားလည်မှုမြင့်မားရန် ကျောင်း၏ အခြေအနေများ၊ အလယ်တန်းသင်ရိုးညွှန်းတမ်းများ အကြောင်းကိုအခြားသူများအားအပြုသဘောဖြင့်ပြောဆိုသည်။ |
| | (ခ)(၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်းကလေးများ၏ သင်ယူမှုတွင် မိဘများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင် ပေးသည့် နည်းဗျူဟာများကိုဖော်ပြသည်။<br><br>(ခ)(၄.၁.၃)သင်ယူမှုအခက်အခဲများကိုတုံ့ပြန်ရန်နှင့် သုံးသပ်အကြံပြုချက်များကိုအပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများရရှိရန်ကြိုးပမ်းသည်။ |

## ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ

ဤနယ်ပယ်တွင် ပညာရေး၊ သင်ကြားသင်ယူရေးတို့နှင့် ပတ်သက်၍ ဆရာများ၏ စိတ်ကူးအကြံဉာဏ်များ၊ တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများကို ရည်ညွှန်းဖော်ပြထားပါသည်။ မြန်မာ့အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသော ဆရာကိုတန်ဖိုးထားမှုများနှင့် ဆရာများနှင့် ရပ်ရွာတို့အကြား အပြန်အလှန်နားလည်မှုကို ထင်ဟပ်စေသည့် အချက်များကို နောက်ခံပြုထားပါသည်။ ဤအချက်များတွင် (၁) ကျောင်းသားများကို စည်းကမ်းရှိရန် သင်ကြားပေးခြင်း(၂) အကောင်းဆုံးသင်ကြားပို့ချရှင်းလင်းခြင်း (၃) ကလေးများတတ်သိသင့်သည်များကို မချွင်းမချန်သင်ပေးခြင်း (၄) ကျောင်းသားများကိုတန်ဖိုးထား အသိအမှတ်ပြုခြင်း (၅) လိုအပ်သည့်အခါ တိုင်းကျောင်းသားများအတွက်ရပ်တည်ပေးခြင်းနှင့် ဆရာအသက်မွေးဝမ်းကျောင်းအလုပ်ကို တန်ဖိုးထားကြောင်းပြခြင်း (၆) အပြန်အလှန်အားဖြင့် မြန်မာ့ယဉ်ကျေးမှုအရ ရပ်ရွာအနေဖြင့် ဆရာများကို ရိုသေလေးစားကြောင်းပြခြင်း စသည်တို့ပါဝင်သည်။





**Area of Competence: Professional skills and practices – Communication**

| Competency standard B4: Work together with other teachers, parents, and community | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–4.1) Demonstrate strategies for working together with other teachers, parents, and the local community to improve the learning environment for students | (B–4.1.1) Speak positively to others about school culture and the lower secondary curriculum to promote understanding among parents |
| | (B–4.1.2) Describe strategies to promote parents' involvement in their child's learning at school, at home and in the community<br><br>(B–4.1.3) Seek colleagues' perspectives in attempting to respond to learning issues, and accept feedback positively |

## Domain C: Professional Values and Dispositions

This domain refers to the ideas, values and beliefs that teachers hold about education, teaching and learning. It is underpinned by the values expressed in the Myanmar National Education Law and reflects the mutual understanding by teachers and the community about the Myanmar teacher – Teach students to be disciplined, Teach and explain to your best, Teach everything known, Appreciate students and Stand up for students whenever needed, Teach to value the professional work of being a teacher. According to Myanmar tradition, in return, the community will respect teachers.

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ဆရာ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်းပြသနိုင်သည်။ | (ဂ)(၁.၁.၁) မြန်မာနိုင်ငံရှိဆရာများလိုက်နာ ကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာကျင့်သုံးရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာသည်။<br><br>(ဂ)(၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုကဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကိုတသမတ် တည်းဖော်ပြသည်။ |
| (ဂ)(၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကိုနားလည်ကြောင်းပြသသည်။ | (ဂ)(၁.၂.၁) သင်ကြား သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကိုဖော်ပြသည်။ |
| (ဂ)(၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (ဂ)(၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။ |
| (ဂ)(၁.၄)ပညာရေးဆိုင်ရာရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။ | (ဂ)(၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာအသုံးပြုသည်။ |





**Area of Competence: Professional values and dispositions – Service to profession**

| Competency standard C1: Service to profession | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–1.1) Demonstrate values and attitudes consistent with Myanmar's tradition of perceiving teachers as role models | (C–1.1.1) Comply with professional codes of conduct, rules and regulations in line with the five traditional responsibilities of the Myanmar teacher<br><br>(C–1.1.2) Consistently express positive attitudes, values and behaviours, consistent with what is expected of teachers by students, colleagues, parents and communities |
| (C–1.2) Demonstrate understanding of the underlying ideas that influence one's practice as a professional teacher | (C–1.2.1) Identify theories and concepts that inform approaches to teaching and learning<br><br>(C–1.2.2) Describes own approach to teaching and learning |
| (C–1.3) Demonstrate understanding of the possible effect of local culture and context on student participation in school | (C–1.3.1) Show interest in and take time to learn about the students' culture, language and community |
| (C–1.4) Demonstrate responsibility and accountability for the use of education resources | (C–1.4.1) Use school supplies and resources appropriately |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ရပ်ရွာအရေး ဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၂) ရပ်ရွာအရေးဦးဆောင်ပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၂.၁) ကျောင်းနှင့် ရပ်ရွာကိစ္စများ၌ ဆရာအတတ်ပညာ အသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံဆောင်ရွက်နိုင်ကြောင်းပြသသည်။ | (ဂ)(၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သည်။<br><br>(ဂ)(၂.၁.၂) ကျောင်းနှင့်ရပ်ရွာတွင် တာဝန်ခံဆောင်ရွက်သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြပြောဆိုနေထိုင်သည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – သင်ယူသူဗဟိုပြုသင်ကြားရေးအပေါ် တန်ဖိုးထားမှုများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံးပညာရေး အရည်အသွေးမြင့်မားစေရန်နှင့် ပညာရေးတန်းတူညီမျှ ရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာပံ့ပိုးကူညီကြောင်းပြသသည်။ | (ဂ)(၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကိုအသိအမှတ်ပြုကြောင်းပြသည်။<br><br>(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသောလူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိ အမှတ်ပြုပြီး ကျောင်းသားအားလုံးအားတန်းတူညီမျှ ဆက်ဆံသည်။ |
| (ဂ)(၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကိုလေးစားပြီး ကျောင်းသားအားလုံးမိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသောယုံကြည်မှု သဘောထားကိုဖော်ပြသည်။ | (ဂ)(၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန်ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကိုဖွဲ့စည်းသည်။ |





**Area of Competence: Professional values and dispositions – Service to community leadership**

| Competency standard C 2: Service to community leadership | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–2.1) Demonstrate commitment to serving the school and community as a professional member of the teaching profession | (C–2.1.1) Contribute actively to a range of school and community activities<br><br>(C–2.1.2) Demonstrate model behaviour as a teacher serving and working in school and community responsibly and accountably. |

**Area of Competence: Professional values and dispositions – Student-centred values**

| Competency standard C 3: Promote quality and equity in education for all students | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–3.1) Demonstrate a high regard for each student's right to education and treat all students equitably | (C–3.1.1) Show awareness of the right to education of every child and a commitment to nurturing the potential in each student<br><br>(C–3.1.2) Recognise the different social situations and background of students and treat all students equally |
| (C–3.2) Demonstrate respect for diversity of students and the belief that all students can learn according to their capacities | (C–3.2.1) Organise the classroom to encourage all students' participation in the lesson content, activities and interactions with the teacher |

| | |
|---|---|
| (ဂ)(၃-၃) ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုနားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။ | (ဂ)(၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |

## ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

ဤနယ်ပယ်သည် ဆရာများ၏စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည်။ ၄င်းတွင် ဆရာများ၏အလေ့အကျင့်များ၊ စေ့ဆော်မှုများ၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုများ၊ အတတ်ပညာစွမ်းဆောင်ရည်မြင့်မားမှုများ နှင့် ဆက်စပ်သည့် လုပ်ဆောင်မှု များပါဝင်ပါသည်။ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြှင့်တင်မှုသည် ရပ်ရွာအတွင်း ခေါင်းဆောင်များအဖြစ် ဆရာများ၏အခန်းကဏ္ဍအရေးပါမှုကို မြှင့်တင်ပေးပါသည်။ ဆရာများ၏ စာသင်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆရာအတတ်ပညာစဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုများကိုအထောက်အကူပြုရန် သုတေသနဆိုင်ရာ လိုအပ်ချက်များကို အလေးပေးဖော်ပြထားပါသည်။

**တတ်ကျွမ်းမှုဧရိယာ - ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု - ပြန်လည်ထင်ဟပ်သုံးသပ်သည့် အလေ့အကျင့်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ-၁) မိမိ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၁.၁) မိမိ၏လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ)(၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစားသုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှုအထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ)(၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကိုအသုံးပြုသည်။ |





| | |
|---|---|
| (C–3.3) Demonstrate capacity to build students' understanding of different cultures and global citizenship. | (C–3.3.1) Integrate concepts of sustainability, equality, justice and the rights and responsibilities of students into class and school activities |

## Domain D: Professional Growth and Development

This domain deals with teachers' continuing professional growth and development. It incorporates teachers' habits, motivation and actions related to their on-going learning and professional improvement. It advocates the importance of all teachers being aware of their role as leaders within the community and highlights the need for active research to support teachers' classroom performance and continuing professional development.

**Area of Competence: Professional growth and development – Reflective practices**

| Competency standard D1: Reflect on own teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–1.1) Regularly reflect on own teaching practice and its impact on student learning | (D–1.1.1) Use evidence of students learning to reflect on the impact of own teaching practice<br><br>(D–1.1.2) Use information from a variety of sources to improve teaching practice and student learning |

| | |
|---|---|
| | (ဃ)(၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး အတွက် နယ်ပယ်များဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပူးပေါင်းဆောင်ရွက်သင်ယူမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ဃ–၂) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁) လှေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သောသုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာလက်ခံရယူသည်။<br><br>(ဃ)(၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်း ချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင် သည်။<br><br>(ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်သည်။<br><br>(ဃ)(၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ်ပညာ အဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည်။ |





| | |
|---|---|
| | (D–1.1.3) Regularly reflect on a wide range of actions and experiences to identify areas for own continuous professional development as a teacher |

**Area of Competence: Professional growth and development – Collaborative learning**

| Competency standard D2: Engage with colleagues in improving teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–2.1) Improve own teaching practice through learning from other teachers and professional development opportunities | (D–2.1.1) Discuss teaching practices with supervisors and colleagues, and willingly seek constructive feedback<br><br>(D–2.1.2) Participate in professional development activities related to identified goals for improving practice<br><br>(D–2.1.3) Establish goals for own professional development as a teacher<br><br>(D–2.1.4) Participate in professional activities conducted by school clusters and recognised professional associations |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – သုတေသနပြုရန် ဦးဆောင်ဦးရွက် ပြုနိုင်သည့်စွမ်းရည်**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၃) သင်ကြားရေးလက်တွေ့ဆောင်ရွက်ချက်မှုများ တိုးတက်မြင့်မားရေးအတွက် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၃.၁) လက်တွေ့သင်ကြားရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာသင်ယူမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။ | (ဃ)(၃.၁.၁) မိမိ၏လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာသင်ယူမှု ပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။<br><br>(ဃ)(၃.၁.၂) အကြောင်းအရာဆိုင်ရာ ဗဟုသုတအချက်အလက်များနှင့် မိမိ၏လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် အလယ်တန်းပညာရေးနှင့် သင်ကြားရမည့် သီးသန့်ဘာသာရပ်များအတွက်လက်ရှိ ရေ့ရှုရာလမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို online သို့မဟုတ် offline ရှာဖွေရယူ၊ ခွဲခြမ်းစိတ်ဖြာသည်။ |

## နောက်ဆက်တွဲ(၄) အထက်တန်းပြဆရာများ – လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့်

## ပညာရပ်နယ်ပယ် (က) ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည် သဘောပေါက်မှု

ဤနယ်ပယ်၌ ဆရာများသိသင့်သည့်၊ လက်တွေ့ထုတ်ဖော်ပြသသင့်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကို အလေးပေးထားပါသည်။ ပညာရေးအဆင့် အသီးသီးနှင့် အသက်အရွယ်အမျိုးမျိုးအား သင်ကြားရာတွင် လိုအပ်သောအသိပညာ၊အဆင့်နှင့်ကိုက်ညီသောဘာသာရပ်ပါအကြောင်းအရာများနှင့်တတ်ကျွမ်းမှုများပါရှိပါသည်။ ဘာသာရပ်တတ်ကျွမ်းမှုနှင့် ပတ်သက်၍ ကျောင်းသားများအနေဖြင့် မည်ကဲ့သို့သင်ယူသည်၊ အဓိကသင်ယူမှု နယ်ပယ်များတွင် ကျောင်းသားများအား မည်ကဲ့သို့ထိရောက်စွာသင်ကြားနိုင်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤနယ်ပယ်၌ ပါဝင်သော တတ်ကျွမ်းမှုဆိုင်ရာစံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ပညာရေးမူဝါဒဆိုင်ရာအသိပညာများ၊ ကျောင်းသင်ရိုးညွှန်းတမ်းများ၊ ၎င်း၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ရေးသားပြုစုမှုတို့ အပေါ်တွင် အခြေခံထားပါသည်။





**Area of Competence: Professional growth and development – Initiative for research culture**

| Competency standard D3: Participate in professional learning to improve teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–3.1 )Demonstrate understanding of the importance of inquiry and research–based learning to improve teaching practice | (D–3.1.1) Identify relevant professional learning material to improve own practice<br><br>(D–3.1.2) Search and analyse online or offline information on current trends and research based practices in lower secondary education and for specific subjects taught to improve one's own content knowledge and teaching practice |

## Annex 4: Upper Secondary Teachers – Beginning Level

## Domain A: Professional Knowledge and Understanding

This domain centres on the information that teachers should know and be able to demonstrate. It encompasses the knowledge required for teaching different ages and stages and level–appropriate subject content competency. Inherent in any focus on subject competency is the necessity to understand how students learn and how they can be effectively taught in the key learning areas. Underpinning all competency standards in this domain is knowledge of educational policy and school curricula for Myanmar, its aims and objectives and developments.

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဘာသာရပ်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(က–၁) ကျောင်းသားများမည်သို့ သင်ယူသည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၁.၁) ကျောင်းသားများ၏အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည်ကိုနားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၁.၁.၁) ကျောင်းသားများ၏သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် သူတို့၏သင်ယူမှုအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။<br><br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရသင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |
| (က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသောသင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသောကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုး (ဘာသာရပ်ဆိုင်ရာသီးသန့် နည်းဗျူဟာများ အပါအဝင်) ကိုဖော်ထုတ်သတ်မှတ်သည်။<br><br>(က)(၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီးရှေ့နောက်အစီအစဉ်တကျဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကိုဖော်ထုတ်သတ်မှတ်သည်။ |





**Area of Competence: Professional knowledge and understanding – Educational Studies**

| Competency standard A1: Know how students learn | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–1.1 )Demonstrate understanding of how students learn relevant to their age and developmental stage | (A–1.1.1) Give examples of how the students' cognitive, physical, social, emotional and moral development may affect their learning<br><br>(A–1.1.2) Prepare learning activities to align with students' level of cognitive, linguistic, social, and physical development |
| (A–1.2) Demonstrate understanding of how different teaching methods can meet students' individual learning needs | (A–1.2.1) Identify various teaching methods to help students with different backgrounds (gender, ethnicity, culture) and abilities, including special learning needs, learn better, including subject–specific strategies<br><br>(A–1.2.2) Identify focused and sequenced learning activities to assist students to link new concepts with their prior knowledge and experiences |

**တတ်ကျွမ်းမှုနယ်ပယ်–ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ပညာရေးဆိုင်ရာနည်းပညာများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၂) ပညာရေးဆိုင်ရာနည်းပညာများကို ဆီလျော်စွာအသုံးပြုနိုင်မှုအား သိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၂.၁.၁) ကျောင်းသားများအချင်းချင်းအပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က)(၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကိုအသုံးပြုသည်။ |
| (က)(၂.၂) သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ(ICT)ကိုသင်ကြားသင်ယူမှုတွင်သင့်လျော်စွာအသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူ ပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေရရှိသော ပညာရေးဆိုင်ရာနည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကိုဖော်ပြသည်။<br><br>(က)(၂.၂.၂) ရရှိနိုင်သော online နှင့် offline တွင်ရှိနေသော ICT နှင့်ပတ်သက်သော နည်းကိရိယာများနှင့် ပစ္စည်းများကို သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၊ သင်ကြားမှု နည်းဗျူဟာများ (online နှင့် offline ICTs များအပါအဝင်) နှင့် နှိုင်းယှဉ်သုံးသပ်အကဲဖြတ်သည်။<br><br>(က)(၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရား အယူအဆများနှင့်မူများကို နားလည်ကြောင်း ဖော်ပြ၊ သရုပ်ပြသည်။ |





**Area of Competence: Professional knowledge and understanding – Educational technologies**

| Competency standard A2: Know appropriate use of educational technologies | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–2.1) Demonstrate understanding of appropriate use of a variety of teaching and learning strategies and resources | (A–2.1.1) Plan learning experiences that provide opportunities for student collaboration, inquiry, problem–solving and creativity<br><br>(A–2.1.2) Use teaching methods, strategies and materials as specified in the textbooks and additional low cost support materials, to support student learning |
| (A–2.2) Demonstrate understanding of appropriate use of Information and Communication Technology (ICT) in teaching and learning | (A–2.2.1) Describe the function and purpose of online and offline educational tools and materials to support the teaching and learning process<br><br>(A–2.2.2) Evaluate and match available tools and materials to curriculum content and pedagogical strategies, including online and offline ICTs<br><br>(A–2.2.3) Describe and demonstrate the understanding of basic concepts and principles of media and information literacy |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ကျောင်းသား၊ မိဘ၊ ကျောင်းနှင့်ရပ်ရွာအဖွဲ့အစည်းများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသောတာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၃.၁.၁) မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက်စံအဖြစ် လိုက်နာကျင့်သုံး သင့်သည့် ကျင့်ဝတ် (၅)သွယ် နှင့် ဆရာအခန်းကဏ္ဍကိုဖော်ပြသည်။ |
| (က)(၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ဘာသာစကား၊ ယဉ်ကျေးမှုမတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က(၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စိတ်ရောကိုယ်ပါ လုပ်ကိုင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့်ဆက်သွယ်မှု (inclusive communication) ကိုအထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br><br>(က)(၃.၂.၂) မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများမှ လူကြီးများ၊ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ဆက်ဆံသည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – သင်ရိုးညွှန်းတမ်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အထက်တန်းသင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။ |





**Area of Competence: Professional knowledge and understanding – Students, families, schools and communities**

| Competency standard A3: Know how to communicate well with students and their families | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–3.1) Demonstrate understanding of the role and expected duties of teachers in Myanmar | (A–3.1.1) Describe the role and five duties of Myanmar teachers as socially accepted norms |
| (A–3.2) Demonstrate respect for the social, linguistic, and cultural diversity of the students and their communities | (A–3.2.1) Give examples of inclusive communication strategies to support all students' participation and engagement in classroom activities'<br><br>(A–3.2.2) Be aware of the social, linguistic and cultural background of parents, community elders and leaders when interacting with them |

**Area of Competence: Professional knowledge and understanding – Curriculum**

| Competency standard A4: Know the curriculum | |
|---|---|
| **Minimum requirements** | **Indicators** |
| A–4.1 Demonstrate understanding of the structure, content and expected learning outcomes of the basic education curriculum | A–4.1.1 Describe key concepts, content, learning objectives and outcomes of the upper secondary curriculum for the subjects and grade level/s taught |

| | |
|---|---|
| | (က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သောသင်ကြားသင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။<br><br>(က)(၄.၁.၃) အထက်တန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကိုဖော်ပြသည်။ |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာအသိပညာနှင့် နားလည်သဘောပေါက်မှု – ဘာသာရပ်အကြောင်းအရာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၅) ဘာသာရပ် အကြောင်းအရာကိုသိသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန်တာဝန်ပေးအပ်ထားသောဘာသာရပ်အကြောင်းအရာကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသောဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကိုဖော်ပြသည်။<br><br>(က)(၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာအကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။<br><br>(က)(၅.၁.၃) အဆင့်အမျိုးမျိုး နှင့် အတန်းအမျိုးမျိုးတွင် တိကျသောဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများတည်ဆောက်ပေးရန်အဓိကသဘောထားအယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကိုလက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။ |





| | |
|---|---|
| | (A–4.1.2) Prepare lesson plans reflecting the requirements of the curriculum and include relevant teaching and learning activities and materials<br><br>(A–4.1.3) Describe the assessment principles underpinning the Upper Secondary curriculum |

**Area of Competence: Professional knowledge and understanding – Subject matter**

| Competency standard A5: Knows the subject content | |
|---|---|
| **Minimum requirements** | **Indicators** |
| (A–5.1) Demonstrate understanding of the subject matter to teach the assigned subject/s for the specified grade level/s | (A–5.1.1) Describe the key concepts, skills, techniques and applications for the subjects covered in the grade levels taught<br><br>(A–5.1.2) Include in lessons accurate and relevant information, examples and exercises to support student learning of core subject content, skills and procedures<br><br>(A–5.1.3) Link key concepts, principles and theories to real life applications to build discipline specific foundations and skills for different classes and grade levels taught |

| | |
|---|---|
| (က)(၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသောသင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများသင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည် ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က)(၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ်များ၊အယူအဆများအားနားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေနှင့် ဆက်စပ်သောသင်ယူရမည့် အကြောင်းအရာ၊ သင်ယူမှု လုပ်ငန်းများ၊ ရင်းမြစ်များကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကိုဖော်ပြသည်။<br><br>(က)(၅.၂.၂) ဘာသာရပ်အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့်ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများထည့်သွင်းပြီးသင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်းရှင်းပြသည်။<br><br>(က)(၅.၂.၃) လက်တွေ့ဘဝအခြေအနေများတွင် အသုံးပြုနိုင်သည့် ဥပမာများဖြင့် အကြောင်းအရာဆိုင်ရာ တိကျသော ဘာသာစကား၊ နည်းပညာဆိုင်ရာ ဝေါဟာရများနှင့် ကျွမ်းကျင်မှုများအသုံးပြုမှုကိုစံနမူနာ ပြနိုင်သည့် ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |

## ပညာရပ်နယ်ပယ်(ခ) ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့်လက်တွေ့ကျင့်သုံးမှုများ

ဤနယ်ပယ်သည် ဆရာများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် သက်ဆိုင်ပါသည်။ ဆရာများ၏ ဆရာအတတ်ပညာနှင့်သက်ဆိုင်ရာအသိပညာနှင့် နားလည်မှုတို့ကို မတူညီသောဘာသာရပ်နယ်ပယ်၊ ပညာရေးအဆင့်များနှင့် ဆီလျော်စွာ ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မတူညီသောပညာရေးနောက်ခံအခြေအနေတို့အတွက် သင်ကြားမှု ဆိုင်ရာနည်းဗျူဟာအမျိုးမျိုးကို ပိုင်ဆိုင်စေခြင်းအားဖြင့် ပြည့်စုံစေမည် ဖြစ်ပါသည်။





| | |
|---|---|
| (A–5.2) Demonstrate understanding of how to vary delivery of subject content to meet students' learning needs and the learning context | (A–5.2.1) Describe ways to contextualise learning activities for the age, language, ability and culture of students to develop understanding of subject related principles, ideas and concepts<br><br>(A–5.2.2) Explain how lessons are contextualised to include localised information and examples related to the subject content, concepts and themes<br><br>(A–5.2.3) Describe approaches to model the use of content specific language, technical terms and skills by providing examples of use in real life contexts |

## Domain B: Professional Skills and Practices

This domain deals with what teachers are able to do. The teachers' professional knowledge and understanding is complemented by possession of a repertoire of teaching strategies for different educational contexts to meet the needs of individual students as appropriate to different subject areas and stages of schooling.

**တတ်ကျွမ်းမှုနေရာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – သင်ကြားနည်းပညာ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၁) သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်းအကြောင်းအရာကို သင်ကြားသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသေ ာသင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါအကြောင်းအရာ၊ ဆက်နွယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကိုရှင်းပြရာတွင် အမျိုးမျိုးသောနည်းလမ်းများကိုအသုံးပြုသည်။<br><br>(ခ)(၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီးအသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကိုရွေးချယ်သည်။<br><br>(ခ)(၁.၁.၃) သင်ကြားရမည့်ဘာသာရပ်များအတွက် ဘာသာရပ်ဆိုင်ရာအသိပညာကိုစစ်မှန်သောသင်ယူမှု ဖြစ်စေရန် မြှင့်တင်ပေးသည်။ |
| (ခ)(၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသောသင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကိုအသုံးပြုသည်။<br><br>(ခ)(၁.၂.၂) ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ တတ်မြောက်မှုဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုနိုင်မည့် အမျိုးမျိုးသောအရေးအဖတ်ဆိုင်ရာ သင်ကြားနည်းဗျူဟာများကိုအသုံးပြုသည်။<br><br>(ခ)(၁.၂.၃) သင်ယူမှုလုပ်ငန်းစဉ်များနှင့် ဘာသာရပ်ဆိုင်ရာ သီးသန့်လိုအပ်သော ကျွမ်းကျင်မှုများကို လက်တွေ့ လေ့ကျင့်နိုင်ရန် ကျောင်းသားများအား အထောက်အကူပြုသည့် စစ်မှန်လက်တွေ့ကျပြီးစိန်ခေါ်မှုရှိသောသင်ခန်းစာများကိုရေးဆွဲဖန်တီးပေးသည်။ |





**Area of Competence: Professional skills and practices – Pedagogy**

| Competency standard B1: Teach curriculum content using various teaching strategies | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–1.1) Demonstrate capacity to teach subject-related concepts and content clearly and engagingly | (B–1.1.1) Use different ways to explain the subject matter, related ideas and concepts to meet a range of learning abilities and intended learning outcomes<br><br>(B–1.1.2) Select instructional material to link learning with students' prior knowledge, interests, daily life and local needs<br><br>(B–1.1.3) Promote authentic learning of discipline knowledge, for the subject(s) taught |
| (B–1.2) Demonstrate capacity to apply educational technologies and different strategies for teaching and learning | (B–1.2.1)Used teaching methods and learning strategies appropriate for the class – culture, size and type<br><br>(B–1.2.2) Use knowledge of different literacy teaching strategies to support development of subject matter literacy<br><br>(B–1.2.3) Design authentic, challenging lessons to support students to practise subject-specific skills and processes |

| | |
|---|---|
| (ခ)(၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကိုထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကိုဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများသင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၄င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကိုသင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန်သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကိုပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသည့်တိကျသောသင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။<br><br>(ခ)(၁.၃.၄) သင်ယူရမည့် အသိသညာအသစ်များနှင့် အကြောင်းအရာများကို နိဒါန်းပျိုးသရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကိုအသုံးပြုသည်။ |

**တတ်ကျွမ်းမှုနယ်ပယ်– ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စစ်ဆေးအကဲဖြတ်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ–၂) ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၂.၁) ကျောင်းသားများ၏ သင်ယူမှုကိုလေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ)(၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကိုသုံးသည်။<br><br>(ခ)(၂.၁.၂) သင်ခန်းစာများပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။ |





| | |
|---|---|
| (B–1.3) Demonstrate good lesson planning and preparation in line with students' learning ability and experience | (B–1.3.1) Plan and structure lesson to ensure all the lesson time is used effectively.<br><br>(B–1.3.2) Provide lesson introductions to link new learning to prior learning, to engage students' interest and to motivate them in learning<br><br>(B–1.3.3) Prepare focused and sequential learning experiences that integrate learning areas and are responsive to students' interests and experience<br><br>(B–1.3.4) Use questioning techniques and examples, to introduce and illustrate new concepts and content to be learnt |

**Area of Competence: Professional skills and practices – Assessment**

| Competency standard B2: Assess, monitor and report on students' learning | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–2.1) Demonstrate capacity to monitor and assess student learning | (B–2.1.1) Use assessment techniques as part of lessons to support students to achieve learning outcomes<br><br>(B–2.1.2) Use assessment information to plan lessons |

| | |
|---|---|
| | (ခ)(၂.၁.၃) ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |
| (ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များကို ကျောင်းသားများသင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သောစွမ်းရည်ရှိကြောင်း ပြသည်။ | (ခ)(၂.၂.၁) ကျောင်းသားများ၏သင်ယူဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုတိကျမှန်ကန်စွာမှတ်တမ်းထားရှိသည်။<br><br>(ခ)(၂.၂.၂) ကျောင်းသားများ၏ သင်ယူတိုးတက်မှုကို လေ့လာကြီးကြပ် တည့်မတ်ပေးနိုင်ရန်၊ မှတ်တမ်းထားနိုင်ရန်၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေး အစီအစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များပေးနိုင်ရန် အမျိုးမျိုးသောစစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာသက်ဆိုင်ရာလက်တွေ့ကျင့်သုံးမှုများကိုအသုံးပြုသည်။<br><br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှုအခြေအနေများနှင့်ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ – စာသင်ခန်းစီမံခန့်ခွဲမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက်(ခ–၃) ကျောင်းသားများ၏သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှု ရှိသောသင်ယူမှုပတ်ဝန်းကျင်ကိုဖန်တီးပေးသည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိ ပြီးထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားအားလုံးပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိပစ္စည်းများနှင့် ရင်းမြစ်များကိုစီမံအသုံးပြုသည်။<br><br>(ခ)(၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန်ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်းလွတ်လပ်စွာသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော် လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။ |





| | |
|---|---|
| | (B–2.1.3) Use questioning and discussion techniques to check students understanding and provide feedback |
| (B–2.2) Demonstrate capacity to keep detailed assessment records and use the assessment information to guide students' learning progress | (B–2.2.1) Record students learning progress accurately and consistently<br><br>(B–2.2.2) Use varied assessment practices to monitor and record students' learning progress and inform further planning of the curriculum<br><br>(B–2.2.3) Communicate students' learning progress and achievement to students, parents and other educators |

**Area of Competence: Professional skills and practices – Classroom management**

| Competency standard B3: Create a supportive and safe learning environment for students | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–3.1) Demonstrate capacity to create a safe and effective learning environment for all students | (B–3.1.1) Use space and classroom materials and resources to ensure involvement of all students in learning activities<br><br>(B–3.1.2) Encourage students to interact with each other and to work both independently and in teams |

| | |
|---|---|
| | (ခ)(၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများ ကိုတိုးမြှင့်ဆောင်ရွက်သည်။<br><br>(ခ) (၃.၁.၄) (ဆေးဝါးညွှန်ကြားပေးခြင်း၊ အသက်ကယ်နှင့် ရှေးဦးသူနာပြုစုမှုသင်တန်း၊ မီးသတ်နှင့်ဘေးအန္တရာယ် တုံ့ပြန်မှုဆိုင်ရာလေ့ကျင့်ခြင်း၊ လွဲမှားစွာပြုကျင့်မှုနှင့် လျစ်လျူရှုမှု၊ ကူးစက်ရောဂါများအပါအဝင်) ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းများကိုလိုက်နာသည်။ |
| (ခ)(၃.၂) ကျောင်းသားများ၏အပြုအမူများကိုစီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ)(၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်း အတွင်းစည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br><br>(ခ)(၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့် တစ်ဦး အပြန်အလှန် လေးစားစွာတန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန်အားပေးသည်။<br><br>(ဂ)(၃.၂.၃)ကျောင်းသားတစ်ဦးစီ၏နောက်ခံအကြောင်းရင်းများနှင့် လိုအပ်ချက်များကိုသိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန်ဆက်သွယ်ပြောဆိုသည်။<br><br>(ခ)(၃.၂.၄) ပူးပေါင်းဆောင်ရွက်မှုဖြစ်စေသော အသင်းအဖွဲ့ဖြင့်ဆောင်ရွက်ခြင်းအားဖြင့်သော် လည်းကောင်း၊ လွတ်လပ်စွာ သင်ယူခြင်းအားဖြင့်သော်လည်းကောင်း ကျောင်းသားများ၏ ကောင်းစွာညှိယူ နေထိုင်တတ်သည့် အပြုအမူများကိုအားပေးသည်။ |





| | |
|---|---|
| | (B–3.1.3) Model and promote good health and safety practices to ensure students' wellbeing and safety within the classroom and school<br><br>(B–3.1.4) Follow regulations regarding health and safety (administration of medication, CPR and First Aid training, fire and disaster drills, abuse and neglect, communicable disease) |
| (B–3.2) Demonstrate strategies for managing student behaviour | (B–3.2.1) Create, explain, display and enforce the agreed classroom rules and procedures to ensure student health and safety<br><br>(B–3.2.2) Encourage students to interact with each other with mutual respect and safety<br><br>(B–3.2.3) Learn to know each student's background and needs and interact regularly with all students<br><br>(B–3.2.4) Encourage well–adjusted behaviour of students by collaborative teamwork and independent learning |

**တတ်ကျွမ်းမှုနယ်ပယ် - ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့်လက်တွေ့ကျင့်သုံးမှု - ဆက်သွယ်ပြောဆိုခြင်း။**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ-၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ခ)(၄.၁) ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကိုအသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၄.၁.၁) မိဘများအကြား နားလည်မှုမြှင့်တင်ရန် ကျောင်း၏အခြေအနေများ၊ အထက်တန်းသင်ရိုးညွှန်းများ အကြောင်းကို အခြားသူများအား အပြုသဘောဖြင့်ပြောဆိုသည်။<br><br>(ခ) (၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်းကလေးများ၏ သင်ယူမှုတွင်မိဘများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရန် နည်းဗျူဟာများကိုဖော်ပြသည်။<br><br>(ခ)(၄.၁.၃)သင်ယူမှုအခက်အခဲများကိုတုံ့ပြန်ရန်နှင့် သုံးသပ်အကြံပြုချက်များကိုအပြုသဘောနှင့် လက်ခံရန်ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများ ရရှိရန်ကြိုးပမ်းသည်။ |

## ပညာရပ်နယ်ပယ် (ဂ) ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ

ဤနယ်ပယ်တွင် ပညာရေး၊ သင်ကြားသင်ယူရေးတို့နှင့် ပတ်သက်၍ ဆရာများ၏ စိတ်ကူးအကြံဉာဏ်များ၊ တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများကို ရည်ညွှန်းဖော်ပြထားပါသည်။ မြန်မာ့အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသော ဆရာကိုတန်ဖိုးထားမှုများနှင့် ဆရာများနှင့်ရပ်ရွာတို့အကြား အပြန်အလှန်နားလည်မှုကို ထင်ဟပ်စေသည့်အချက်များကို နောက်ခံပြုထားပါသည်။ ဤအချက်များတွင် (၁) ကျောင်းသားများကို စည်းကမ်းရှိရန် သင်ကြားပေးခြင်း(၂) အကောင်းဆုံးသင်ကြားပို့ချရှင်းလင်းခြင်း (၃) ကလေးများတတ်သိသင့်သည်များကို မချွင်းမချန် သင်ပေးခြင်း (၄) ကျောင်းသားများကိုတန်ဖိုးထားအသိအမှတ်ပြုခြင်း (၅) လိုအပ်သည့်အခါတိုင်း ကျောင်းသားများအတွက်ရပ်တည်ပေးခြင်းနှင့် ဆရာအသက်မွေးဝမ်းကျောင်းအလုပ်ကို တန်ဖိုးထားကြောင်းပြခြင်း (၆) အပြန်အလှန်အားဖြင့် မြန်မာ့ယဉ်ကျေးမှုအရ ရပ်ရွာအနေဖြင့် ဆရာများကို ရိုသေလေးစားကြောင်းပြခြင်း စသည်တို့ ပါဝင်သည်။





**Area of Competence: Professional skills and practices – Communication**

| Competency standard B4: Work together with other teachers, parents, and community | |
|---|---|
| **Minimum requirements** | **Indicators** |
| (B–4.1) Demonstrate strategies for working together with other teachers, parents, and the local community to improve the learning environment for students | (B–4.1.1)Speak positively others about school culture and the upper secondary curriculum to promote understanding among parents<br><br>(B–4.1.2) Describe strategies to promote parents' involvement in their child's learning at school, at home and in the community<br><br>(B–4.1.3) Seek colleagues' perspectives in attempting to respond to learning issues, and accept feedback positively |

## Domain C: Professional Values and Dispositions

This domain refers to the ideas, values and beliefs that teachers hold about education, teaching and learning. It is underpinned by the values expressed in the Myanmar National Education Law and reflects the mutual understanding by teachers and the community about the Myanmar teacher – Teach students to be disciplined, Teach and explain to your best, teach everything known, appreciate students and Stand up for students whenever needed, Teach to value the professional work of being a teacher. According to Myanmar tradition, in return, the community will respect teachers.

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ဆရာ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၁.၁) မြန်မာတို့၏ထုံးတမ်းစဉ်လာအရ စံနမူနာပြုပုဂ္ဂိုလ်ဖြစ်သည့်ဆရာ တစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကိုလက်ခံကျင့်သုံးနိုင်ကြောင်းပြသနိုင်သည်။ | (ဂ)(၁.၁.၁) မြန်မာနိုင်ငံရှိဆရာများလိုက်နာ ကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာကျင့်သုံးရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာသည်။<br><br>(ဂ)(၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုကဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တသမတ်တည်းဖော်ပြသည်။ |
| (ဂ)(၁.၂)ဆရာအဖြစ်အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိလက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး အတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။ | (ဂ)(၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကိုဖော်ပြသည်။ |
| (ဂ)(၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့်ဆက်စပ်အခြေအနေများသည်ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (ဂ)(၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ဘာသာစကားနှင့်ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန်အချိန်ယူသည်။ |
| (ဂ)(၁.၄) ပညာရေးဆိုင်ရာ ရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။ | (ဂ)(၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာအသုံးပြုသည်။ |





**Area of Competence: Professional values and dispositions – Service to profession**

| Competency standard C1: Service to profession | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–1.1) Demonstrate values and attitudes consistent with Myanmar's tradition of perceiving teachers as role models | (C–1.1.1) Comply with professional codes of conduct, rules and regulations in line with the five traditional responsibilities of the Myanmar teacher<br><br>(C–1.1.2) Consistently express positive attitudes, values and behaviours, consistent with what is expected of teachers by students, colleagues, parents and communities |
| (C–1.2) Demonstrate understanding of the underlying ideas that influence one's practice as a professional teacher | (C–1.2.1) Identify theories and concepts that inform approaches to teaching and learning<br><br>(C–1.2.2) Describes own approach to teaching and learning |
| (C–1.3) Demonstrate understanding of the possible effect of local culture and context on student participation in school | (C–1.3.1) Show interest in and take time to learn about the students' culture, language and community |
| (C–1.4) Demonstrate responsibility and accountability for the use of education resources | (C–1.4.1) Use school supplies and resources appropriately |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – ရပ်ရွာအရေး ဦးဆောင်ပါဝင်ဆောင်ရွက်ခြင်း**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၂) ရပ်ရွာအရေးဦးဆောင်ပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၂.၁) ကျောင်းနှင့် ရပ်ရွာကိစ္စများ၌ ဆရာအတတ်ပညာအသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံဆောင်ရွက်နိုင်ကြောင်းပြသသည်။ | (ဂ)(၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သည်။<br><br>(ဂ)(၂.၁.၂) ကျောင်းနှင့်ရပ်ရွာတွင် တာဝန်ခံဆောင်ရွက်သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြပြုမူပြောဆို နေထိုင်သည်။ |

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာတန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ – သင်ယူသူဗဟိုပြု သင်ကြားရေးအပေါ် တန်ဖိုးထားမှုများ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံးပညာရေးအရည်အသွေးမြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှ ရရှိနိုင်ရန်တိုးမြှင့် ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဂ)(၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာပံ့ပိုးကူညီကြောင်းပြသသည်။ | (ဂ)(၃.၁.၁)ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကိုအသိအမှတ်ပြုကြောင်း ပြသည်။<br><br>(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသောလူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအားတန်းတူညီမျှဆက်ဆံသည်။ |
| (ဂ)(၃.၂) ကျောင်းသားများ၏ မတူကွဲပြားသောခြားနားချက်များကိုလေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။ | (ဂ)(၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန်ပြောဆို ဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကိုဖွဲ့စည်းသည်။ |





**Area of Competence: Professional values and dispositions – Service to community leadership**

| Competency standard C2: Service to community leadership | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–2.1) Demonstrate commitment to serving the school and community as a professional member of the teaching profession | (C–2.1.1) Contribute actively to a range of school and community activities<br><br>(C–2.1.2) Demonstrate model behaviour as a eacher serving and working in school and community responsibly and accountably. |

**Area of Competence: Professional values and dispositions – Student–centred values**

| Competency standard C3: Promote quality and equity in education for all students | |
|---|---|
| **Minimum requirements** | **Indicators** |
| (C–3.1) Demonstrate a high regard for each student's right to education and treat all students equitably | (C–3.1.1) Show awareness of the right to education of every child and a commitment to nurturing the potential in each student<br><br>(C–3.1.2) Recognise the different social situations and background of students and treat all students equally |
| (C–3.2) Demonstrate respect for diversity of students and the belief that all students can learn according to their capacities | (C–3.2.1)Organise the classroom to encourage all students' participation in the lesson content, activities and interactions with the teacher |

| | |
|---|---|
| (ဂ)(၃.၃) ကျောင်းသားများမတူကွဲပြားသောယဉ်ကျေးမှုဓလေ့ထုံးစံများကိုနားလည်ပြီး ကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်း ရှိကြောင်းပြသသည်။ | (ဂ)(၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |

## ပညာရပ်နယ်ပယ် (ဃ) ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

ဤနယ်ပယ်သည် ဆရာများ၏ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည်။ ၎င်းတွင် ဆရာများ၏ အလေ့အကျင့်များ၊ စေ့ဆော်မှုများ၊ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများ၊ အတတ်ပညာစွမ်းဆောင်ရည်မြင့်မားမှုများနှင့် ဆက်စပ်သည့်လုပ်ဆောင်မှု များပါဝင်ပါသည်။ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်မြှင့်တင်မှုသည် ရပ်ရွာအတွင်း ခေါင်းဆောင်များအဖြစ် ဆရာများ၏အခန်းကဏ္ဍအရေးပါမှုကို မြှင့်တင်ပေးပါသည်။ ဆရာများ၏စာသင်ခန်း အတွင်းလုပ်ငန်းဆောင်ရွက်မှုများနှင့် ဆရာအတတ်ပညာ စဉ်ဆက်မပြတ် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုရန်သုတေသနဆိုင်ရာ လိုအပ်ချက်များကိုအလေးပေး ဖော်ပြထားပါသည်။

**တတ်ကျွမ်းမှုဧရိယာ – ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပြန်လည်ထင်ဟပ်သုံးသပ်သည့် အလေ့အကျင့်များ**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၁) မိမိ၏သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၁.၁) မိမိ၏လက်တွေ့သင်ကြားမှု လုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။ | (ဃ)(၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ်ထင်ဟပ်စဉ်းစားသုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှုအထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ)(၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့်ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်လက်များကိုအသုံးပြုသည်။<br><br>(ဃ)(၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာ အတတ်ပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် နယ်ပယ်များဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ် သည်။ |





| | |
|---|---|
| (C–3.3 )Demonstrate capacity to build students' understanding of different cultures and global citizenship | (C–3.3.1)Integrate concepts of sustainability, equality, justice and the rights and responsibilities of students into class and school activities |

## Domain D: Professional Growth and Development

This domain deals with teachers' continuing professional growth and development. It incorporates teachers' habits, motivation and actions related to their on–going learning and professional improvement. It advocates the importance of all teachers being aware of their role as leaders within the community and highlights the need for active research to support teachers' classroom performance and continuing professional development.

**Area of Competence: Professional growth and development – Reflective practices**

| Competency standard D1: Reflect on own teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–1.1) Regularly reflect on own teaching practice and its impact on student learning | (D–1.1.1) Use evidence of student learning to reflect on the impact of own teaching practice<br><br>(D–1.1.2) Use information from a variety of sources to improve teaching practice and student learning<br><br>(D1.1.3) Regularly reflect on a wide range of actions and experiences to identify areas for own continuous professional development as a teacher |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – ပူးပေါင်းဆောင်ရွက်သင်ယူမှု**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၂) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သောသုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာလက်ခံရယူသည်။<br><br>(ဃ)(၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင် သည်။<br><br>(ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်သည်။<br><br>(ဃ)(၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ်ပညာအဖွဲ့ အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည်။ |





**Area of Competence: Professional growth and development – Collaborative learning**

| Competency standard D2: Engage with colleagues in improving teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–2.1) Improve own teaching practice through learning from other teachers and professional development opportunities | (D–2.1.1) Discuss teaching practices with supervisors and colleagues, and willingly seek constructive feedback<br><br>(D–2.1.2) Participate in professional development activities related to identified goals for improving practice<br><br>(D–2.1.3) Establish goals for own professional development as a teacher<br><br>(D–2.1.4) Participate in professional activities conducted by school clusters and recognised professional associations |

**တတ်ကျွမ်းမှုနယ်ပယ် – ဆရာအတတ်ပညာဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု – သုတေသနပြုရန် ဦးဆောင် ဦးရွက်ပြုနိုင်သည့်စွမ်းရည်**

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ဃ–၃) သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများ တိုးတက် မြင့်မားရေး အတွက် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ | |
|---|---|
| **အနိမ့်ဆုံးလိုအပ်ချက်များ** | **အညွှန်းကိန်းများ** |
| (ဃ)(၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများတိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာသင်ယူမှုနှင့် သုတေသန အခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။ | (ဃ)(၃.၁.၁) မိမိ၏လက်တွေ့သင်ကြားမှုများ၊ တိုးတက်ကောင်းမွန်စေရန် ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။<br><br>(ဃ)(၃.၁.၂) အကြောင်းအရာဆိုင်ရာဗဟုသုတအချက်အလက်များနှင့် မိမိ၏ လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် အထက်တန်းပညာရေးနှင့် သင်ကြားရမည့် သီးသန့်ဘာသာရပ်များအတွက် လက်ရှိ ရေ့ရှုရာလမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် online သို့မဟုတ် offline သတင်းအချက်အလက်များကို ရှာဖွေရယူ၊ ခွဲခြမ်းစိတ်ဖြာသည်။ |

## ပါဝင်ရေးသားသူများ

ဤ TCSF ကိုပညာရေးဝန်ကြီးဌာနကတာဝန်ပေးအပ်သော TCSF လုပ်ငန်းအဖွဲ့က ရေးသားပြုစုခဲ့ပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင် (National Education Policy Commission– NEPC) က ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့ပါသည်။ TCSF မူကြမ်းပြုစုရေးလုပ်ငန်းစဉ်ကို ဩစတေးလျ၊ ဖင်လန်နှင့် ယူကေအစိုးရများ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသော လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေး တိုးမြှင့်ရေးစီမံကိန်း (Strengthening Pre–service Teacher Education in Myanmar–STEM project)မှတစ်ဆင့်ယူနက်စကို၏နည်းပညာအကူအညီကို ရယူဆောင်ရွက်ခဲ့ပါသည်။ ဩစတေးလျနိုင်ငံ ပညာရေးသုတေသနကောင်စီ၏ နည်းပညာပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် ဩစတေးလျအစိုးရတို့ ပူးတွဲဆောင်ရွက်အကောင်အထည်ဖော်နေသော မြန်မာပညာရေး အရည်အသွေး မြှင့်တင်မှုအစီအစဉ် (Myanmar Education Quality Improvement Program – My–EQIP) ကလည်း ဤ TCSF နောက်ဆုံးမူကြမ်းတွင် နည်းပညာအကူအညီများပံ့ပိုးခဲ့ပါသည်။





**Area of Competence: Professional growth and development – Initiative for research culture**

| Competency standard D3: Participate in professional learning to improve teaching practice | |
|---|---|
| **Minimum requirements** | **Indicators** |
| (D–3.1) Demonstrate understanding of the importance of inquiry and research–based learning to improve teaching practice | (D–3.1.1) Identify relevant professional learning material to improve own practice<br><br>(D–3.1.2) Search and analyse online or offline information on current trends and research based practices in upper secondary education and for specific subjects taught to improve one's own content knowledge and teaching practice |

## Contributors

This TCSF was developed by the MoE–assigned TCSF Working Group and reviewed by the National Education Policy Commission (NEPC), with technical assistance from UNESCO through the Strengthening pre–service Teacher Education in Myanmar (STEM) project, which is financially supported by the Governments of Australia, Finland and UK. Myanmar Education Quality Improvement Program (My–EQIP), which is a joint initiative of the Government of Myanmar and the Government of Australia, with technical support from the Australian Council for Educational Research, also provided technical input to this latest draft TCSF.

# ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်

## Teacher Competency Standards Framework (TCSF)

TCSF သည် ဆရာတတ်ကျွမ်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်မြင့်မားရေးအတွက် ပံ့ပိုးကူညီပါလိမ့်မည်။ ထိုမှတစ်ဆင့် မတူကွဲပြားမှုများရှိသော နိုင်ငံတွင် ဆရာ၊ ဆရာမများသည် ဘက်စုံဖွံ့ဖြိုးသော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များဖြစ်ရေးနှင့် မျိုးဆက်သစ်များကို အကောင်းဆုံးကူညီပံ့ပိုးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် TCSF နှင့် အတူ အနာဂတ်လမ်းကို ရှေ့ဆက်တက်လှမ်းကြပါစို့။

TCSF is designed to support the enhancement of both teacher competency and performance. Subsequently, in a country with diversity, teachers will help create an environment which promotes all around development for students, youths and the future generation. So, let’s step up together with TCSF.

## “ရှေ့ဆက်တက်လှမ်း အနာဂတ်လမ်း ပံ့ပိုးကူညီ လက်တွဲမည်”

## Let’s support each other and step up to the future

United Nations Educational, Scientific and Cultural Organization

ပညာ

Ministry for Foreign Affairs of Finland

Australian Aid

www.moe.gov.mm

ဥပဒေပြုသည့်အဖွဲ့ ပညာရေးဝန်ကြီးဌာန